http://www.dhammadownload.com

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန

အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

# အဘိဓမ္မာ ( တတိယဆင့် )

## [ သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်း ]

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

၁၉၇၇-ခုနှစ် မှ ၂၀၁၀-ခုနှစ်ထိ

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

(ဒုတိယအကြိမ်)

http://www.dhammadownload.com

# သဗ္ဗညုတဉာဏ်တော်အစွမ်း

၁။ သိရန်မှန်က ၊ မကျန်ရအောင်
လုံးဝစုံလင် ၊ အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား ၊ များအပြား၌
ဟောထားစဖွယ် ၊ နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် ၊ အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ ၊ များဝေနေ၏
ဣန္ဒြေစရိုက် ၊ သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် ၊ အကုန်မြင်
သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။

၄။ သဗ္ဗဉ်ဉာဏ်အား ၊ စွမ်းသုံးပါးကြောင့်
အများဝေနေ ၊ ကျွတ်လွတ်စေဖို့
မနေမနား ၊ သက်တော်အားဖြင့်
ကြီးမားလေဘိ ၊ ရှစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ၊ သယ်ယူဆောင်
ဘုန်းခေါင် ငါတို့ဘုရားတည်း။

တောင်မြို့ ၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

အဘိဓမ္မာစာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများနှင့် လေ့လာလိုသူများအတွက်

# ဓမ္မဗျူဟာ

## အဘိဓမ္မာ (တတိယဆင့်)

## [ သမုစ္စည်းပိုင်း ၊ ပစ္စည်းပိုင်း ၊ ကမ္မဋ္ဌာန်းပိုင်း ]

### မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၇၇-ခုနှစ် မှ ၂၀၁၀-ခုနှစ်အထိ

ဓမ္မဗျူဟာ ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)
သင်တန်းမှူး
(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် -
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက် -

ဒုတိယအကြိမ်၊ ၂၀၁၁-ခုနှစ်၊ ဒီဇင်ဘာလ

အုပ်ရေ (၂၀၀၀)

တန်ဖိုး (၁၀၀၀)ကျပ်

အတွင်းစာသားကြီးကြပ် - ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီနှင့် ဒီဇိုင်း - ဓမ္မဗျူဟာ-ဒေါ်ဌေးဌေးအောင်

ပုံနှိပ်သူ - ဦးဝင်းဇော် (မြဲ - ၀၇၄၉၇)
မိဘမေတ္တာပုံနှိပ်တိုက်
အမှတ်-၅၄၄၊ အင်းတော်လမ်း၊ စက်မှုဇုံ(၂)၊ တောင်ဒဂုံမြို့သစ်။

ထုတ်ဝေသူ - ဒေါ်ခင်မာရှိ၊ ပန်းဝေဝေစာပေ
အမှတ်-၃၆၀၊ ဗိုလ်အောင်ကျော်လမ်း။
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရာဌာန - ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လှူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေ သင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
(ဖုန်း- ၃၈၀၈၈၀၊ ၅၄၆၉၉၇)

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP) ၂၉၄.၃၈

ခင်လှတင်၊ ဒေါ် (မဟာသဒ္ဓမ္မဇောတိကဓဇ)
အဘိဓမ္မာ(တတိယဆင့်)၊ မေးခွန်းဟောင်းနှင့် စံပြအဖြေများ / ခင်လှတင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)။ -ရန်ကုန်။
ပန်းဝေဝေစာပေ၊ ၂၀၁၁၊ ဒီဇင်ဘာလ၊ ဒုတိယအကြိမ်
၁၄၆-စာ၊ (၁၆.၅ x ၂၀) စင်တီ
(၁) အဘိဓမ္မာ(တတိယဆင့်)၊ မေးခွန်းဟောင်းနှင့် စံပြအဖြေများ

http://www.dhammadownload.com

# မာတိကာ

## အဘိဓမ္မာ (တတိယဆင့်) သမုစ္စည်းပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ၁၉၇၇-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ မေးခွန်းဟောင်းများ | ၁ |
| ၂။ | ၁၉၈၉-ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၆ |
| ၃။ | ၁၉၉၀-ခုနှစ် 〃 | ၇ |
| ၄။ | ၁၉၉၁-ခုနှစ် 〃 | ၁၀ |
| ၅။ | ၁၉၉၂-ခုနှစ် 〃 | ၁၂ |
| ၆။ | ၁၉၉၃-ခုနှစ် 〃 | ၁၄ |
| ၇။ | ၁၉၉၄-ခုနှစ် 〃 | ၁၆ |
| ၈။ | ၁၉၉၅-ခုနှစ် 〃 | ၁၉ |
| ၉။ | ၁၉၉၆-ခုနှစ် 〃 | ၂၂ |
| ၁၀။ | ၁၉၉၇-ခုနှစ် 〃 | ၂၄ |
| ၁၁။ | ၁၉၉၈-ခုနှစ် 〃 | ၂၆ |
| ၁၂။ | ၁၉၉၉-ခုနှစ် 〃 | ၂၈ |
| ၁၃။ | ၂၀၀၀-ခုနှစ် 〃 | ၂၉ |
| ၁၄။ | ၂၀၀၁-ခုနှစ် 〃 | ၃၀ |
| ၁၅။ | ၂၀၀၂-ခုနှစ် 〃 | ၃၂ |
| ၁၆။ | ၂၀၀၃-ခုနှစ် 〃 | ၃၃ |
| ၁၇။ | ၂၀၀၄-ခုနှစ် 〃 | ၃၅ |
| ၁၈။ | ၂၀၀၅-ခုနှစ် 〃 | ၃၆ |
| ၁၉။ | ၂၀၀၆-ခုနှစ် 〃 | ၃၈ |
| ၂၀။ | ၂၀၀၇-ခုနှစ် 〃 | ၄၀ |
| ၂၁။ | ၂၀၀၈-ခုနှစ် 〃 | ၄၂ |
| ၂၂။ | ၂၀၀၉-ခုနှစ် 〃 | ၄၃ |
| ၂၃။ | ၂၀၁၀-ခုနှစ် 〃 | ၄၅ |

http://www.dhammadownload.com

## အဘိဓမ္မာ (တတိယဆင့်) ပစ္စည်းပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄။ | ၁၉၇၇-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ မေးခွန်းဟောင်းများ | ၄၇ |
| ၂၅။ | ၁၉၈၉-ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၅၁ |
| ၂၆။ | ၁၉၉၀-ခုနှစ် ။ | ၅၃ |
| ၂၇။ | ၁၉၉၁-ခုနှစ် ။ | ၅၅ |
| ၂၈။ | ၁၉၉၂-ခုနှစ် ။ | ၅၈ |
| ၂၉။ | ၁၉၉၃-ခုနှစ် ။ | ၅၉ |
| ၃၀။ | ၁၉၉၄-ခုနှစ် ။ | ၆၂ |
| ၃၁။ | ၁၉၉၅-ခုနှစ် ။ | ၆၃ |
| ၃၂။ | ၁၉၉၆-ခုနှစ် ။ | ၆၄ |
| ၃၃။ | ၁၉၉၇-ခုနှစ် ။ | ၆၆ |
| ၃၄။ | ၁၉၉၈-ခုနှစ် ။ | ၆၈ |
| ၃၅။ | ၁၉၉၉-ခုနှစ် ။ | ၇၀ |
| ၃၆။ | ၂၀၀၀-ခုနှစ် ။ | ၇၁ |
| ၃၇။ | ၂၀၀၁-ခုနှစ် ။ | ၇၂ |
| ၃၈။ | ၂၀၀၂-ခုနှစ် ။ | ၇၄ |
| ၃၉။ | ၂၀၀၃-ခုနှစ် ။ | ၇၆ |
| ၄၀။ | ၂၀၀၄-ခုနှစ် ။ | ၇၈ |
| ၄၁။ | ၂၀၀၅-ခုနှစ် ။ | ၇၉ |
| ၄၂။ | ၂၀၀၆-ခုနှစ် ။ | ၈၁ |
| ၄၃။ | ၂၀၀၇-ခုနှစ် ။ | ၈၂ |
| ၄၄။ | ၂၀၀၈-ခုနှစ် ။ | ၈၄ |
| ၄၅။ | ၂၀၀၉-ခုနှစ် ။ | ၈၅ |
| ၄၆။ | ၂၀၁၀-ခုနှစ် ။ | ၈၇ |

## အဘိဓမ္မာ (တတိယဆင့်) တမ္ပဋ္ဌာန်းပိုင်း


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | ၁၉၇၇-ခုနှစ် မှ ၁၉၈၈-ခုနှစ်ထိ မေးခွန်းဟောင်းများ | ၈၉ |
| ၄၈။ | ၁၉၈၉-ခုနှစ် မေးခွန်းဟောင်း နှင့် စံပြအဖြေများ | ၉၃ |
| ၄၉။ | ၁၉၉၀-ခုနှစ် 〃 | ၉၄ |
| ၅၀။ | ၁၉၉၁-ခုနှစ် 〃 | ၉၆ |
| ၅၁။ | ၁၉၉၂-ခုနှစ် 〃 | ၉၉ |
| ၅၂။ | ၁၉၉၃-ခုနှစ် 〃 | ၁၀၁ |
| ၅၃။ | ၁၉၉၄-ခုနှစ် 〃 | ၁၀၃ |
| ၅၄။ | ၁၉၉၅-ခုနှစ် 〃 | ၁၀၆ |
| ၅၅။ | ၁၉၉၆-ခုနှစ် 〃 | ၁၀၇ |
| ၅၆။ | ၁၉၉၇-ခုနှစ် 〃 | ၁၀၉ |
| ၅၇။ | ၁၉၉၈-ခုနှစ် 〃 | ၁၁၁ |
| ၅၈။ | ၁၉၉၉-ခုနှစ် 〃 | ၁၁၃ |
| ၅၉။ | ၂၀၀၀-ခုနှစ် 〃 | ၁၁၄ |
| ၆၀။ | ၂၀၀၁-ခုနှစ် 〃 | ၁၁၅ |
| ၆၁။ | ၂၀၀၂-ခုနှစ် 〃 | ၁၁၇ |
| ၆၂။ | ၂၀၀၃-ခုနှစ် 〃 | ၁၁၈ |
| ၆၃။ | ၂၀၀၄-ခုနှစ် 〃 | ၁၁၉ |
| ၆၄။ | ၂၀၀၅-ခုနှစ် 〃 | ၁၂၀ |
| ၆၅။ | ၂၀၀၆-ခုနှစ် 〃 | ၁၂၃ |
| ၆၆။ | ၂၀၀၇-ခုနှစ် 〃 | ၁၂၅ |
| ၆၇။ | ၂၀၀၈-ခုနှစ် 〃 | ၁၂၇ |
| ၆၈။ | ၂၀၀၉-ခုနှစ် 〃 | ၁၂၉ |
| ၆၉။ | ၂၀၁၀-ခုနှစ် 〃 | ၁၃၁ |

http://www.dhammadownload.com

http://www.dhammadownload.com

သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ (တတိယဆင့်)

# သမ္ဗန္ဓစည်းပိုင်း

## ( ၁၉၇၇–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၇–ခုနှစ်

၁။ ပရမတ္ထအစစ်(ဝတ္ထုဓမ္မ)များကို အကျဉ်းအားဖြင့် ရေတွက်ပြပြီးလျှင် ပါပသင်္ဂဟ ၉–ပါးကို ဖော်ပြပါ။

၂။ ကိလေသာ ၁၀–ပါးကို ရေတွက်ပြ၍ ဒိဋ္ဌိစေတသိက်တစ်ခုတည်းကို သီလဗ္ဗတပရာမာသ သံယောဇဉ်ဟုလည်းကောင်း၊ ကာယဂန္ထတရားဟုလည်းကောင်း၊ အတ္တဝါဒုပါဒါန်ဟုလည်းကောင်း ခွဲခြား၍ ဟောရပုံကို သကြိုက်လာအတိုင်း ဖော်ပြပါ။

၃။ မိစ္ဆာမဂ္ဂင်နှင့် သမ္မာမဂ္ဂင်များကို ခွဲခြားရေတွက်၍ သမ္မာသမာဓိနှင့် မိစ္ဆာသမာဓိတို့၏ ခြားနားချက်ကို ဖော်ပြပါ။

၄။ ဣန္ဒြေ ၂၂–မျိုးကို အောက်ပါအတိုင်း ရေတွက်ပြပါ။
   (က) ရုပ်သက်သက် ဣန္ဒြေ၊
   (ခ) နာမ်သက်သက် ဣန္ဒြေ၊
   (ဂ) ရုပ်နာမ် ၂–မျိုးရောသော ဣန္ဒြေ၊

၅။ ဗောဓိပက္ခိယသင်္ဂဟ၌ သင်္ဂဟ ၇–မျိုးကို ရေတွက်၍ သမ္မပ္ပဓာန်တရား ၄–ပါးကို ရေးသားပြပါ။

### ၁၉၇၈–ခုနှစ်

၁။ အာသဝ၊ ဂန္ထ၊ ဥပါဒါန်တရားများကို ရေတွက်ပြ၍ အသီးသီး တရားကိုယ်အရ ကောက်ပြပါ။

၂။ ကေဂ္ဂတာသည် မည်သည့်စိတ်များနှင့်ယှဉ်ခိုက် မဂ္ဂင်ဟု ခေါ်ဆိုခြင်းငှာ မထိုက်ပါသနည်း။ ထိုစိတ်များကို ရေတွက်ပြပါ။

၃။ ဗောဓိပက္ခိယသင်္ဂဟ၌ သတိစေတသိက်နှင့် ပညာစေတသိက်တို့ ပါဝင်သော ဌာနများကို ရေတွက်ပြပါ။

http://www.dhammadownload.com



၄။ စိတ်ကိုခေတ်အားဖြင့် ရေတွက်ပြ၍ အရိယသစ္စာ ၄–ပါးမှ လွတ်သော တရားများကို ရေတွက်ပြပါ။

## ၁၉၇၉–ခုနှစ်

၁။ သဂြိုဟ်ကျမ်းလာ အကုသလသင်္ဂဟ ၉–ဌာနတို့တွင် လောဘစေတသိက်ကို ကောက်ရသော တရားများကို စုံလင်စွာ ဖော်ပြပြီးလျှင် သံယောဇဉ်သာဖြစ်၍ ကိလေသာမဖြစ်သော စေတသိက်များကိုလည်း ရှင်းပြပါ။

၂။ အကြီးအမှူး ဖြစ်နိုင်သော အဓိပတိတရားလေးပါးကို ရေတွက်ပြ၍ စိတ္တာဓိပတိ၌ အဓိပတိ ထိုက်သောစိတ်များကို ဖော်ပြခဲ့ပါ။

၃။ ဗောဓိဉာဏ်၏အင်္ဂါရပ်များ ဖြစ်ကြသော ဗောဇ္ဈင် ၇–ပါးကို ရေတွက်ပြ၍ အဓိပ္ပါယ်ကိုလည်း တစ်ခုစီ ရှင်းလင်း ရေးသားခဲ့ပါ။

၄။ အရေးကြီးဆုံးဖြစ်သော သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာမည်သောတရား၊ သမုဒယသစ္စာ မည်သောတရား၊ နိရောဓသစ္စာမည်သောတရား၊ မဂ္ဂသစ္စာမည်သောတရားများကို အသီးသီး ညွှန်ပြခဲ့ပါ။

## ၁၉၈၀–ခုနှစ်

၁။ လူတို့အား ပူပန်စေတတ်၊ နှိပ်စက်တတ်သော ကိလေသာတရားများကို ရှင်းလင်း ဖော်ပြခဲ့ပါ။

၂။ မဂ္ဂင်ဟုဆိုတိုင်း နတ်ရွာနိဗ္ဗာန် ရောက်ကြောင်းတရားဟု မှတ်ရမည်လော၊ သဂြိုဟ် အထောက်အထားဖြင့် ပြဆို၍ သီလ–သမာဓိ–ပညာ ဟူသောစကား၌ ပါရှိသော သမာဓိ ၏ တရားကိုယ်ကို ဖော်ပြခဲ့ပါ။

၃။ ဗောဓိပက္ခိယတရား ၃၇–ပါးကို ရေတွက်ပြ၍ ထိုတရားတို့ မရှိဘဲ ဗောဓိဉာဏ်ကို ရနိုင်–မရနိုင် ဖော်ပြခဲ့ပါ။

၄။ လူ၏ ကိုယ်ခန္ဓာအဖွဲ့အစည်းအတွင်း၌ နိဗ္ဗာန် ပါရှိနေပါသလော၊ အဘိဓမ္မာအမြင်အရ ရှင်းလင်းပြခဲ့ပါ။

## ၁၉၈၁–ခုနှစ်

၁။ ဥပါဒါန်တရား ၄–ပါး ဖော်ပြ၍ ငါ့အယူသာ မှန်သည်၊ ရှေးအယူတွေ မမှန်ဟု တယူသန် စွဲလမ်းခြင်းသည် မည်သည့် ဥပါဒါန်မျိုးဖြစ်ကြောင်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၂။ လူတို့၌ အမြဲတမ်း ကိန်းဝပ်တည်နေသော အနုသယတရားများကို ဖော်ပြ၍ ထိုအနုသယ တရားတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။

၃။ ဣန္ဒြေရှိသည်– ဣန္ဒြေမဲ့သည်ဟု ဆိုကြရာ၌ ဣန္ဒြေ ၂၂–ပါးတို့တွင် ရိုးရိုးလူတစ်ဦးအား ရှိနိုင်သော ဣန္ဒြေများကို ရေတွက်ဖော်ပြပါ။

## ၁၉၈၂–ခုနှစ်

၁။ ယခု လက်ရှိလူသားများ၌ အစဉ်မပြတ် ကိန်းဝပ်တည်ရှိနေသော အနုသယတရားကိုယ် များကို အဘိဓမ္မာနည်းပညာအရ ရှာဖွေ စိစစ်ဖော်ပြပါ။

၂။ သိပ္ပံခေတ်ပေါ် စက်ရုပ်များကဲ့သို့ လူသားသည်လည်း စက်ရုပ်တစ်မျိုးသာဖြစ်ကြောင်းကို သိသာထင်ရှားစေရန် လူ၌ ဖွဲ့စည်းတည်ဖြစ်နေသော ဓာတ် ၁၈–ပါးကို ခွဲခြားဖော်ပြပါ။

၃။ လောက၌ အမှန်တရားကို ရှာဖွေ စုံစမ်းနေကြသောသူများသည် အဘယ်တရားမျိုးကို တွေ့မှ အမှန်တရားကို တွေ့သည်ဟု ဆိုနိုင်ပါသနည်း။ အဘိဓမ္မာသင်္ဂြိုဟ်အရ ဖော်ပြပါ။

## ၁၉၈၃–ခုနှစ်

၁။ အောက်ပါတရားများကို ဖြေဆိုပါ။

(က) ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင် ၄–ပါး။

(ခ) ရှက်ကြောက်ကင်းငြား အကြမ်းဖက်သမားများ၏ ဗလစွမ်းအင်နှစ်ပါး။

၂။ လူ့ဒုက္ခမှ လွတ်ကင်းရန် သမ္ပပ္ပဓာန် ဖွဲသန်သန်ဖြင့် အလုပ်လုပ်နေသော လူကောင်း လူတော်တစ်ယောက်၏ လုပ်ငန်းလေးရပ်ကို ဖြေဆိုပါ။

၃။ အရိယာတို့သာ သိမြင်နိုင်သော သစ္စာ ၄–ပါး အစစ်အမှန်တရား၏ တရားကိုယ်အစစ် တရားနှစ်ကို ဖော်ပြပါ။

## ၁၉၈၄–ခုနှစ်

၁။ ''ပညာမျက်စိကို ဖုံးလွှမ်းတတ်သော တရားသရုပ်''ကို အစဉ်ကျကျ ထုတ်ပြ၍ ကိလေသာ ၁၀–ပါးကိုလည်း ရေတွက်ပြပါ။

၂။ စားဖွယ်သောက်ဖွယ်၌ပါသော သြဇာသည်သာ အာဟာရဖြစ်လေသလော၊ အကယ်၍ တခြား အာဟာရများ ရှိခဲ့လျှင် ဖော်ပြ၍၊ ထိုအာဟာရတို့၏ တရားကိုယ်နှင့် စွမ်းဆောင် ချက်တို့ကိုလည်း အသီးသီး ရေးပြပါ။

http://www.dhammadownload.com



၃။ လုပ်အားတန်ဖိုး မချစ်မြတ်နိုးသော လူပျင်းတစ်သိုက်၌ မရထိုက်သော တရားသရုပ်ကို အစဉ်ကျကျ ထုတ်ပြပါ။

## ၁၉၈၅–ခုနှစ်

၁။ သတ္တဝါတို့ကို တုပ်နှောင်ရစ်ပတ် ထုံးဖွဲ့တတ်သော တရားများ မည်မျှရှိပါသနည်း။

၂။ မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်း၊ မူးယစ်ဆေးဝါးစွဲခြင်းတို့သည် မည်သည့် ဥပါဒါန်မျိုး ဖြစ်ပါသနည်း။ ဖော်ပြပြီးလျှင် သင်သိသမျှ ဥပါဒါန်တို့ကိုလည်း ဖြေဆိုပါ။

၃။ "မိန်းမကောင်းက္ခန္ဓေ ရွှေပေးလို့ မရ" ဟူ၍ မြန်မာ့ဓလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ မိန်းကလေးများ ရကောင်းသော က္ခန္ဓေတို့ကို–

(က) ရုပ်က္ခန္ဓေ၊

(ခ) နာမ်က္ခန္ဓေ၊

(ဂ) ရုပ်နာမ်က္ခန္ဓေအားဖြင့် အသီးသီး ခွဲခြားပြပါ။

၄။ အရိယာမဂ်ဟူသော ဗောဓိဉာဏ်၏ အဆောက်အဦ အသင်းအပင်းဖြစ်သော တရားတို့ကို ဖော်ပြပြီးလျှင် ထိုတရားများ၌ ပါဝင်သော ကေဂ္ဂတာ (သမာဓိ)တရား၏ ဖြစ်ရာဌာနများကိုလည်း ဖြေဆိုပါ။

## ၁၉၈၆–ခုနှစ်

၁။ သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် အတင်း ဖွဲ့နှောင် ရစ်ပတ် တွယ်တာစေတတ်သော တရားများကို သိသမျှ ထုတ်ပြ၍ ယင်းတရားများ၏ ပရမတ်အလို တရားကိုယ်များကိုလည်း ဖော်ပြပါ။

၂။ လူလိမ္မာ လူသူတော်ကောင်းဖြစ်စေရန် အဘယ်လမ်းကြောင်းပေါ် လျှောက်လှမ်းရမည်ကို ဖော်ပြ၍၊ ရဟန္တာပုဂ္ဂိုလ်သန္တာန်၌သာဖြစ်သော က္ခန္ဓေကိုလည်း ညွှန်ပြပါ။

၃။ "သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်"ဟူသော စကားအရ မြူမှုန်သမျှ မြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်နည်း။ ညွှန်ပြပါ။

၄။ ဗောဓိမည်ငြား မြတ်တရား၏ အစိတ်အပိုင်းဖြစ်သော တရားများကို ထုတ်ပြ၍ သက်ပ္ပနှင့် ပီတိတို့ မဖြစ်သော လောကုတ္တရာစိတ်များကိုလည်း ဖော်ပြပါ။

http://www.dhammadownload.com



## ၁၉၈၇–ခုနှစ်

၁။ မွန်မြတ်သန့်ရှင်း အပြစ်ကင်းသော အလုပ်များကို မလုပ်မိစေရန်နှင့် ကောင်းသောအကျိုး အာနိသင်များကို မရရှိစေရန် တားဆီး ပိတ်ပင်တတ်သော တရားများကို ထုတ်ပြ၍ "လိုတာ မရ၊ ရတာ မလို၊ မျက်ထားညိုကာ" စိတ်ညစ်နွမ်း ပူပန်နေသူ၌ ဖြစ်ပေါ်နေသော တရားများကိုလည်း ဖော်ပြပါ။

၂။ အာရုံတစ်ပါး စိတ်မသွားဘဲ မိမိပြုလုပ်သော အမှုကိစ္စ၌သာ စူးစူးစိုက်စိုက် အာရုံဆိုက်ရောက် နေသူကို "သည်လူ ဈာန်ဝင်နေသည်"ဟု လောက၌ ပြောတတ်ကြရာ အမှန်တကယ် "ဈာန်ဝင်ခြင်း" ဟုတ်–မဟုတ် အဘိဓမ္မာသဘော စစ်ကြောဝေဖန်ပြပြီး ထိုဈာန်အစစ်၏ အင်္ဂါတို့ကိုလည်း ကုန်စင်အောင် ညွှန်ပြခဲ့ပါ။

၃။ ပြည်တွင်း–ပြည်ပရန်နှင့် ကိုယ်တွင်း–ကိုယ်ပရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ တိုက်ဖျက်ချေမှုန်း သုတ်သင်နိုင်ရန် မည်သည့်တရားများ ဆောင် ထားရမည်ကို အဘိဓမ္မာလာသည့်အတိုင်း အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

၄။ မကောင်းမှုကို ပယ်ရှောင်၊ ကောင်းမှုကို သယ်ဆောင်လျက် ဤလူ့ဘောင်ဝယ် တစ်ဆင့် ထက် တစ်ဆင့် တိုးတက်မြင့်မား ကြီးပွားချမ်းသာလိုသူတိုင်း အလိုရှိအပ်သော တရားဓမ္မ များကို အတိအကျ ညွှန်ပြ၍ မဂ်ပေါက်– ဖိုလ်ဝင် နိဗ္ဗာန်ရောက်ကြောင်း မတိမ်းစောင်း သည့် လမ်းကောင်းအစစ်ကိုလည်း ညွှန်ပြပါ။

## ၁၉၈၈–ခုနှစ်

၁။ မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား ဝဋ်ဆင်းရဲ၌ ဆွဲသွင်း နစ်မြုပ် တတ်သောတရားများကို ဖော်ပြ၍ အတ္တဝါဒုပါဒါန်တရား၏ တရားကိုယ်ကိုလည်း ဖြေဆိုပါ။

၂။ လူမှာရှိသော ရုပ်က္ခန္ဓာများကို တရားကိုယ်နှင့်တကွ ဖော်ပြပါ။

၃။ ကိုယ်ခန္ဓာ ဖွံ့ဖြိုးရေးအတွက် ကလေးများကို အာဟာရတိုက်ကျွေးကြရာ အစားအစာကို သာ အာဟာရဟု ဆိုပါသလော၊ အခြား အာဟာရများ ရှိသေးက ထုတ်ပြ၍၊ ကုသိုလ် တရား တိုးပွားအောင် ကြိုးစားမှုသည် အဘယ်တရားဖြစ်ပါသနည်း၊ တိကျစွာ ဖြေပါ။

၄။ သိပ္ပံနည်းဖြင့် ရေကိုခွဲလျှင် ဓာတ် ၂–မျိုးရသကဲ့သို့ အဘိဓမ္မာနည်းဖြင့် ရေကို ဓာတ်ခွဲကြည့်လျှင် ဓာတ်ဘယ်နှစ်မျိုး ရနိုင်သနည်း။ ရနိုင်သော ဓာတ်အမည်များကို ဖော်ပြပါ။

http://www.dhammadownload.com



သာသနာရေးဦးစီးဌာန၏

# အဘိဓမ္မာ ( တတိယဆင့် )

# သမုစ္စည်းပိုင်း

## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ်ထိ )

## မေးခွန်းဟောင်း နှင့် စံပြအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့ နှောင်ယှဉ်စပ်တတ်သော တရားများကို အဘိဓမ္မာ နည်းအရ ထုတ်ပြပြီးလျှင် "လူ့ အသက်"ဟု ခေါ်ဆိုနိုင်သော ဣန္ဒြေကိုလည်း ဖြေဆိုပါ။

အဘိဓမ္မာနည်းအရ သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် နှောင်ဖွဲ့ယှဉ်စပ်တတ်သော တရားများမှာ–

(က) ကာမယောဂ၊

(ခ) ဘဝယောဂ၊

(ဂ) ဒိဋ္ဌိယောဂ၊

(ဃ) အဝိဇ္ဇာယောဂ ဟူသော ''ယောဂတရား ၄–ပါး'' ဖြစ်ပါသည်။

လူ့အသက်ဟု ခေါ်ဆိုနိုင်သော ဣန္ဒြေမှာ–

ဇီဝိတိန္ဒြေ ဖြစ်ပါသည်။

တရားကိုယ်အားဖြင့်– ရုပ်အသက် (ရုပ်ဇီဝိတ)နှင့် နာမ်သက် (ဇီဝိတိန္ဒြေစေတသိက်) ၂၀–ပါး ဖြစ်ပါသည်။

**၂** ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်သော တရားများကို ရေးသားပြီးလျှင် "အာဟာရ"၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြပါ။

ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်သော တရားများမှာ–

(၁) ဆန္ဒာဓိပတိ

(၂) စိတ္တာဓိပတိ

http://www.dhammadownload.com



(၃) ဝီရိယာဓိပတိ
(၄) ဝီမံသာဓိပတိ ဟူသော ''အဓိပတိတရား ၄–ပါး'' ဖြစ်ပါသည်။

''အာဟာရ''ဆိုသည်မှာ–

အစာအာဟာရသည် ခန္ဓာကိုယ်အား မပျက်မစီး ကြီးပွားခိုင်ခံ့အောင် ရှက်ဆောင်ထောက်ပံ့ထားသကဲ့သို့ ထိုအတူ မိမိဆိုင်ရာ အကျိုးကို လွန်စွာ ဖြစ်စေနိုင်၊ ရှက်ဆောင်ပေးနိုင်သော တရားကို ''အာဟာရ''ဟု ခေါ်ပါသည်။

❷ ခေတ်ကာလ ဘဝအခြေအနေမည်သို့ပင် ပြောင်းလဲစေကာမူ တိမ်းစောင်းခြင်းမရှိ၊ တည့်မတ်မှန်ကန်သော တရားများကို ထုတ်ပြပြီးလျှင် နိဗ္ဗာန်၏ ဓာတ်အမည်ကိုလည်း ညွှန်ပြပါ။

ခေတ်ကာလ ဘဝအခြေအနေ မည်သို့ပင် ပြောင်းလဲစေကာမူ တိမ်းစောင်းခြင်းမရှိ၊ တည့်မတ် မှန်ကန်သော တရားများမှာ–

(၁) ဒုက္ခအရိယသစ္စာ (ဒုက္ခသစ္စာ)
(၂) ဒုက္ခသမုဒယအရိယသစ္စာ (သမုဒယသစ္စာ)
(၃) ဒုက္ခနိရောဓအရိယသစ္စာ (နိရောဓသစ္စာ)
(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ (မဂ္ဂသစ္စာ)

ဟူသော ''အရိယသစ္စာတရား ၄–ပါး'' တို့ဖြစ်ပါသည်။

နိဗ္ဗာန်၏ဓာတ်အမည်မှာ = ဓမ္မဓာတ် ဖြစ်ပါသည်။

---

## ၁၉၉၀–ခုနှစ်

❶ သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိနေသော တရားအစုတို့ကို ဖော်ပြ၍ သီလဗ္ဗတပရာမာသ၏ အဓိပ္ပာယ်ကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိသော ''အနုသယ''တရားစုတို့မှာ–

(၁) ကာမရာဂါနုသယ၊
(၂) ဘဝရာဂါနုသယ၊
(၃) ပဋိဃာနုသယ၊
(၄) မာနာနုသယ၊

http://www.dhammadownload.com



(၅) ဒိဋ္ဌာနုသယ၊
(၆) ဝိစိကိစ္ဆာနုသယ၊
(၇) အဝိဇ္ဇာနုသယ တို့ဖြစ်ပါသည်။

**သီလဗ္ဗတပရာမာသ၏ အဓိပ္ပာယ်မှာ–**

''နွား၊ ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာမှ စင်ကြယ်၏၊ သံသရာမှ လွတ်မြောက်၏''ဟု မှားယွင်းစွာ သုံးသပ် စွဲလမ်းသော ဒိဋ္ဌိအယူ ဖြစ်ပါသည်။

**၂** အမှန်လေးချက် သစ္စာနက်ကို သိမြင်စေကြောင်း တရားအပေါင်းကို တရားကိုယ်များနှင့်တကွ ယှဉ်တွဲဖော်ပြပါ။

အမှန်လေးချက် သစ္စာနက်ကို သိမြင်စေကြောင်း တရားအပေါင်းကား– ''ဗောဇ္ဈင် တရား ၇–ပါး''ပင် ဖြစ်ပါသည်၊ ထိုတရား ၇–ပါးကို တရားကိုယ်များနှင့်တကွ ယှဉ်တွဲ ဖော်ပြရသော်–

| ဗောဇ္ဈင် ၇–ပါး | | တရားကိုယ် |
|---|---|---|
| (၁) သတိသမ္ဗောဇ္ဈင် | = | သတိစေတသိက် |
| (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် | = | ပညာ(ပညိန္ဒြေ)စေတသိက် |
| (၃) ဝီရိယသမ္ဗောဇ္ဈင် | = | ဝီရိယစေတသိက် |
| (၄) ပီတိသမ္ဗောဇ္ဈင် | = | ပီတိစေတသိက် |
| (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် | = | ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက် ၂–ပါး |
| (၆) သမာဓိသမ္ဗောဇ္ဈင် | = | ဧကဂ္ဂတာစေတသိက် |
| (၇) ဥပေက္ခာသမ္ဗောဇ္ဈင် | = | တတြမဇ္ဈတ္တတာစေတသိက် |

အထက်ပါ သတိစေတသိက် စသောတရားကိုယ်တို့သည် မဟာကုသိုလ်, ကြိယာ ၁၆–ပါး၊ အပ္ပနာဇော–၂၆၊ ပေါင်း ၄၂–ပါးသော စိတ်တို့၌ ယှဉ်သော စေတသိက်များ ဖြစ်ကြပါသည်။

**၃** သတ္တဝါတို့အား ကောင်းမှု မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော်စေတတ်သော အကြောင်းရင်းတရားကို ထုတ်ပြ၍ အောက်ပါတို့၏ တရားကိုယ်များကိုလည်း ကောက်ပြခဲ့ပါ။ (က) အနညာတညဿာမိတိန္ဒြေ၊ (ခ) အညာတာဝိန္ဒြေ

http://www.dhammadownload.com



သတ္တဝါတို့အား ကောင်းမှုကံကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော်စေတတ်သော အကြောင်းရင်းတရားတို့မှာ–

(၁) အလောဘဟိတ်၊
(၂) အဒေါသဟိတ်၊
(၃) အမောဟဟိတ် ဟူသော "ကုသိုလ်ဟိတ် ၃–ပါး"တို့ ဖြစ်ကြပါသည်။

မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေး လှုံ့ဆော်စေတတ်သော အကြောင်းရင်းတရားတို့မှာ–

(၁) လောဘဟိတ်၊
(၂) ဒေါသဟိတ်၊
(၃) မောဟဟိတ် ဟူသော "အကုသိုလ်ဟိတ် ၃–ပါး" တို့ဖြစ်ကြပါသည်။

(က) အနညာတညဿာမိတိန္ဒြေ၏ တရားကိုယ်မှာ–
သောတာပတ္တိမဂ်ခဏ၌ ယှဉ်သောပညာ (ပညိန္ဒြေ)စေတသိက်၊

(ခ) အညာတာဝိန္ဒြေ၏တရားကိုယ်မှာ–
အရဟတ္တဖိုလ်၌ ယှဉ်သောပညာ (ပညိန္ဒြေ)စေတသိက်တို့ ဖြစ်ကြပါသည်။

❾ မြတ်စွာဘုရား ဟောကြားအပ်သော တရားအပေါင်းတို့တွင် "သစ္စာလေးပါးမှ လွတ်သော တရား မည်သည်မရှိ" ဟူ၍ ဆိုရိုးစကားရှိရာ သစ္စာမမည်သော တရားများ ရှိကောင်းပါသလော၊ အကြောင်းပြ ဖြေဆိုပါ။

မြတ်စွာဘုရားဟောကြားအပ်သော တရားအပေါင်းတို့တွင် "သစ္စာလေးပါးမှ လွတ်သော တရား မည်သည်မရှိ" ဟူ၍ ဆိုရိုးစကားရှိရာ–

(ပရမတ္ထ)တရားအားလုံးသည် – ပရိယာယ်အားဖြင့် ယူခြင်းဖြင့်သာလျှင် သစ္စာ ၄–ပါး၌ အကြွင်းမရှိ ပါဝင်နိုင်ပါသည်။

– မုချအားဖြင့်မူ သစ္စာမမည်သော တရားများ ရှိကောင်းပါသည်။

http://www.dhammadownload.com



အကြောင်းပြရသော်– သစ္စာ ၄–ပါးကို တရားကိုယ် ကောက်ယူပါက–

(၁) ဒုက္ခသစ္စာ အရ – လောကီစိတ်–၈၁၊ လောဘကြဉ်သော စေတသိက် ၅၁–ပါး၊ ရုပ် ၂၈–ပါး၊

(၂) သမုဒယသစ္စာ အရ – တဏှာ (လောဘ) စေတသိက်၊

(၃) နိရောဓသစ္စာ အရ – နိဗ္ဗာန်၊

(၄) မဂ္ဂသစ္စာ အရ – မဂ်စိတ် ၄–ပါး၌ ယှဉ်သောမဂ္ဂင်တရားကိုယ် ၈–ပါး တို့ကို အသီးသီးရ၏။

ဤသို့အားဖြင့် ပရမတ္ထတရား ၄–ပါးတွင် လောကီစိတ်နှင့် စေတသိက်၊ ရုပ် ၂၈–ပါး နိဗ္ဗာန်နှင့် မဂ်စိတ်၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈–ပါးတို့သည် အသီးသီး သစ္စာမည်ကြ၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉–ပါးနှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးတို့မှာ–

သစ္စာ ၄–ပါး၏ တရားကိုယ် ကောက်ယူရာတွင် မပါဝင်သဖြင့် သစ္စာ မမည်သော (သစ္စဝိမုတ်) တရားများ ဖြစ်ကြပါသည်။

[မဂ်စိတ္တုပ္ပါဒ် ၂၉–ပါး

မဂ်စိတ် ၄–ပါး၌ စိတ်အသီးသီးတွင် ယှဉ်သော စေတသိက် ၃၆–ပါးမှ မဂ္ဂင်တရား ကိုယ် ၈–ပါးကို နုတ်က စေတသိက် ၂၈–ပါး ကျန်၏။ မဂ်စိတ် ၄–ပါးကို လက္ခဏာတူ၍ တစ်ပါးတည်းပြုပြီး ထိုစေတသိက် ၂၈–ပါးနှင့်ပေါင်းက မဂ်စိတ္တုပ္ပါဒ် ၂၉–ပါး ရ၏။

ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါး

ဖိုလ်စိတ် ၄–ပါး၌ယှဉ်သော စေတသိက် ၃၆–ပါးနှင့် ဖိုလ်စိတ် ၄–ပါးကို လက္ခဏာ တူ၍ တစ်ပါးတည်းပြုကာ ပေါင်းက ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးကို ရ၏။]

---

၁၉၉၁–ခုနှစ်

၁ "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်"ဟူသောစကားအရ သတ္တဝါတို့ အလွန်စွဲလမ်းတတ်သော တရား လေးပါးကို ထုတ်ဖော်ပြ၍၊ တိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသော ပုဂ္ဂိုလ်အား အဘယ်ဥပါဒါန် ဖြစ်သည်ကို ရှင်းပြခဲ့ပါ။

"ဥပါဒါန်ကြောင့် ဥပါဒ်ရောက်" ဟူသောစကားအရ သတ္တဝါတို့ အလွန်စွဲလမ်းတတ် သော တရားလေးပါးမှာ–

http://www.dhammadownload.com



(၁) ကာမုပါဒါန်၊
(၂) ဒိဋ္ဌုပါဒါန်၊
(၃) သီလဗ္ဗတုပါဒါန်၊
(၄) အတ္တဝါဒုပါဒါန် ဟူသော ဥပါဒါန်တရား ၄-ပါးတို့ဖြစ်ပါသည်။

တိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့် နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသော ပုဂ္ဂိုလ်အား-

သီလဗ္ဗတုပါဒါန် ဖြစ်ပါသည်။ အကြောင်းမှာ-

"နွား, ခွေး စသောတိရစ္ဆာန်တို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှလည်း စင်ကြယ်၏၊ သံသရာမှလည်း လွတ်မြောက်၏"ဟု မှားယွင်းသော အယူကို သုံးသပ် စွဲလမ်းမှုသည် "သီလဗ္ဗတပရာမာသဒိဋ္ဌိ" မည်သောကြောင့် ထိုအကျင့်မျိုးကို ခိုင်မြဲစွာ စွဲယူ၍ နိဗ္ဗာန်ရောက်အောင် ကျင့်ကြံသောပုဂ္ဂိုလ်အား "သီလဗ္ဗတုပါဒါန်" ဖြစ်ပါသည်။

**၂** သတ္တဝါတို့၏ စိတ်ကို ညစ်နွမ်း၊ ပူလောင်စေတတ်သော တရားစုကို ထုတ်ပြ၍ "ဣာဒ်သစ္စာဘိနိဝေသကာယဂန္ထ"၏ တရားကိုယ်ကိုလည်း ကောက်ပြခဲ့ပါ။

သတ္တဝါတို့၏ စိတ်ကို ညစ်နွမ်း၊ ပူလောင်စေတတ်သော တရားစုမှာ- "ကိလေသာ" အမည်ရသော-

(၁) လောဘ (၆) ဝိစိကိစ္ဆာ
(၂) ဒေါသ (၇) ထိန
(၃) မောဟ (၈) ဥဒ္ဓစ္စ
(၄) မာန (၉) အဟိရိက
(၅) ဒိဋ္ဌိ (၁၀) အနောတ္တပ္ပ-ဟူသော

တရား ၁၀-ပါးတို့ ဖြစ်ကြပါသည်။

"ဣဒံသစ္စာဘိနိဝေသကာယဂန္ထ" တရားကိုယ်မှာ-

လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက် ဖြစ်ပါသည်။

(အယူမှား-မိစ္ဆာအယူအကျင့်တစ်မျိုးကို စွဲယူ ကျင့်သုံးပြီးလျှင် "ဤငါ၏ အယူသာ မှန်၏၊ တစ်ပါးသူတို့၏အယူ မမှန်၊ အချည်းနှီးတည်း"ဟု မှားယွင်းစွာ စွဲလမ်းတတ်သော အမြင်မှားမှု(ဒိဋ္ဌိ) ဖြစ်၏။)

http://www.dhammadownload.com



❸ အရိယာတို့သာ သိစေအပ်သော စင်စစ်ကေန် မှန်သောတရားများကို တရားကိုယ်များနှင့် တကွ ထုတ်ဖော်ပြ၍၊ ခန္ဓာမဖွဲ့ရသော တရားကိုလည်း ညွှန်ပြခဲ့ပါ။

အရိယာတို့သာ သိစေအပ်သော စင်စစ်ကေန် မှန်သောတရားများမှာ–
အရိယသစ္စာ ၄–ပါး ဖြစ်ပါသည်။

ယင်းတို့ကို တရားကိုယ်များနှင့်တကွ ဖော်ပြသော်–

| အရိယသစ္စာ ၄–ပါး | တရားကိုယ် |
|---|---|
| (၁) ဒုက္ခ အရိယသစ္စာ | – လောကီစိတ်–၈၁၊ လောဘကြဉ်သော စေတသိက် ၅၁–ပါး၊ ရုပ် ၂၈–ပါး။ |
| (၂) ဒုက္ခသမုဒယ အရိယသစ္စာ | – တဏှာ (လောဘ)စေတသိက်၊ |
| (၃) ဒုက္ခနိရောဓ အရိယသစ္စာ | – နိဗ္ဗာန်၊ |
| (၄) ဒုက္ခနိရောဓဂါမိနိပဋိပဒါ အရိယသစ္စာ | – မဂ်စိတ် ၄–ပါး၌ ယှဉ်သော မဂ္ဂင်တရားကိုယ် ၈–ပါး။ |

ခန္ဓာမဖွဲ့ရသော (ပရမတ္ထ)တရားမှာ – နိဗ္ဗာန် ဖြစ်ပါသည်။

---

## ၁၉၉၂–ခုနှစ်

❶ လူသားအားလုံးတို့သည် အချုပ်အားဖြင့် ရုပ်၊ နာမ်ပရမတ္ထမျှသာ ဖြစ်၏၊ ယင်းပရမတ္ထတို့တွင် မိမိတို့၏ မှတ်ကြောင်း လက္ခဏာဖြင့် အထူး ထင်ရှား၍ အထည်ကိုယ်ဝတ္ထု ရကောင်းသော ရုပ်, နာမ်တို့ကို ရွေးချယ် စိစစ်ပြပြီး၊ နိဗ္ဗာန်သည် အထည်ကိုယ်ရ ဝတ္ထုဓမ္မ ဟုတ်,မဟုတ် စစ်တမ်းထုတ်ပြပါ။

လူသားအားလုံး၌ ရှိသော ပရမတ္ထတရားတို့တွင် မိမိတို့၏ မှတ်ကြောင်းလက္ခဏာဖြင့် အထူးထင်ရှား၍ အထည်ကိုယ်ဝတ္ထု ရကောင်းသော ရုပ်၊ နာမ်တို့မှာ–

| | | | |
|---|---|---|---|
| (က) | စိတ် | = | ၁–ပါး |
| (ခ) | စေတသိက် | = | ၅၂–ပါး |
| (ဂ) | နိပ္ဖန္နရုပ် | = | ၁၈–ပါး တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



နိဗ္ဗာန်သည် အထည်ကိုယ်ရ ဝတ္ထုဓမ္မတရား ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော်- နိဗ္ဗာန်သည် ငြိမ်းအေးခြင်း (သန္တိလက္ခဏာ)ရှိပြီး ဉာဏ်အမြင်အားဖြင့် တရားအထည်ကိုယ် ရကောင်းသော ပရမတ္ထတရားအစစ်ဖြစ်သောကြောင့် ဖြစ်ပါသည်။

၂ "အာသဝေါကုန်ရာ နိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်သည် ဖြစ်ပါစေသတည်း"ဟူသော ဆုတောင်း၌ ကုန်စေလိုသော အာသဝတို့နှင့် ယင်းတို့၏ အလေ့ဘာသာ ဓမ္မတာတို့ကိုလည်း ဖြေဆိုပါ။

''အာသဝေါကုန်ရာ နိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်သည် ဖြစ်ပါစေသတည်း''ဟူသော ဆုတောင်း၌ ကုန်စေလိုသော အာသဝေါတရားများမှာ-

(၁) ကာမသဝ = ဝတ္ထုအာရုံ ကာမဂုဏ်ကို တပ်မက်တတ်သော တဏှာ၊
(၂) ဘဝါသဝ = ရူပဈာန်, အရူပဈာန်နှင့် ထိုဈာန်တို့၏ အကျိုးဝိပါက်ကို နှစ်သက်တွယ်တာသောတဏှာ၊
(၃) ဒိဋ္ဌာသဝ = အယူလွဲမှု မိစ္ဆာဒိဋ္ဌိ၊
(၄) အဝိဇ္ဇာသဝ = အာရုံ၏ သဘောမှန်ကို မသိမှု မောဟ တို့ဖြစ်ပါသည်။

**ယင်းတို့၏ အလေ့ဘာသာ ဓမ္မတာမှာ-**

စိမ်ရည်အိုးထဲ၌ ကြာမြင့်စွာ စိမ်ထားသော စိမ်ရည်အရက်ကဲ့သို့ အနမတဂ္ဂသံသရာဝယ် သတ္တဝါတို့၏ ခန္ဓာအစဉ်တည်းဟူသော စိမ်ရည်အိုး၌ ကြာရှည်စွာ စိမ်ထားသည်ဖြစ်၍ အာနိသင် ပြင်းပြကာ မိမိတို့ကိန်းရာ ပုထုဇဉ်သတ္တဝါတို့အား တွေဝေ ယစ်မူးစေတတ်သည့် သဘောရှိပါသည်။

၃ ဘဝကြီးငယ်သို့ သွားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် တရားစုတို့ကို ရွေးကောက်ပြ၍ မဂ္ဂင်မရအပ်သော စိတ်ကိုလည်း ညွှန်ပြပါ။

ဘဝကြီးငယ်သို့ သွားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် တရားစုတို့မှာ-

http://www.dhammadownload.com



(၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊

(၂) မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊

(၃) မိစ္ဆာဝါယာမမဂ္ဂင်

(၄) မိစ္ဆာသမာဓိမဂ္ဂင် ဟူသော "မိစ္ဆာမဂ္ဂင် ၄-ပါး" တို့ ဖြစ်ပါသည်။

မဂ္ဂင်မရအပ်သော စိတ်တို့မှာ-

အဟိတ်စိတ် ၁၈-ပါးနှင့် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်တို့ ဖြစ်ပါသည်။

---

## ၁၉၉၃-ခုနှစ်

❶ ရှာန်, မဂ်, ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သော တရားအစုကို ထုတ်ဖော်ပြ၍ ကိလေသာ မမည်သော အကုသိုလ် တရားတို့ကိုလည်း ကောက်ပြခဲ့ပါ။

ဈာန်,မဂ်,ဖိုလ်ကို တားမြစ်ပိတ်ပင်တတ်သော တရားအစုမှာ-

(၁) ကာမစ္ဆန္ဒနီဝရဏ၊

(၂) ဗျာပါဒနီဝရဏ၊

(၃) ထိန-မိဒ္ဓနီဝရဏ၊

(၄) ဥဒ္ဓစ္စ-ကုက္ကုစ္စနီဝရဏ၊

(၅) ဝိစိကိစ္ဆာနီဝရဏ၊

(၆) အဝိဇ္ဇာနီဝရဏ ဟူသော "နီဝရဏတရား ၆-ပါး"တို့ ဖြစ်ကြပါသည်။

ကိလေသာ မမည်သော အကုသိုလ်တရားတို့မှာ-

ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စနှင့် မိဒ္ဓ စေတသိက်တို့ ဖြစ်ပါသည်။

❷ သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ ဆောင်ရွက်နိုင်သော အာဟာရတရားကို အဓိပ္ပာယ်နှင့်တကွ ဖြေဆို၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့ မရရှိနိုင်သည့် ဣန္ဒြေအမည်များကိုလည်း ထုတ်ဖော် ရေးသားခဲ့ပါ။

သတ္တဝါတို့၏အကျိုးကို ထောက်ပံ့ ဆောင်ရွက်နိုင်သော အာဟာရတရား ၄-ပါး ရှိပါသည်၊ ယင်းတို့ကို အဓိပ္ပာယ်နှင့်တကွ ဖြေဆိုရသော်-

http://www.dhammadownload.com



(၁) ကဗဠီကာရာဟာရ = (ဩဇာရုပ်)
ဩဇာနှင့်တကွ ရုပ် ၈–ပါးအစုဖြစ်သော အာဟာရဇ အဋ္ဌကလာပ်ကို ဆောင်၏။

(၂) ဖဿာဟာရ = (ဖဿစေတသိက်)
ဝေဒနာ ၃–ပါးကို ဆောင်၏။

(၃) မနောသဥ္စေတနာဟာရ= (စေတနာစေတသိက်)
ဘဝ ၃–ပါး၌ ပဋိသန္ဓေဝိညာဏ်ကို ဆောင်၏။

(၄) ဝိညာဏာဟာရ = (စိတ်အားလုံး)
တကွဖြစ်ဘက် စေတသိက်နာမ်နှင့် ရုပ်တရားကို ဆောင်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ မရရှိနိုင်သည့် ဣန္ဒြေများမှာ–

(၁) အနညာတညဿာမိတိန္ဒြေ = သောတာပတ္တိမဂ်ခဏ၌ ယှဉ်သောပညာ၊
(၂) အညိန္ဒြေ = အထက်မဂ် (၃)၊ အောက်ဖိုလ် (၃)၌ ယှဉ်သောပညာ၊
(၃) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ ယှဉ်သောပညာတို့ ဖြစ်ကြပါသည်။

❸ "ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ လိုရာဆန္ဒ ပြည့်ဝပါစေ"ဟူသော ဆုတောင်းမေတ္တာစကားသည် မည်သည့် ဗောဓိပက္ခိယတရားများကို ဆိုလိုပါသနည်း။ ပြည့်စုံအောင် ဖြေကြား၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းများကိုလည်း ညွှန်ပြခဲ့ပါ။

"ကြံတိုင်းအောင် ဆောင်တိုင်းမြောက်၍ လိုရာဆန္ဒ ပြည့်ဝပါစေ" ဟူသော ဆုတောင်းမေတ္တာစကားသည်–

ဗောဓိပက္ခိယတရား ၃၇–ပါးတွင် ပါဝင်သော ဣဒ္ဓိပါဒ်တရား ၄–ပါးကို ဆိုလိုခြင်းဖြစ်ပါသည်။ ဣဒ္ဓိပါဒ် ၄–ပါးကား–

(၁) ဆန္ဒိဒ္ဓိပါဒ်၊
(၂) စိတ္တိဒ္ဓိပါဒ်၊
(၃) ဝီရိယိဒ္ဓိပါဒ်၊
(၄) ဝီမံသိဒ္ဓိပါဒ် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းများမှာ– သမ္မာမဂ္ဂင် ၈–ပါး ဖြစ်သည့်

(၁) သမ္မာဒိဋ္ဌိမဂ္ဂင်၊
(၂) သမ္မာသင်္ကပ္ပမဂ္ဂင်၊
(၃) သမ္မာဝါစာမဂ္ဂင်၊
(၄) သမ္မာကမ္မန္တမဂ္ဂင်၊
(၅) သမ္မာအာဇီဝမဂ္ဂင်၊
(၆) သမ္မာဝါယာမမဂ္ဂင်၊
(၇) သမ္မာသတိမဂ္ဂင်၊
(၈) သမ္မာသမာဓိမဂ္ဂင် တို့ဖြစ်ကြပါသည်။

---

**၁၉၉၄–ခုနှစ်**

**၁** လောကီနယ်တွင် ခက်ခဲသော အလုပ်ကိစ္စကို ဈာန်ဝင်စား၍ လုပ်မှ ပြီးမြောက်သည်ဟု ဆိုကြရာ မည်သည့်ဈာန်များ ဖြစ်သည်ကို ခွဲခြားပြ၍ ဒုဂ္ဂတိဘုံဒွာနသို့ ရောက်စေသော လမ်းကြောင်းကိုလည်း တရားကိုယ်နှင့်တကွ ဖြေဆိုပါ။

လောကီနယ်တွင် ခက်ခဲသော အလုပ်ကိစ္စကို ဈာန်ဝင်စား၍ လုပ်မှ ပြီးမြောက်သည်ဟု ဆိုကြရာ ကုသိုလ်, အကုသိုလ်ဈာန်များ၏ အစိတ်အင်္ဂါများဖြစ်သော–

(၁) ဝိတက်ဈာနင်၊
(၂) ဝိစာရဈာနင်၊
(၃) ပီတိဈာနင်၊
(၄) ဧကဂ္ဂတာဈာနင်၊
(၅) သောမနဿဈာနင်၊
(၆) ဒေါမနဿဈာနင်၊
(၇) ဥပေက္ခာဈာနင် ဟူသော ကုသိုလ်–အကုသိုလ် ဈာနင်တရား ၇–ပါးတို့ဖြင့် ''ကုသိုလ်– အကုသိုလ်ဈာန်''များကို ဝင်စားနိုင်ကြခြင်း ဖြစ်ပါသည်။

ဒုဂ္ဂတိဘုံဒွာနသို့ ရောက်စေသောလမ်းကြောင်းများမှာ–

မိစ္ဆာမဂ္ဂင် ၄–ပါးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၎င်းတို့ကို တရားကိုယ်နှင့်တကွ ဖော်ပြရသော်–

| မိစ္ဆာမဂ္ဂင် ၄–ပါး | | တရားကိုယ် |
|---|---|---|
| (၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင် | = | လောဘမူဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ယှဉ်သော ဒိဋ္ဌိစေတသိက်၊ |
| (၂) မိစ္ဆာသင်္ကပ္ပမဂ္ဂင် | = | အကုသိုလ်စိတ် ၁၂–ပါး၌ယှဉ်သော ဝိတက်စေတသိက်၊ |
| (၃) မိစ္ဆာဝါယာမမဂ္ဂင် | = | 〃 〃 ဝီရိယစေတသိက်၊ |
| (၄) မိစ္ဆာသမာဓိမဂ္ဂင် | = | ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် ၁၁–ပါး၌ယှဉ်သော ဧကဂ္ဂတာစေတသိက်တို့ ဖြစ်ကြပါသည်။ |

**၂** ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏ လုံ့လဝီရိယသည် ဝီရိယိဒ္ဓိပါဒ် ထိုက်, မထိုက် ရှင်းပြ ဖြေဆို၍ မဂ္ဂင်မထိုက်သော ဇောဈာင်များကိုလည်း ဖော်ပြပါ။

ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏ လုံ့လဝီရိယသည်– ဝီရိယိဒ္ဓိပါဒ် မထိုက်ပါ။

ရှင်းလင်းဖြေဆိုပြရသော်–

ဣဒ္ဓိပါဒ်ဟူသည်– ပြီးစီးထမြောက်သောဈာန်,မဂ်,ဖိုလ်အကျိုးတို့၏ အခြေခံ အကြောင်းတရားများကို ခေါ်ဆိုခြင်းဖြစ်၏။ သို့ဖြစ်၍–

ဝီရိယိဒ္ဓိပါဒ်အရ– ဈာန်,မဂ်,ဖိုလ်ရရန် ကြိုးစားအားထုတ်နေသူတို့၏ ကုသိုလ်စိတ် ၂၁–ပါးနှင့်ယှဉ်သော ဝီရိယကိုသာ ကောက်ယူရမည် ဖြစ်ပါသည်။

ထို့ကြောင့် ပျော်ရွှင်မှုကိစ္စများ၌သာ ဖွဲ့ကောင်းသူ၏ လုံ့လဝီရိယသည်– အကုသိုလ်စိတ်၌ ယှဉ်သော ဝီရိယသာဖြစ်၍ ဝီရိယိဒ္ဓိပါဒ် မထိုက်နိုင်ခြင်း ဖြစ်ပါသည်။

မဂ္ဂင်မထိုက်သော ဇောဈာင်တရားများမှာ–

(၁) ပီတိသမ္ဗောဇ္ဈင်

(၂) ပဿဒ္ဓိသမ္ဗောဇ္ဈင်

(၃) ဥပေက္ခာသမ္ဗောဇ္ဈင် တို့ဖြစ်ကြပါသည်။

http://www.dhammadownload.com



❸ သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှ မလွတ်နိုင်အောင် လှမ်းမိုးနှစ်မြုပ်တတ်သော တရားစုကို တရားကိုယ်နှင့် ယှဉ်တွဲပြ၍ သံသရာခရီးအစမှ လိုက်ပါလာပြီး နောက်ဆုံးမဂ်ဖြင့် ပယ်ချမှ ကွာသော အနုသယဓာတ်များကိုလည်း ထုတ်ပြပါ။

သတ္တဝါတို့အား သံသရာဝဋ်အတွင်းမှ မလွတ်နိုင်အောင် လှမ်းမိုးနှစ်မြုပ်တတ်သော တရားစုမှာ– ဩဃတရား ၄–ပါး တို့ဖြစ်ကြပါသည်။

၎င်းတို့ကို တရားကိုယ်နှင့် ယှဉ်တွဲပြရသော်–

| ဩဃတရား ၄–ပါး | | တရားကိုယ် |
|---|---|---|
| (၁) ကာမောဃ | = | လောဘမူစိတ် ၈–ပါး၌ ယှဉ်သော လောဘစေတသိက်၊ |
| (၂) ဘဝေါဃ | = | လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော လောဘ စေတသိက်၊ |
| (၃) ဒိဋ္ဌောဃ | = | လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော ဒိဋ္ဌိစေတသိက်၊ |
| (၄) အဝိဇ္ဇောဃ | = | အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော မောဟစေတသိက် တို့ ဖြစ်ပါသည်။ |

သံသရာခရီးအစမှ လိုက်ပါလာပြီး နောက်ဆုံးမဂ်ဖြင့် ပယ်ချမှ ကွာကျသော အနုသယဓာတ်များမှာ–

(၁) ကာမရာဂါနုသယ၊
(၂) ဘဝရာဂါနုသယ၊
(၃) ပဋိဃာနုသယ၊
(၄) မာနာနုသယ၊
(၅) ဒိဋ္ဌာနုသယ၊
(၆) ဝိစိကိစ္ဆာနုသယ၊
(၇) အဝိဇ္ဇာနုသယ ဟူသော "အနုသယ ၇–ပါး" တို့ဖြစ်ပြီး

ယင်းတို့အနက်မှ နောက်ဆုံးမဂ် (အရဟတ္တမဂ်)ဖြင့် ပယ်ချမှ ကွာကျသော အနုသယဓာတ်များမှာ–

(၁) ဘဝရာဂါနုသယ
(၂) မာနာနုသယ
(၃) အဝိဇ္ဇာနုသယ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၉၉၅–ခုနှစ်

❶ "ပရမတ်အစစ် ဓာတ်အနှစ်"ဟူသော စကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင်လက္ခဏာ ရှိကြသော ပရမတ်အစစ်တရားတို့ကို ကောက်ပြ၍ မတူမတန် မာနထန်သူ၏ သန္တာန်၌ သံယောဇဉ် ရှိနိုင်, မရှိနိုင်ကိုလည်း ရှင်းလင်း ဖြေဆိုပါ။

"ပရမတ်အစစ် ဓာတ်အနှစ်"ဟူသော စကားအရ ကိုယ်စီကိုယ်င ကိုယ်ပိုင်လက္ခဏာ ရှိကြသော ပရမတ်အစစ်တရားတို့မှာ–

| | | |
|---|---|---|
| စိတ် | = | ၁–ပါး |
| စေတသိက် | = | ၅၂–ပါး |
| နိပ္ဖန္နရုပ် | = | ၁၈–ပါး |
| နိဗ္ဗာန် | = | ၁–ပါး |
| ပေါင်း | = | ၇၂–ပါး |

ပေါင်း = ၇၂–ပါး ဟူသော ဝတ္ထုဓမ္မ ပရမတ္ထဓမ္မတရားတို့ ဖြစ်ကြပါသည်။

မတူမတန် မာနထန်သူ၏ သန္တာန်၌ သံယောဇဉ် ရှိနိုင်ပါသည်။

ရှင်းလင်းဖြေဆိုရသော် – သုတ္တန်နည်း, အဘိဓမ္မာနည်း ၂–မျိုးစလုံး၌ ဟောကြားထားသော သံယောဇဉ် ၁၀–ပါးတွင် "မာနသံယောဇဉ်" (တရားကိုယ်= လောဘမူဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ် ၄–ပါးနှင့် ယှဉ်သော မာန စေတသိက်) ပါဝင်ပါသည်၊ ထို့ကြောင့် မတူမတန် မာန ထန်သူ၏ သန္တာန်၌ "မာနသံယောဇဉ်" ရှိနိုင်ပါသည်။

❷ "မိန်းမကောင်းတို့ဣန္ဒြေ ရှေ့ပေးလို့မရ" ဟူ၍ မြန်မာ့ဓလေ့စကားပုံရှိရာ အဘိဓမ္မာနည်းအရ ပုထုဇဉ် မိန်းကလေး၌ ရနိုင်သော ဣန္ဒြေတို့ကို (က) ရုပ်ဣန္ဒြေ (ခ) နာမ်ဣန္ဒြေ (ဂ) ရုပ်နာမ်ဣန္ဒြေအားဖြင့် အသီးသီး ခွဲခြားပြပါ။

"မိန်းမကောင်းတို့ဣန္ဒြေ ရှေ့ပေးလို့မရ" ဟူ၍ မြန်မာ့ဓလေ့စကားပုံရှိရာ အဘိဓမ္မာ နည်းအရ ပုထုဇဉ် မိန်းကလေး၌ ရနိုင်သော ဣန္ဒြေတို့မှာ–

(က) ရုပ်ဣန္ဒြေအားဖြင့် – (၁) စက္ခုန္ဒြေ
(၂) သောတိန္ဒြေ
(၃) ဃာနိန္ဒြေ

http://www.dhammadownload.com



(၄) ဇိဝှိန္ဒြေ
(၅) ကာယိန္ဒြေ
(၆) ဣတ္ထိန္ဒြေ ဟူသော ၆–ပါး

(ခ) နာမ်ဣန္ဒြေအားဖြင့် – (၁) မနိန္ဒြေ
(၂) သုခိန္ဒြေ
(၃) ဒုက္ခိန္ဒြေ
(၄) သောမနဿိန္ဒြေ
(၅) ဒေါမနဿိန္ဒြေ
(၆) ဥပေက္ခိန္ဒြေ
(၇) သဒ္ဓိန္ဒြေ
(၈) ဝီရိယိန္ဒြေ
(၉) သတိန္ဒြေ
(၁၀) သမာဓိန္ဒြေ
(၁၁) ပညိန္ဒြေ ဟူသော ၁၁–ပါး

(ဂ) ရုပ်,နာမ်ဣန္ဒြေအားဖြင့်– ဇီဝိတိန္ဒြေ ၁–ပါး

စုစုပေါင်း ဣန္ဒြေ ၁၈–ပါးတို့ ဖြစ်ကြပါသည်။

❷ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် လမ်းလေးသွယ်ကို ဖြေဆို၍ အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော စာမေးပွဲအဆင့်ဆင့်၌ ဗိုလ်စွဲလိုလျှင် မည်သည့်တရားများနှင့် ပြည့်စုံအောင် ပြုလုပ်ရမည်ကိုလည်း အဘိဓမ္မာ ပညာရှင်ပီပီ ဖြေဆိုပါ။

လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် လမ်းလေးသွယ်မှာ–

(၁) ဖြစ်ပြီးသော အကုသိုလ်တရား (ဒုစရိုက်အဟောင်း)တို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း၊

(၂) မဖြစ်သေးသော အကုသိုလ်တရား (ဒုစရိုက်အသစ်)တို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း

http://www.dhammadownload.com



(၃) မဖြစ်သေးသော ကုသိုလ်တရား (ကုသိုလ်အသစ်)တို့ကို ဖြစ်ထွန်းစေခြင်းငှာ အားထုတ်ခြင်း၊
(၄) ဖြစ်ပြီးသော ကုသိုလ်တရား (ကုသိုလ်အဟောင်း)တို့ကို ခိုင်ခန့် တိုးပွားမြဲစေခြင်းငှာ အားထုတ်ခြင်း ဟူသော "သမ္မပ္ပဓာန် (ဝီရိယ)တရား ၄-ပါး" ဖြစ်ပါသည်။

အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော စာမေးပွဲအဆင့်ဆင့်၌ ဗိုလ်စွဲလိုလျှင်-

(၁) သဒ္ဓါဗိုလ်
(၂) ဝီရိယဗိုလ်
(၃) သတိဗိုလ်
(၄) သမာဓိဗိုလ်
(၅) ပညာဗိုလ် ဟူသော "ဗိုလ်တရားငါးပါး"တို့နှင့် ပြည့်စုံအောင် ပြုလုပ်ရမည် ဖြစ်ပါသည်။

**၉** နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရခြင်းအကြောင်းတို့ကို ရေး၍ မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ဂ-ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ဂ-ပါးတို့၏ ထူးခြားချက်ကိုလည်း ဖော်ပြပါ။

နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ခြင်းအကြောင်းမှာ- နိဗ္ဗာန်သည် ...

(က) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ ၃-ပါးမှ အလွတ်ဖြစ်သော... **ကာလဝိမုတ်** တရားဖြစ်၏။
(ခ) အဇ္ဈတ္တ၊ ဗဟိဒ္ဓဟု နှစ်မျိုး မကွဲပြား၊ ဗဟိဒ္ဓသာ ဖြစ်၏။
(ဂ) ဟီန၊ ပဏီတဟု နှစ်မျိုး မကွဲပြား၊ ပဏီတသာ ဖြစ်၏။
(ဃ) သြဠာရိက၊ သုခုမဟု နှစ်မျိုး မကွဲပြား၊ သုခုမသာ ဖြစ်၏။
(င) ဒူရေ၊ သန္တိကေဟု နှစ်မျိုး မကွဲပြား၊ ဒူရေသာ ဖြစ်၏။

ခန္ဓာဖွဲ့သည် ဆိုရာမှာ - အတိတ် စသည့် ၁၁-ပါး အပြားရှိသော ရုပ်အစရှိသော တရားတို့ကိုသာ ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြုပြီး ခန္ဓာဖွဲ့ခြင်း ဖြစ်သည်။

နိဗ္ဗာန်ကား - အထက်၌ ဖော်ပြထားသည့်အတိုင်း အတိတ်စသည့် ၁၁-ပါး အပြား မရှိခြင်းကြောင့် နိဗ္ဗာန်ကို ခန္ဓာဖွဲ့၍ မရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



မဂ်စိတ်၌ ယှဉ်သော မဂ္ဂင် ၈–ပါးနှင့် ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈–ပါး၏ ထူးခြားချက်မှာ–

မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ၈–ပါးသည် – မဂ္ဂသစ္စာ ထိုက်၏။

ဖိုလ်စိတ်၌ယှဉ်သော မဂ္ဂင် ၈–ပါးသည် – မဂ္ဂသစ္စာမထိုက်၊ သစ္စဝိမုတ် ဖြစ်၏။

---

## ၁၉၉၆–ခုနှစ်

**၁** ကိလေသာ မမည်သော အကုသိုလ်တရားတို့ကို ကောက်ပြ၍ "မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်" ဟူသော စကား မှန်,မမှန် စိစစ်ပြပါ။

**ကိလေသာ မမည်သော အကုသိုလ်တရားများမှာ–**

(၁) ဣဿာ

(၂) မစ္ဆရိယ

(၃) ကုက္ကုစ္စ

(၄) မိဒ္ဓတရားတို့ ဖြစ်ပါသည်။

"မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်" ဟူသော စကား မှန်ပါသည်၊ စိစစ်ပြရသော်–

မဂ္ဂင်တရားဟူသည်– သုဂတိဘုံ၊ ဒုဂ္ဂတိဘုံ၊ နိဗ္ဗာန်သို့ ပို့ဆောင်နိုင်သော လမ်းကြောင်းဖြစ်သည့် "မဂ္ဂ"မည်သော တရားအပေါင်း၏ အင်္ဂါအစိတ်အပိုင်းတို့ကို ခေါ်၏။

မဂ္ဂင်တရား ၁၂–ပါးအနက် သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ၈–ပါးတို့က သုဂတိဘုံနှင့် နိဗ္ဗာန်သို့ ပို့ဆောင်နိုင်ပြီး မိစ္ဆာမဂ္ဂင် ၄–ပါးဖြစ်သော–

(၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင် – လောဘမူ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သောဒိဋ္ဌိ၊

(၂) မိစ္ဆာသင်္ကပ္ပမဂ္ဂင် – အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော ဝိတက်၊

(၃) မိစ္ဆာဝါယာမမဂ္ဂင် – အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော ဝီရိယ၊

(၄) မိစ္ဆာသမာဓိမဂ္ဂင် – ဝိစိကိစ္ဆာသမ္ပယုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် ၁၁–ပါး၌ ယှဉ်သော ဧကဂ္ဂတာ၊

တို့သည် သတ္တဝါတို့ကို အပါယ်–ဒုဂ္ဂတိဘုံဘဝသို့ ပို့ဆောင်နိုင်ပေသည်။

http://www.dhammadownload.com



ထို့ကြောင့် "မဂ္ဂင်တရားတို့သည် သတ္တဝါတို့ကို အပါယ်သို့လည်း ပို့ဆောင်နိုင်သည်" ဟူသောစကား မှန်ကန်ပါသည်။

**၂** ဈာန်, မဂ်, ဖိုလ် ရဖို့ရန် အခြေခံနည်းလမ်းကောင်းတို့ကို ရေး၍ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကိုလည်း ညွှန်ပြပါ။

ဈာန်,မဂ်,ဖိုလ် ရဖို့ရန် အခြေခံ နည်းလမ်းကောင်းတို့မှာ–

(၁) ဆန္ဒိဒ္ဓိပါဒ်၊
(၂) ဝီရိယိဒ္ဓိပါဒ်၊
(၃) စိတ္တိဒ္ဓိပါဒ် နှင့်
(၄) ဝီမံသိဒ္ဓိပါဒ် ဟူသော ဣဒ္ဓိပါဒ် ၄–ပါးတို့ ဖြစ်ပါသည်။

နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းတို့မှာ–

[၁၉၉၃–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

**၃** အောက်ပါတို့ကို ခွဲခြား ဖြေဆိုပါ။

(က) သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ
(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ

သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေမှာ–

(၁) အနညာတညဿာမိတိန္ဒြေ = သောတာပတ္တိမဂ်ခဏ၌ ယှဉ်သောပညာ၊
(၂) အညိန္ဒြေ = အထက်မဂ်–၃၊ အောက်ဖိုလ် ၃–၌ ယှဉ်သော ပညာ တို့ဖြစ်ပါသည်။

အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေမှာ–

(၁) အညာတာဝိန္ဒြေ = အရဟတ္တဖိုလ်၌ ယှဉ်သောပညာ ဖြစ်ပါသည်။

http://www.dhammadownload.com



## ၁၉၉၇-ခုနှစ်

❶ သမုစ္စည်းပိုင်း၌ ပြဆိုအပ်သော ၇၂-ပါးသော တရားတို့ကို ရေတွက်ပြ၍ မကောင်းမှု ဒုစရိုက် လွန်ကျူးရန် တွန်းအားပေးသော အကြောင်းတရားများကိုလည်း တရားကိုယ်နှင့်တကွ ဖော်ပြပါ။

သမုစ္စည်းပိုင်း၌ ပြဆိုအပ်သော ၇၂-ပါးသော တရားတို့မှာ-

| | | |
|---|---|---|
| စိတ် | = | ၁-ပါး |
| စေတသိက် | = | ၅၂-ပါး |
| နိပ္ဖန္နရုပ် | = | ၁၈-ပါး |
| နိဗ္ဗာန် | = | ၁-ပါး |
| ပေါင်း | = | ၇၂-ပါး ဟူသော ဝတ္ထုဓမ္မတရားတို့ ဖြစ်ပါသည်။ |

မကောင်းမှုဒုစရိုက် လွန်ကျူးရန် တွန်းအားပေးသော အကြောင်းတရားများမှာ-

| | အကုသိုလ်ဟိတ် ၃-ပါး | | တရားကိုယ် |
|---|---|---|---|
| (၁) | လောဘဟိတ် | = | လောဘ |
| (၂) | ဒေါသဟိတ် | = | ဒေါသ |
| (၃) | မောဟဟိတ် | = | မောဟ |

❷ ကာမဘုံသားသတ္တဝါများ၏ ဘဝကို မလွှပ်ရှားနိုင်အောင် ချည်နှောင်ထားသော သံယောဇဉ်ကြိုး ၅-မျိုးကို ဖော်ပြ၍ သူခိုးဓားပြတို့၌ ဖြစ်လေ့ဖြစ်ထရှိသော ဗလစွမ်းအားတို့ကိုလည်း တရားကိုယ်နှင့်တကွ ရေးခဲ့ပါ။

ကာမဘုံသားသတ္တဝါများ၏ ဘဝကို မလှုပ်ရှားနိုင်အောင် ချည်နှောင်ထားသော သံယောဇဉ်ကြိုး ၅-မျိုးမှာ-

(၁) ကာမရာဂသံယောဇဉ်၊
(၂) ပဋိဃသံယောဇဉ်၊
(၃) ဒိဋ္ဌိသံယောဇဉ်၊
(၄) သီလဗ္ဗတပရာမာသသံယောဇဉ်၊
(၅) ဝိစိကိစ္ဆာသံယောဇဉ် ဟူသော ''ဩရမ္ဘာဂိယသံယောဇဉ် ၅-ပါး''တို့ဖြစ်ကြပါသည်။

http://www.dhammadownload.com



သူခိုးစားပြတို့၌ ဖြစ်လေ့ဖြစ်ထရှိသော ဗလစွမ်းအားတို့ကိုလည်း တရားကိုယ်နှင့်တကွ ရေးပြရသော်–

(၁) ဝီရိယဗိုလ် = အကုသိုလ်စိတ် ၁၂–ပါး၌ယှဉ်သော ဝီရိယစေတသိက်၊

(၂) သမာဓိဗိုလ် = ဝိစိကိစ္ဆာကြဉ် အကုသိုလ်စိတ် ၁၁–ပါး၌ယှဉ်သော ဧကဂ္ဂတာစေတသိက်၊

(၃) အဟိရိကဗိုလ် = အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော အဟိရိကစေတသိက်၊

(၄) အနောတ္တပ္ပဗိုလ် = အကုသိုလ်စိတ် ၁၂–ပါး၌ ယှဉ်သော အနောတ္တပ္ပစေတသိက် တို့ဖြစ်ပါသည်။

❷ ဒုစရိုက်သမားတစ်ဦး၏ ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ငြိမ်သက် တည်ကြည်မှုကို "သမာဓိ"ဟု ခေါ်နိုင်၊ မခေါ်နိုင် တရားကိုယ်ထောက်၍ ဆုံးဖြတ်ပြီးလျှင် ဈာန်ရအရိယာပုဂ္ဂိုလ်များမဖြစ်နိုင်သော ဗောဓိပက္ခိယတရားများကိုလည်း ထင်ရှားပေါ်လွင်အောင် ဖော်ပြပါ။

ကောင်းသောကုသိုလ်အာရုံ၌ဖြစ်စေ၊ မကောင်းသော အကုသိုလ်အာရုံ၌ဖြစ်စေ စိတ်စူးစိုက်နေမှုကို ဈာန်ဟု ခေါ်၍၊ ထိုသို့ စူးစိုက်နေစဉ် ငြိမ်သက် တည်ကြည်မှုသည် ''သမာဓိ'' ခေါ် ''ဧကဂ္ဂတာ''ဈာန်အင်္ဂါ၏ သဘောသတ္တိကြောင့် ဖြစ်ပါသည်။

တရားကိုယ်အားဖြင့်– ဒွေပဉ္စဝိညာဉ် ၁၀–ကြဉ်သော စိတ် ၇၉–ပါး၌ယှဉ်သည့် ဧကဂ္ဂတာစေတသိက်သည် ဈာနင်္ဂ တပ်ပါသည်။

ဒုစရိုက်သမားတစ်ဦး၏ ဒုစရိုက်လုပ်ငန်းအပေါ်၌ စိတ်စူးစိုက်နေစဉ် ''အကုသိုလ်ဈာန်'' ဖြစ်၍၊ ထိုအခိုက် ငြိမ်သက်တည်ကြည်မှု ''အကုသိုလ်စိတ် ၁၂–ပါး၌ယှဉ်သော ဧကဂ္ဂတာစေတသိက်''သည် ဈာန်အင်္ဂါထိုက်သောကြောင့် ''သမာဓိ''ဟု ခေါ်နိုင်ပါသည်။

(က) ဈာန်ရ အောက်အောက်အရိယာပုဂ္ဂိုလ်များ မဖြစ်နိုင်သော ဗောဓိပက္ခိယတရားများမှာ– မိမိတို့ ရရှိပြီး အောက်အောက် မဂ်,ဖိုလ်တရားတို့ ရရှိခြင်း၏ အခြေခံ အကြောင်း တရားများဖြစ်သည့်–

(၁) ဆန္ဒိဒ္ဓိပါဒ်၊
(၂) စိတ္တိဒ္ဓိပါဒ်၊
(၃) ဝီရိယိဒ္ဓိပါဒ်၊

http://www.dhammadownload.com



(၄) ဝိမံသိဒ္ဓိပါဒ်ဟူသော ''ဣဒ္ဓိပါဒ် ၄-ပါး''တို့ ထပ်မံ ပွားများရန် မလိုသော ကြောင့် မဖြစ်နိုင်ပါ။

(ခ) ဗျာန်ရ ရဟန္တာပုဂ္ဂိုလ်ဖြစ်က အထက်ပါ ''ဣဒ္ဓိပါဒ် ၄-ပါး'' အပြင်-

(၁) ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ဖျောက်နိုင်ခြင်းငှာ အားထုတ်ခြင်း၊

(၂) မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှာ အားထုတ်ခြင်း၊

(၃) မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ထွန်းစေခြင်းငှာ အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ခိုင်ခံ့ တိုးပွားစေခြင်းငှာ အားထုတ်ခြင်း၊ ဟူသော ''သမ္မပ္ပဓာန် ၄-ပါး''တို့လည်း မဖြစ်နိုင်ပါ။

---

## ၁၉၉၈-ခုနှစ်

**၁** ဒိဋ္ဌိစေတသိက်တစ်ပါးတည်းကိုပင် ''သီလဗ္ဗတပရာမာသ''စသော အမည်အသီးသီးဖြင့် ဆိုရခြင်းအကြောင်းကို ဖော်ပြ၍၊ အောက်ပါတရားတို့၏ သရုပ်ကိုလည်း ဖြေဆိုပါ။

(က) နိဗ္ဗာန်ရရေးကို တားမြစ်ပိတ်ပင်တတ်သောတရား။

(ခ) နိဗ္ဗာန်ရောက်ကြောင်းတရား။

ဒိဋ္ဌိစေတသိက်တစ်ပါးတည်းကိုပင် ''သီလဗ္ဗတပရာမာသ''စသော အမည်အသီးသီး ဖြင့် ဆိုရခြင်းအကြောင်းမှာ-

(၁) သီလဗ္ဗတပရာမာသဒိဋ္ဌိသည် = နွား,ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်ကာ သံသရာမှ လွတ်မြောက်လွယ်၏'' ဟု ယူ၏။

(၂) ကာမံသစ္စာဘိနိဝေသဒိဋ္ဌိသည် = ဤငါ၏အယူသာ အမှန်၊ ကျန်အယူတွေ အမှားချည်း ဟု စွဲမြဲစွာ ယူ၏။

(၃) အတ္တဝါဒုပါဒါန်ဒိဋ္ဌိသည် = အတ္တရှိ၏ဟု ယူ၏။

ဤသို့ စွဲယူပုံ အခြင်းအရာ ကွဲပြားသောကြောင့် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင် ''သီလဗ္ဗတပရာမာသ'' စသည်ဖြင့် အမည်အသီးသီး တပ်၍ဆိုခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



(က) နိဗ္ဗာန်ရရေးကို တားမြစ်ပိတ်ပင်တတ်သော တရားတို့မှာ–
[၁၉၉၃–ခုနှစ်၊ နံပါတ် ၁–အဖြေကို ကြည့်ပါ။]

(ခ) နိဗ္ဗာန်ရောက်ကြောင်းတရားတို့မှာ–
[၁၉၉၃–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

❷ ပုထုဇဉ်နှင့် မသက်ဆိုင်သော ဣန္ဒြေများကို တရားကိုယ်နှင့်တကွ ဖော်ပြ၍ "သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူကိုပင် မြင်သည်"ဟူသော ဆိုရိုးစကားနှင့်အညီ သတိကောင်းစေရန် အားထုတ်ရမည့် တရားများကိုလည်း ဖြေဆိုပါ။

ပုထုဇဉ်နှင့် မသက်ဆိုင်သော ဣန္ဒြေများကို တရားကိုယ်နှင့်တကွ ဖော်ပြရသော်–
[၁၉၉၃–ခုနှစ်၊ နံပါတ် ၂–အဖြေကို ကြည့်ပါ။]

"သတိမမူ ဂူမမြင်၊ သတိမူလျှင် မြူကိုပင်မြင်သည်"ဟူသော ဆိုရိုးစကားနှင့်အညီ သတိကောင်းစေရန် အားထုတ်ရမည့်တရားများမှာ–

(၁) ကာယာနုပဿနာသတိပဋ္ဌာန်၊
(၂) ဝေဒနာနုပဿနာသတိပဋ္ဌာန်၊
(၃) စိတ္တာနုပဿနာသတိပဋ္ဌာန်၊
(၄) ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟူသော "သတိပဋ္ဌာန်တရား ၄–ပါး" တို့ဖြစ်ကြပါသည်။

❸ ဓာတ် ၁၈–ပါး ပြားရခြင်းအကြောင်းကိုလည်း ဖြေဆို၍ သစ္စာမဖွဲ့သင့်သော ပရမတ္ထတရားများကို ဖော်ပြပါ။

ဒွါရ ၆–ပါး၊ အာရုံ ၆–ပါး၊ ဝိညာဏ် ၆–ပါး ပြားခြင်းကြောင့် ဓာတ် ၁၈–ပါး ပြားရခြင်းဖြစ်ပါသည်။

သစ္စာမဖွဲ့သင့်သော ပရမတ္ထတရားများမှာ = မဂ်စိတ္တုပ္ပါဒ် ၂၉–ပါး နှင့်
ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါးတို့ ဖြစ်ကြပါသည်။

မဂ်စိတ္တုပ္ပါဒ် ၂၉–ပါးနှင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇–ပါး ယူပုံ–
[၁၉၉၀–ခုနှစ်၊ နံပါတ် ၄–အဖြေကို ကြည့်ပါ။]

http://www.dhammadownload.com



## ၁၉၉၄–ခုနှစ်

❶ ဆန့်ကျင်ဘက်ရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ တိုက်ဖျက် ချေမှုန်း သုတ်သင်နိုင်ရန် မည်သည့်တရားများကို ဆောင်ထားရမည်ကို ရေး၍ ၎င်းတရား တို့၏ အဓိပ္ပာယ်ကိုလည်း ဖြေဆိုပါ။

ဆန့်ကျင်ဘက်ရန်များကို မတုန်မလှုပ် နောက်မဆုတ်ဘဲ ခိုင်ခိုင်မြဲမြဲ ရပ်တည်ကာ တိုက်ဖျက် ချေမှုန်း သုတ်သင်နိုင်ရန်–

သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ် ဟူသော ဗိုလ် ၅–ပါး တို့ကို ဆောင်ထားရပါမည်။

(၁) သဒ္ဓါဗိုလ် = ရတနာသုံးပါး၊ ကံ,ကံ၏အကျိုးတို့၌ ယုံကြည်ခြင်း သဒ္ဓါတရား စွမ်းအင်၊

(၂) ဝီရိယဗိုလ် = ဒါန, သီလ, ဘာဝနာကုသိုလ်တရား၌ ကြိုးစားအားထုတ်နိုင်ခြင်း ဝီရိယ စွမ်းအင်၊

(၃) သတိဗိုလ် = ဒါန, သီလ, ဘာဝနာ ကုသိုလ်တရားတို့၌ ခိုင်မြဲသော အောက်မေ့ခြင်း သတိစွမ်းအင်၊

(၄) သမာဓိဗိုလ် = ဒါန, သီလ, ဘာဝနာကုသိုလ်တရားတို့၌ စိတ်ကို တည်တံ့ ခိုင်မြဲစွာ ထားခြင်း သမာဓိစွမ်းအင်၊

(၅) ပညာဗိုလ် = လောကီ, လောကုတ္တရာတရား အလုံးစုံတို့၌ မှန်ကန်စွာ ထိုးထွင်း သိမြင်နိုင်ခြင်း ပညာစွမ်းအင် တို့ဖြစ်ပါသည်။

❷ သတ္တဝါတို့အား ကောင်းမှု, မကောင်းမှုကံတို့ကို ကျူးလွန်မိအောင် အားပေးလှုံ့ဆော်တတ်သော အကြောင်း (ဟိတ်တရား)တို့ကို ထုတ်ပြ၍ အောက်ပါတို့၏ တရားကိုယ်များကိုလည်း ကောက် ပြပါ။ (က) အနညာတညဿာမိတိန္ဒြေ၊ (ခ) အညာတာဝိန္ဒြေ

[၁၉၉၀–ခုနှစ်၊ နံပါတ် ၃–အဖြေကို ကြည့်ပါ။]

❸ ကြံတိုင်းအောင် ဆောင်တိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူး ဦးစီးခေါင်း ဆောင်ဖြစ်သော တရားများကို ရေးသားပြီးလျှင် "အာဟာရ" မည်သော တရားတို့ကိုလည်း ရေးခဲ့ပါ။

http://www.dhammadownload.com



ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ရန်အတွက် အကြီးအမှူး ဦးစီးခေါင်းဆောင် ဖြစ်သော တရားများမှာ–

(၁) ဆန္ဒာဓိပတိ
(၂) စိတ္တာဓိပတိ
(၃) ဝီရိယာဓိပတိ
(၄) ဝီမံသာဓိပတိဟူသော "အဓိပတိတရား ၄–ပါး" ဖြစ်ပါသည်။

"အာဟာရ" မည်သောတရားတို့မှာ–

(၁) ကဗဠီကာရာဟာရ၊
(၂) ဖဿာဟာရ
(၃) မနောသဉ္စေတနာဟာရ
(၄) ဝိညာဏာဟာရ တို့ဖြစ်ပါသည်။

---

## ၂၀၀၀–ခုနှစ်

**၁** "ပရမတ်အစစ် ဓာတ်အနှစ်"ဟူသော စကားအရ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ်တရားတို့ကို ကောက်ပြ၍ ကိလေသာ မမည်သော အကုသိုလ်တရားများကိုလည်း ဖော်ပြပါ။

ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ် တရားတို့မှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၁ ကိုကြည့်ပါ။]

ကိလေသာ မမည်သော အကုသိုလ်တရားများမှာ–

[ ၁၉၉၆–ခုနှစ်၊ မေးခွန်း–၁ ကိုကြည့်ပါ။]

**၂** အောက်ပါတရားများကို ကောက်ပြပါ။

(က) ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင်လေးပါး၊
(ခ) ရှက်ကြောက်ကင်းပြား အကြမ်းဖက်သမားများ၏ စွမ်းအင်နှစ်မျိုး၊

(က) ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင်လေးပါးမှာ–

မိစ္ဆာမဂ္ဂင် ၄–ပါးဖြစ်သော မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊ မိစ္ဆာသင်္ကပ္ပမဂ္ဂင်၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသမာဓိ မဂ္ဂင် တို့ဖြစ်ပါသည်။

http://www.dhammadownload.com



(ခ) ရှက်ကြောက်ကင်းခြား အကြမ်းဖက်သမားများ၏ စွမ်းအင်နှစ်ပါးမှာ–

အဟိရိကဗိုလ်၊ အနောတ္တပ္ပဗိုလ် တို့ဖြစ်ပါသည်။

❸ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်းလေးသွယ်ကို ဖြေဆို၍ နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများကို ဖော်ပြပါ။

လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်းလေးသွယ်မှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၃ အဖြေကိုကြည့်ပါ။ ]

နိဗ္ဗာန်ရောက်ကြောင်း နည်းလမ်းကောင်းများမှာ–

[ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၃ အဖြေကိုကြည့်ပါ။ ]

---

## ၂၀၀၁–ခုနှစ်

❶ ယခုခေတ်၌ မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်းတို့သည် မည်သည့်ဥပါဒါန် မျိုးဖြစ်သည်ကိုရေး၍၊ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ဈာန်တရားများဖြစ်ပေါ်ခွင့်မရအောင် တားဆီး ပိတ်ပင်တတ်သော ကိလေသာများကိုလည်း ဖြေဆိုပါ။

မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲခြင်း၊ ကွမ်းစွဲခြင်းတို့သည်–

"ကာမုပါဒါန်" ဖြစ်ပါသည်။

ဈာန်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများမှာ–

"ကိလေသာ ၁၀–ပါး"မှ နီဝရဏထိုက်သောတရားများ ဖြစ်ပါသည်။

၎င်းတို့မှာ– (၁) လောဘကိလေသာ
(၂) ဒေါသကိလေသာ
(၃) ထိနကိလေသာ
(၄) ဥဒ္ဓစ္စကိလေသာ
(၅) ဝိစိကိစ္ဆာကိလေသာ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



၂ ပုထုဇဉ်မိန်းကလေး၌ ရနိုင်သောဣန္ဒြေတို့ကို (က) ရုပ်ဣန္ဒြေ (ခ) နာမ်ဣန္ဒြေအားဖြင့် ခွဲခြားပြပါ။

ပုထုဇဉ်မိန်းကလေး၌ ရနိုင်သော

(က) ရုပ်ဣန္ဒြေမှာ– (၁) စက္ခုန္ဒြေ
(၂) သောတိန္ဒြေ
(၃) ဃာနိန္ဒြေ
(၄) ဇိဝှိန္ဒြေ
(၅) ကာယိန္ဒြေ
(၆) ဣတ္ထိန္ဒြေ
(၇) ရုပ်ဇီဝိတိန္ဒြေ

(ခ) နာမ်ဣန္ဒြေမှာ– (၁) နာမ်ဇီဝိတိန္ဒြေ
(၂) မနိန္ဒြေ
(၃) သုခိန္ဒြေ
(၄) ဒုက္ခိန္ဒြေ
(၅) သောမနဿိန္ဒြေ
(၆) ဒေါမနဿိန္ဒြေ
(၇) ဥပေက္ခိန္ဒြေ
(၈) သဒ္ဓိန္ဒြေ
(၉) ဝီရိယိန္ဒြေ
(၁၀) သတိန္ဒြေ
(၁၁) သမာဓိန္ဒြေ
(၁၂) ပညိန္ဒြေ တို့ဖြစ်ကြပါသည်။

၃ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ခြင်းအကြောင်းတို့ကိုရေး၍၊ မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ၈-ပါးနှင့် ဖိုလ်စိတ်၌ ယှဉ်သော မဂ္ဂင် ၈-ပါးတို့၏ ထူးခြားချက်ကိုလည်း ဖြေဆိုပါ။

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း (၄) အဖြေကိုကြည့်ပါ။ ]

http://www.dhammadownload.com



## ၂၀၀၂–ခုနှစ်

**၁** လူသားအားလုံးတို့သည် အချုပ်အားဖြင့် ရုပ်နာမ် ပရမတ္ထမျှသာဖြစ်၍ ယင်း ပရမတ္ထတို့တွင် မိမိဆိုင်ရာ လက္ခဏာဖြင့် အထည်ကိုယ်ဝတ္ထု ရကောင်းသော ရုပ်နာမ်တို့ကို ရွေးချယ်စိစစ်ပြ၍၊ ဥပါဒါန်တို့၏ အမည်နှင့် တရားကိုယ်များကိုလည်း ယှဉ်တွဲပြပါ။

လူသားတို့တွင် အထည်ကိုယ်ဝတ္ထု ရကောင်းသော ရုပ်နာမ်တို့မှာ–

နိပ္ဖန္နရုပ် ၁၈–ပါး ဟူသော ရုပ်တရားနှင့် စိတ် ၁–ပါး၊ စေတသိက် ၅၂–ပါး ဟူသော နာမ်တရား ပရမတ္ထများ ဖြစ်ပါသည်။

ဥပါဒါန်တို့၏ အမည်နှင့် တရားကိုယ်များကို ယှဉ်တွဲပြရသော်–

| ဥပါဒါန်အမည် | တရားကိုယ် |
|---|---|
| (၁) ကာမုပါဒါန် | လောဘ |
| (၂) ဒိဋ္ဌုပါဒါန် | ဒိဋ္ဌိ |
| (၃) သီလဗ္ဗတုပါဒါန် | ဒိဋ္ဌိ |
| (၄) အတ္တဝါဒုပါဒါန် | ဒိဋ္ဌိ |

**၂** (က) သုတ္တန်နည်းမှာသာပါ၍ အဘိဓမ္မာနည်း၌ မပါသောသံယောဇဉ်တရားကိုယ်၊
(ခ) အဘိဓမ္မာနည်းမှသာပါ၍ သုတ္တန်နည်း၌ မပါသောသံယောဇဉ်တရားကိုယ်၊
(ဂ) ၂–နည်းလုံးမှာပါသော သံယောဇဉ်တရားကိုယ်တို့ကို အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြပါ။

(က) သုတ္တန်နည်းမှသာပါ၍ အဘိဓမ္မာနည်း၌မပါသော သံယောဇဉ်တရားကိုယ်မှာ–
''ဥဒ္ဓစ္စ''တရားကိုယ် ဖြစ်ပါသည်။

(ခ) အဘိဓမ္မာနည်းမှာသာပါ၍ သုတ္တန်နည်း၌မပါသော သံယောဇဉ်တရားကိုယ်မှာ–
''ဣဿာ၊ မစ္ဆရိယ''တရားကိုယ် ဖြစ်ပါသည်။

(ဂ) ၂–နည်းလုံးမှာပါသော သံယောဇဉ်တရားကိုယ်မှာ–
''လောဘ၊ ဒေါသ၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာ၊ မောဟ'' တရားကိုယ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



❸ ဘဝကြီးငယ်သို့ သွားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် မဂ္ဂင်တရားစု၌ ဒုဂ္ဂတိဘဝသို့ လားရောက်ကြောင်း ခရီးလမ်းဖြစ်သည့် တရားစုတို့ကို ရွေးချယ်ပြ၍၊ မဂ္ဂင်မရအပ်သော စိတ်တို့ကိုလည်း ဖြေဆိုပါ။

[၁၉၉၂-ခုနှစ်၊ နံပါတ်-၃ အဖြေကိုကြည့်ပါ။]

❹ လောကသံသရာ ဘဝနှစ်ဖြာတွင် အထက်တန်းကျကျ နေနိုင်ရေးအတွက် လုံ့လပြုရမည့် နည်းလမ်းလေးသွယ်ကို ဖြေဆို၍ သစ္စာ ၄-ပါးကို (က) အကြောင်းသစ္စာ၊ (ခ) အကျိုးသစ္စာ အားဖြင့် ခွဲခြားပြပါ။

လုံ့လပြုရမည့် နည်းလမ်းလေးသွယ်မှာ- [ ၁၉၉၅-ခုနှစ်၊ မေးခွန်း-၃ ကိုကြည့်ပါ။ ]

သစ္စာ ၄-ပါးတို့တွင်-

(က) အကြောင်းသစ္စာမှာ - သမုဒယသစ္စာနှင့် မဂ္ဂသစ္စာ၊

(ခ) အကျိုးသစ္စာမှာ - ဒုက္ခသစ္စာနှင့် နိရောဓသစ္စာ တို့ဖြစ်ကြပါသည်။

---

## ၂၀၀၃-ခုနှစ်

❶ ယောဂီပုဂ္ဂိုလ်တို့သန္တာန်၌ ရှာန်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများကို ဖော်ပြ၍ "ဣန္ဒြေရှိသည် ဣန္ဒြေမဲ့သည်"ဟု ဆိုကြရာ၌ ပုထုဇဉ်လူသား တစ်ဦးသန္တာန်၌ ရှိနိုင်သော ဣန္ဒြေတို့ကိုလည်း ရေတွက်ပြပါ။

ဈာန်မရအောင် တားဆီးပိတ်ပင်တတ်သော ကိလေသာများ-

[ ၂၀၀၁-ခုနှစ်၊ မေးခွန်း-၁ အဖြေကိုကြည့်ပါ။ ]

ပုထုဇဉ်လူသားတစ်ဦးသန္တာန်၌ ရှိနိုင်သော ဣန္ဒြေတို့မှာ-

(၁) စက္ခုန္ဒြေ (၄) ဇိဝှိန္ဒြေ
(၂) သောတိန္ဒြေ (၅) ကာယိန္ဒြေ
(၃) ဃာနိန္ဒြေ (၆) ဆိုင်ရာ ဘာဝိန္ဒြေ

http://www.dhammadownload.com



| | |
|---|---|
| (၇) ဓိဝိတိန္ဒြေ | (၁၃) ဥပေက္ခိန္ဒြေ |
| (၈) မနိန္ဒြေ | (၁၄) သဒ္ဓိန္ဒြေ |
| (၉) သုခိန္ဒြေ | (၁၅) ဝီရိယိန္ဒြေ |
| (၁၀) ဒုက္ခိန္ဒြေ | (၁၆) သတိန္ဒြေ |
| (၁၁) သောမနဿိန္ဒြေ | (၁၇) သမာဓိန္ဒြေ |
| (၁၂) ဒေါမနဿိန္ဒြေ | (၁၈) ပညိန္ဒြေ တို့ဖြစ်ကြပါသည်။ |

❶ "သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုမြင်သည်" ဟူသော စကားအရ မြူနှင့်တူသော အာရုံ များကို မြင်နိုင်ရန် အဘယ်တရားများကို နှလုံးသွင်းရမည်ကို ဖြေဆိုပါ။

[ ၁၉၉၈–ခုနှစ်၊ မေးခွန်း–၂ ကိုကြည့်ပါ။ ]

❷ ဓာတ်(၁၈)ပါး ပြားရခြင်းအကြောင်းကို ဖြေဆို၍ ၎င်းဓာတ် ၁၈–ပါးကိုလည်း (က) ရုပ်ဓာတ်၊ (ခ) နာမ်ဓာတ်၊ (ဂ) ရုပ်နာမ်နှစ်ပါးဆိုင်သောဓာတ်အားဖြင့် ခွဲခြားပြခဲ့ပါ။

ဓာတ် (၁၈)ပါး ပြားရခြင်းအကြောင်းမှာ–

ဒွါရ ၆–ပါး၊ အာရုံ ၆–ပါး၊ ဝိညာဏ် ၆–ပါးစီ ပြားခြင်းကြောင့် ဖြစ်ပါသည်။

၎င်းဓာတ် ၁၈–ပါးကို ခွဲခြားပြရသော်–

| (က) ရုပ်ဓာတ် | (ခ) နာမ်ဓာတ် | (ဂ) ရုပ်နာမ်နှစ်ပါးဆိုင်သောဓာတ် |
|---|---|---|
| ၁. စက္ခုဓာတ် | ၁. စက္ခုဝိညာဏဓာတ် | ၁. ဓမ္မဓာတ် |
| ၂. သောတဓာတ် | ၂. သောတဝိညာဏဓာတ် | |
| ၃. ဃာနဓာတ် | ၃. ဃာနဝိညာဏဓာတ် | |
| ၄. ဇိဝှါဓာတ် | ၄. ဇိဝှါဝိညာဏဓာတ် | |
| ၅. ကာယဓာတ် | ၅. ကာယဝိညာဏဓာတ် | |
| ၆. ရူပဓာတ် | ၆. မနောဓာတ် | |
| ၇. သဒ္ဒဓာတ် | ၇. မနောဝိညာဏဓာတ် | |
| ၈. ဂန္ဓဓာတ် | | |
| ၉. ရသဓာတ် | | |
| ၁၀. ဖောဋ္ဌဗ္ဗဓာတ် | | |

http://www.dhammadownload.com



## ၂၀၀၄–ခုနှစ်

❶ "ပရမတ်အစစ် ဓာတ်အနှစ်"ဟူသော စကားအရ ကိုယ်စိကိုယ်၄ ကိုယ်ပိုင်လက္ခဏာရှိကြသော ပရမတ်အစစ် တရားများကို ရေတွက်ပြ၍ ဈာနင် (၇)ပါး ကိုလည်း ကုသိုလ်, အကုသိုလ်, အဗျာကတဈာနင်အားဖြင့် ခွဲခြားပြပါ။

ပရမတ်အစစ် တရားများမှာ– [ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၁ ကိုကြည့်ပါ။ ]

ဈာနင် (၇)ပါးတို့ကို ကုသိုလ်, အကုသိုလ်, အဗျာကတဈာနင်အားဖြင့် ခွဲခြားပြရသော်–

| ကုသိုလ်ဈာနင် | အကုသိုလ်ဈာနင် | အဗျာကတဈာနင် |
|---|---|---|
| ၁. ဝိတက်ဈာနင် | ၁. ဝိတက်ဈာနင် | ၁. ဝိတက်ဈာနင် |
| ၂. ဝိစာရဈာနင် | ၂. ဝိစာရဈာနင် | ၂. ဝိစာရဈာနင် |
| ၃. ပီတိဈာနင် | ၃. ပီတိဈာနင် | ၃. ပီတိဈာနင် |
| ၄. ဧကဂ္ဂတာဈာနင် | ၄. ဧကဂ္ဂတာဈာနင် | ၄. ဧကဂ္ဂတာဈာနင် |
| ၅. သောမနဿဈာနင် | ၅. သောမနဿဈာနင် | ၅. သောမနဿဈာနင် |
| ၆. ဥပေက္ခာဈာနင် | ၆. ဒေါမနဿဈာနင် | ၆. ဥပေက္ခာဈာနင် |
| | ၇. ဥပေက္ခာဈာနင် | |

ထိုဈာနင်တို့သည် ကုသိုလ်စိတ်၌ယှဉ်ခိုက် ကုသိုလ်ဈာနင်၊ အကုသိုလ်စိတ်၌ယှဉ်ခိုက် အကုသိုလ်ဈာနင်၊ အဗျာကတစိတ်၌ယှဉ်ခိုက် အဗျာကတဈာနင်– ဟု ထိုက်သလို ဖြစ်ကြ၏။ အထူးမှာ– ဒေါမနဿဈာနင်သည် အကုသိုလ်စိတ်၌သာ ယှဉ်သောကြောင့် အကုသိုလ်ဈာနင် သက်သက်သာ ဖြစ်၏။

❷ အောက်ပါတရားများကို ဖြေဆိုပါ။

(က) ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင်လေးပါး။

(ခ) ရှက်ကြောက်ကင်းပြား အကြမ်းဖက်သမားများ၏ စွမ်းအင်နှစ်ပါး။

[ ၂၀၀၀–ခုနှစ်၊ မေးခွန်း–၂ အဖြေကိုကြည့်ပါ။ ]

http://www.dhammadownload.com



❸ (က) သေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေ
(ခ) အသေက္ခပုဂ္ဂိုလ်များနှင့်သာ သက်ဆိုင်သော ဣန္ဒြေတို့ကို အဘိဓမ္မာပညာရှင်ပီပီ ခွဲခြားဖြေဆိုပါ။

[၁၉၉၆-ခုနှစ်၊ မေးခွန်း-၃ အဖြေကို ကြည့်ပါ။]

❹ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ ရခြင်းအကြောင်းကို ဖြေဆို၍၊ မဂ်စိတ်၌ယှဉ်သော မဂ္ဂင် ၈-ပါးနှင့် ဖိုလ်စိတ် ၌ယှဉ်သော မဂ္ဂင် ၈-ပါးတို့၏ ထူးခြားချက်ကိုလည်း ဖြေဆိုပါ။

[ ၁၉၉၅-ခုနှစ်၊ မေးခွန်း-၄ အဖြေကို ကြည့်ပါ။ ]

---

## ၂၀၀၅-ခုနှစ်

❶ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့ တတ်သော တရားအစုကို ဖြေဆို၍၊ အသက်လိပ်ပြာ ဝိညာဏ်ကောင် ရှိသည်ဟု ယခုတိုင် အချို့သောပုဂ္ဂိုလ်များ စွဲလမ်းယူဆနေခြင်းသည် မည်သည့်ဥပါဒါန်မျိုး ဖြစ်သည်ကိုလည်း ဖြေဆိုပါ။

သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ဆက်စပ်ထုံးဖွဲ့တတ်သော တရားအစုမှာ-

''ကာယဂန္ထ တရား ၄-ပါး'' ဖြစ်သော- အဘိဇ္ဈာကာယဂန္ထ၊
- ဗျာပါဒကာယဂန္ထ၊
- သီလဗ္ဗတပရာမာသကာယဂန္ထ၊
- ဣဒံသစ္စာဘိနိဝေသကာယဂန္ထ တို့ဖြစ်ပါသည်။

အသက်လိပ်ပြာဝိညာဏ်ကောင်ရှိသည်ဟု ယခုတိုင်အချို့သောပုဂ္ဂိုလ်များ စွဲလမ်းယူဆနေခြင်းသည်-

''အတ္တဝါဒုပါဒါန်'' ဖြစ်ပါသည်။

http://www.dhammadownload.com



❷ ဈာနင်္ဂ ၂၂-ပါးတို့တွင် ပညာစေတသိက်ကို အရကောက်ရသောဈာနင်္ဂတို့ကို ဖြေဆို၍၊ လောကီ လောကုတ္တရာ နှစ်မျိုးပါဝင်သော ဈာနင်္ဂများကိုလည်း ဖြေဆိုပါ။

ဈာနင်္ဂ ၂၂-ပါးတို့တွင် ပညာစေတသိက်ကို အရကောက်ရသောဈာနင်္ဂတို့မှာ–

(၁) ပညိန္ဒြေ၊ (၂) အနညာတညဿာမိတိန္ဒြေ၊ (၃) အညိန္ဒြေ၊ (၄) အညာတာဝိန္ဒြေ တို့ဖြစ်ပါသည်။

လောကီ လောကုတ္တရာ နှစ်မျိုးပါဝင်သော ဈာနင်္ဂများမှာ–

(၁) ဇီဝိတိန္ဒြေ (၂) မနိန္ဒြေ (၃) သောမနဿိန္ဒြေ (၄) ဥပေက္ခိန္ဒြေ (၅) သဒ္ဓိန္ဒြေ (၆) ဝီရိယိန္ဒြေ၊ (၇) သတိန္ဒြေ၊ (၈) သမာဓိန္ဒြေ၊ (၉) ပညိန္ဒြေ တို့ ဖြစ်ပါသည်။

❸ ကြီးပွားတိုးတက်လိုသူတိုင်း ဆောင်ရမည့် တရားအစုကို ဖြေဆို၍၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကို နာမည်အပြားအားဖြင့် ရေတွက်ပြပါ။

ကြီးပွားတိုးတက်လိုသူတိုင်း ဆောင်ရမည့်တရားအစုမှာ–

[ ၁၉၉၅ ခုနှစ်၊ မေးခွန်း–၃ ကိုကြည့်ပါ။ ]

ဗောဓိပက္ခိယတရား ၃၇–ပါးတို့ကို နာမည်အပြားအားဖြင့် ရေတွက်ပြရသော်–

| | | | |
|---|---|---|---|
| (၁) | သတိပဋ္ဌာန်တရား | = | ၄–ပါး |
| (၂) | သမ္မပ္ပဓာန်တရား | = | ၄–ပါး |
| (၃) | ဣဒ္ဓိပါဒ်တရား | = | ၄–ပါး |
| (၄) | ဣန္ဒြေတရား | = | ၅–ပါး |
| (၅) | ဗိုလ်တရား | = | ၅–ပါး |
| (၆) | ဗောဇ္ဈင်တရား | = | ၇–ပါး |
| (၇) | မဂ္ဂင်တရား | = | ၈–ပါး |
| | ပေါင်း | = | ၃၇–ပါး တို့ ဖြစ်ပါသည်။ |

http://www.dhammadownload.com



၂၀၀၆–ခုနှစ်

❶ အမုန်းတရားကို သံယောဇဉ်ဟု ဆိုနိုင်/မဆိုနိုင် အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်၍ သုတ္တန်နည်း သံယောဇဉ် ၁၀-ပါးနှင့် အဘိဓမ္မာနည်း သံယောဇဉ် ၁၀-ပါးတို့၏ ထူးခြားဟန်ကိုလည်း ဖြေဆိုခဲ့ပါ။

အမုန်းတရားကို သံယောဇဉ်ဟု ဆိုနိုင်ပါသည်။ အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်ရသော်– သံယောဇဉ် ၁၀–ပါးတွင် ပါဝင်သော ပဋိဃသံယောဇဉ်သည် ဒေါသတရားကိုယ် ဖြစ်သောကြောင့် အမုန်းတရား(ဒေါသ)ကို သံယောဇဉ်ဟု ဆိုနိုင်ရခြင်း ဖြစ်ပါသည်။

သုတ္တန်နည်း သံယောဇဉ် ၁၀–ပါးနှင့် အဘိဓမ္မာနည်း သံယောဇဉ် ၁၀–ပါးတို့၏ ထူးခြားဟန်မှာ–

သုတ္တန်နည်း၌– ရူပရာဂသံယောဇဉ်၊ အရူပရာဂသံယောဇဉ်၊ ဥဒ္ဓစ္စသံယောဇဉ်နှင့်

အဘိဓမ္မာနည်း၌– ဘဝရာဂသံယောဇဉ်၊ ဣဿာသံယောဇဉ်၊ မစ္ဆရိယသံယောဇဉ် ဟူ၍ သံယောဇဉ် ၃–ပါးစီသာ ထူးခြားပြီး ကျန်သံယောဇဉ်(၇)ပါးမှာမူ နည်း၂–ပါးလုံး၌ အတူတူပင် ဖြစ်ပါသည်။

တရားကိုယ်အားဖြင့် သုတ္တန်နည်း၌– လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟဟူသော တရားကိုယ် (၇)ပါး။

အဘိဓမ္မာနည်း၌ – ဥဒ္ဓစ္စ မပါဝင်ဘဲ ဣဿာ၊ မစ္ဆရိယဟု တရားကိုယ် (၈)ပါး ဖြစ်ပါသည်။

❷ မူးယစ်ဆေးဝါးကို မဖြတ်နိုင်လောက်အောင် စွဲလမ်းနေခြင်းသည် မည်သည့်ဥပါဒါန်မျိုး ဖြစ်ပါသနည်း ဖြေဆို၍ ဒိဋ္ဌိစေတသိက်တစ်ခုတည်းကိုပင်လျှင် "သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒါန်"ဟု အမည်အမျိုးမျိုး တပ်၍ခေါ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

မူးယစ်ဆေးဝါးကို မဖြတ်နိုင်လောက်အောင် စွဲလမ်းနေခြင်းသည်–
"ကာမုပါဒါန်" (လောဘတရားကိုယ်) ဖြစ်ပါသည်။

ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင်လျှင် 'သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒါန်' ဟု အမည်အမျိုးမျိုးတပ်၍ခေါ်ရခြင်းအကြောင်းမှာ–

http://www.dhammadownload.com



“ဒိဋ္ဌိစေတသိက်”ဟူသည် မှားယွင်းစွာသိခြင်းသဘော ဖြစ်ပါသည်။ ထိုသို့ မှားယွင်းစွာ သိရာ၌–

(၁) “နွား,ခွေးတို့၏ အလေ့အကျင့် စသောအကျင့်ကို ကျင့်လျှင် ကိလေသာလည်းစင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်လွယ်၏”ဟု မှားယွင်းစွာ သုံးသပ်သောကြောင့် ထိုဒိဋ္ဌိကို သီလဗ္ဗတပရာမာသ ဟု ဟောတော်မူပါသည်။

(၂) “အယူမှားကိုယူပြီးလျှင် ဤငါ့အယူသာအမှန် ကျန်အယူမှန်သမျှ အလွဲချည်းသာ” ဟု မှားယွင်းစွာ စွဲစွဲမြဲမြဲ ယူသောကြောင့် ထိုဒိဋ္ဌိကို ဣဒံသစ္စာ ဘိနိဝေသ ဟု ဟောတော်မူပါသည်။

(၃) မိစ္ဆာအယူရှိသူတို့ ကြံဆအပ်သော ၂၀–သော “အတ္တရှိသည်” ဟု ပြောဆိုကြောင်း ဖြစ်သော အယူ၊ အတ္တဝါဒကို မြဲမြံစွာ ယူတတ် စွဲလမ်းတတ်သောကြောင့် ထိုဒိဋ္ဌိကို အတ္တဝါဒုပါဒါန်ဟု ဟောတော်မူပါသည်။

❷ လုပ်အားတန်ဘိုး ချစ်မြတ်နိုးသောပုဂ္ဂိုလ်တို့ ပယ်ထိုက်သောတရားနှင့် တိုးပွါးစေထိုက်သော တရားတို့ကို သမ္မပ္ပဓာန် ရှုမျှော်လျက် ဖြေဆိုပြီးလျှင်၊ “အဘိဓမ္မာစာမေးပွဲ”ကို အဆင့်တိုင်း၌ ဗိုလ်စွဲလိုလျှင် ပြည့်စုံရမည့်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

လုပ်အားတန်ဘိုး ချစ်မြတ်နိုးသောပုဂ္ဂိုလ်တို့ ပယ်ထိုက်သောတရားနှင့် တိုးပွါးစေထိုက်သောတရားတို့ကို သမ္မပ္ပဓာန်ရှုမျှော်လျက် ဖြေဆိုရလျှင်– သမ္မပ္ပဓာန် ၄–ပါးသည်

(၁) မဖြစ်သေးသော အကုသိုလ်တို့ကို အသစ်မဖြစ်အောင် အားထုတ်ခြင်း၊

(၂) ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ခြင်းငှာ အားထုတ်ခြင်း၊

(၃) မဖြစ်သေးသော ကုသိုလ်တို့ကို ဖြစ်လာအောင် အားထုတ်ခြင်း၊

(၄) ဖြစ်ပြီးသော ကုသိုလ်တို့ကို တိုးပွားစေခြင်းငှာ အားထုတ်ခြင်း တို့ဖြစ်သောကြောင့်

အထက်ပါနည်းအတိုင်း ပယ်ထိုက်သော အကုသိုလ်တရားတို့ကို ပယ်၍ တိုးပွားစေထိုက်သော ကုသိုလ်တရားတို့ကို တိုးပွားစေနိုင်ပါသည်။

“အဘိဓမ္မာစာမေးပွဲ”ကို အဆင့်တိုင်း၌ ဗိုလ်စွဲလိုလျှင် ပြည့်စုံရမည့်တရားမှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၃ အဖြေကို ကြည့်ပါ။ ]

http://www.dhammadownload.com



## ၂၀၀၇–ခုနှစ်

❶ ကိုယ်ပိုင်လက္ခဏာရှိကုန်သော တရားတို့ကို သိသာရုံဖော်ပြ၍ သုတ္တန်နည်း၊ အဘိဓမ္မာနည်း နှစ်မျိုးလုံးတွင် အကျုံးဝင်သော သံယောဇဉ်တရားများကိုလည်း ရေးသားဖြေဆိုပါ။

ကိုယ်ပိုင်လက္ခဏာရှိကုန်သော တရားတို့မှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၁ အဖြေကိုကြည့်ပါ။ ]

သုတ္တန်နည်း– အဘိဓမ္မာနည်း နှစ်မျိုးလုံးတွင် အကျုံးဝင်သော သံယောဇဉ်တရားများမှာ–

(၁) ကာမရာဂသံယောဇဉ်
(၂) ပဋိဃသံယောဇဉ်
(၃) မာနသံယောဇဉ်
(၄) ဒိဋ္ဌိသံယောဇဉ်
(၅) သီလဗ္ဗတပရာမာသသံယောဇဉ်
(၆) ဝိစိကိစ္ဆာသံယောဇဉ်
(၇) အဝိဇ္ဇာသံယောဇဉ် တို့ဖြစ်ကြပါသည်။

❷ "မိန်းကလေးတို့ က္ကန္ဓြေ - ရွှေပေးလို့ မရ၊ ရဟန်းတို့ က္ကန္ဓြေ စိန်ကျွေးလည်း မရ" ဟု လောက လူသားများ ပြောဆိုနေကြရာ အဘယ်က္ကန္ဓြေတို့ကို ရည်ရွယ်သည်ကို ဖြေဆို၍၊ က္ကန္ဓြေ ၂၂-ပါးတို့ကိုလည်း ရုပ်က္ကန္ဓြေ၊ နာမ်က္ကန္ဓြေ၊ ရုပ်-နာမ်က္ကန္ဓြေအားဖြင့် ခွဲခြားဖြေဆိုပါ။

''မိန်းကလေးတို့ က္ကန္ဓြေ– ရွှေပေးလို့ မရ'' ဆိုသည်မှာ = က္ကတ္ထိန္ဓြေ

''ရဟန်းတို့ က္ကန္ဓြေ– စိန်ကျွေးလည်း မရ'' ဆိုသည်မှာ = ပုရိသိန္ဓြေ တို့ကို ရည်ရွယ်ပါသည်။

http://www.dhammadownload.com



ဣန္ဒြေ ၂၂–ပါးတို့တွင်–

| ရုပ်ဣန္ဒြေ | နာမ်ဣန္ဒြေ | |
|---|---|---|
| (၁) စက္ခုန္ဒြေ | (၁) မနိန္ဒြေ | (၈) ဝီရိယိန္ဒြေ |
| (၂) သောတိန္ဒြေ | (၂) သုခိန္ဒြေ | (၉) သတိန္ဒြေ |
| (၃) ဃာနိန္ဒြေ | (၃) ဒုက္ခိန္ဒြေ | (၁၀) သမာဓိန္ဒြေ |
| (၄) ဇိဝှိန္ဒြေ | (၄) သောမနဿိန္ဒြေ | (၁၁) ပညိန္ဒြေ |
| (၅) ကာယိန္ဒြေ | (၅) ဒေါမနဿိန္ဒြေ | (၁၂) အနညာတညဿာမိတိန္ဒြေ |
| (၆) ဣတ္ထိန္ဒြေ | (၆) ဥပေက္ခိန္ဒြေ | (၁၃) အညိန္ဒြေ |
| (၇) ပုရိသိန္ဒြေ | (၇) သဒ္ဓိန္ဒြေ | (၁၄) အညာတာဝိန္ဒြေ |

ရုပ်– နာမ်ဣန္ဒြေ

(၁) ဇီဝိတိန္ဒြေ ၁–ပါး တို့ ဖြစ်ကြပါသည်။

❷ ၃၁-ဘုံ ဘဝဇာတ်ခုံဝယ် ဇာတ်ဆရာအလိုကျ က-ပြရသော သံသရာဇာတ်ကောင်များပီပီ သံသရာခရီးကြမ်းမှ လွတ်ရာဖြစ်သော သတိပဋ္ဌာန်တရားများကို ဖော်ပြ၍ နိဗ္ဗာန်ကို ခန္ဓာအဖွဲ့အဝင်တွင် ပါဝင်ခွင့် မပေးရခြင်းအကြောင်းကိုလည်း ဖြေဆိုပြပါ။

သံသရာခရီးကြမ်းမှ လွတ်ရာဖြစ်သော သတိပဋ္ဌာန်တရားများမှာ–

(၁) ကာယာနုပဿနာ သတိပဋ္ဌာန်
(၂) ဝေဒနာနုပဿနာ သတိပဋ္ဌာန်
(၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်
(၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန် တို့ဖြစ်ပါသည်။

နိဗ္ဗာန်ကို ခန္ဓာအဖွဲ့အဝင်တွင် ပါဝင်ခွင့်မပေးရခြင်း အကြောင်းမှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၄ အဖြေကိုကြည့်ပါ။ ]

http://www.dhammadownload.com



## ၂၀၀၈–ခုနှစ်

**၁** ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်သည်ဟုဆိုသော်လည်း မဖြတ်နိုင်လောက်အောင် စွဲနေသောသူအား ဖြစ်နိုင်သောဥပါဒါန်ကို ဖော်ပြ၍ ရှာန်စသော တရားများကို ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်တတ်သော တရားများကိုလည်း ရေးသားဖြေဆိုပါ။

မဖြတ်နိုင်လောက်အောင် ဆေးလိပ်စွဲနေသောသူအား ဖြစ်နိုင်သော ဥပါဒါန်မှာ–
ကာမုပါဒါန် ဖြစ်ပါသည်။

ဈာန်စသော တရားများကို ဖြစ်ခွင့်မရအောင် ပိတ်ပင်တားမြစ်တတ်သော တရားများမှာ နီဝရဏတရား ၆–ပါးမှ –

(၁) ကာမစ္ဆန္ဒ နီဝရဏ
(၂) ဗျာပါဒ နီဝရဏ
(၃) ထိန–မိဒ္ဓ နီဝရဏ
(၄) ဥဒ္ဓစ္စ–ကုက္ကုစ္စ နီဝရဏ
(၅) ဝိစိကိစ္ဆာ နီဝရဏ ဟူသော နီဝရဏတရား ၅–ပါး ဖြစ်ပါသည်။

**၂** မကောင်းမှု အကုသိုလ်ပြုလုပ်နေသော ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မဂ္ဂင်တရားများကို ဖော်ပြ၍ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံ ခိုင်ခံ့သော သဘောတရား၏ အမည်ကိုလည်း ဖြေဆိုပါ။

မကောင်းမှု အကုသိုလ်ပြုလုပ်နေသော ဒုစရိုက်သမားတို့၏ လက်သုံးဖြစ်သော မိစ္ဆာမဂ္ဂင်တရားများမှာ–

[ ၂၀၀၁–ခုနှစ်၊ မေးခွန်း–၂(က) အဖြေကိုကြည့်ပါ။ ]

မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲမြံ ခိုင်ခံ့သော သဘောတရား၏ အမည်မှာ–
ဗိုလ်တရား ဖြစ်ပါသည်။

http://www.dhammadownload.com



❸ သူတော်ကောင်းများ အရိုးကျေကျေ အရေခန်းခန်း မဆုတ်မနစ် ဖွဲ့လုံ့လဖြင့် ပြင်းထန်စွာ အား ထုတ်အပ်သော တရားများကို ဖြေဆို၍ ဒုက္ခသစ္စာမထိုက်သော တေဘူမကတရားကိုလည်း ရေးသားပြပါ။

မဆုတ်မနစ် ဖွဲ့လုံ့လဖြင့် ပြင်းထန်စွာ အားထုတ်အပ်သော တရားများမှာ–

[ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၃ အဖြေကိုကြည့်ပါ။ ]

ဒုက္ခသစ္စာ မထိုက်သော တေဘူမကတရားမှာ– လောကာစေတသိက် ဖြစ်ပါသည်။

---

## ၂၀၀၉–ခုနှစ်

❶ မဟာသမုဒ္ဒရာရှိ ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား နစ်မြုပ်စေတတ်သော တရားများကို ဖြေဆို၍ သံယောဇဉ်အရတွင် မပါဝင်သော အကုသိုလ်စေတသိက်များကိုလည်း အမည်မှတ်သား ဖော်ပြပါ။

ဝဲဂယက်ကြီးများကဲ့သို့ သတ္တဝါများအား နစ်မြုပ်စေတတ်သော တရားများမှာ–

(၁) ကာမောဃ၊
(၂) ဘဝေါဃ၊
(၃) ဒိဋ္ဌောဃ၊
(၄) အဝိဇ္ဇောဃဟူသော ဩဃတရား ၄–ပါး ဖြစ်ပါသည်။

သံယောဇဉ်အရတွင် မပါဝင်သော အကုသိုလ်စေတသိက်များမှာ–

အဟိရိက၊ အနောတ္တပ္ပ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ တို့ဖြစ်ပါသည်။

❷ ဣန္ဒြေ ၂၂–ပါးတို့တွင် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သာ ရနိုင်သော ဣန္ဒြေကို တိကျစွာ ညွှန်ပြ၍ အကြီးအမှူး အရှင်သခင်ဖြစ်သော တရားတို့၏ စိတ်အစဉ်၌ ဖြစ်ပုံဖြစ်ပာန်ကိုလည်း သိသာရုံမျှ ဖြေဆိုပါ။

ဣန္ဒြေ ၂၂–ပါးတို့တွင် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သာ ရနိုင်သော ဣန္ဒြေမှာ–

အနညာတညဿာမိတိန္ဒြေ ဖြစ်ပါသည်။

http://www.dhammadownload.com



အကြီးအမျုး အရှင်သခင်ဖြစ်သော အဓိပတိတရားတို့သည် မိမိနှင့်အတူ ဖြစ်ဖက်တရားတို့ကို လွှမ်းမိုးအုပ်ချုပ် အရှင်သခင်လုပ်ပြီးလျှင် တကွဖြစ်ဖက် တရားစုတို့ကို ထိုထိုကိစ္စ၌ မိမိအလိုကျအောင် လိုက်ပါစေနိုင်သောတရား ဖြစ်ပါသည်။

❸ ဗောဓိပက္ခိယသင်္ဂဟ၌ ပညာစေတသိက်၏ ဖြစ်ရာဌာနတို့ကို ဖြေဆို၍၊ သက်ပွနှင့် ပီတိတရားတို့၏ လောကုတ္တရာစိတ်တို့၌ ဖြစ်ပုံ မဖြစ်ပုံတို့ကိုလည်း စုံလင်အောင် ဖြေဆိုပါ။

ဗောဓိပက္ခိယသင်္ဂဟ၌ ပညာစေတသိက်၏ ဖြစ်ရာဌာနတို့မှာ–

(၁) ဣန္ဒြိယ် (ဝီမံသိန္ဒြိယ်)
(၂) ဗလ (ပညိန္ဒြေ)
(၃) မိုလ် (ပညာမိုလ်)
(၄) ဗောဇ္ဈင် (ဓမ္မဝိစယသမ္ဗောဇ္ဈင်)
(၅) မဂ္ဂင် (သမ္မာဒိဋ္ဌိမဂ္ဂင်) တို့ဖြစ်ပါသည်။

သက်ပွနှင့် ပီတိတရားတို့၏ ဈာန်အားဖြင့် ရေတွက်သော လောကုတ္တရာစိတ် (လောကုတ္တရာစိတ်အကျယ်)တို့တွင်–

**သက်ပွ(ဝိတက်)သည်** – လောကုတ္တရာ ပထမဈာန်စိတ် ၈–ပါး၌ဖြစ်ပြီး၊ ဒုတိယဈာန်စိတ်စသော ကြွင်း လောကုတ္တရာစိတ် ၃၂–ပါး၌ မဖြစ်ပါ။

**ပီတိသည်** – လောကုတ္တရာ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်စိတ် ၂၄–ပါး၌ဖြစ်ပြီး၊ စတုတ္ထဈာန်, ပဉ္စမဈာန်စိတ်တို့တွင် မဖြစ်ပါ။

http://www.dhammadownload.com



## ၂၀၁၀–ခုနှစ်

❶ သတ္တဝါတို့ကို သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သော တရားအစုတို့ကို အဘိဓမ္မာနည်းအရ ထုတ်ပြ၍၊ သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိသော တရားအစုတို့ကိုလည်း ဖော်ပြပါ။

သတ္တဝါတို့ကို သံသရာဝဋ်အတွင်းမှ မလွတ်ကင်းရအောင် ဖွဲ့နှောင်ယှဉ်စပ်တတ်သော တရားအစုမှာ–

(၁) ကာမယောဂ၊

(၂) ဘဝယောဂ၊

(၃) ဒိဋ္ဌိယောဂ၊

(၄) အဝိဇ္ဇာယောဂဟူသော ယောဂတရား ၄–ပါး ဖြစ်ပါသည်။

သတ္တဝါတို့၏သန္တာန်၌ အစဉ်အမြဲ ကိန်းအောင်းလျက်ရှိသော တရားအစုတို့မှာ–

[ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၁ အဖြေကိုကြည့်ပါ။ ]

❷ ထိုထိုများစွာ သတ္တဝါတို့အား ကောင်းမှု–မကောင်းမှုကံများ ပြုလုပ် ကျူးလွန်မိအောင် အားပေး လှုံ့ဆော်တတ်သော အကြောင်းရင်းတရားများကို ထုတ်ပြ၍၊ ရှာန်, မဂ်, ဖိုလ် ရရန် အခြေခံဖြစ်သော နည်းလမ်းကောင်းများကိုလည်း တရားကိုယ်နှင့်တကွ ဖော်ပြပါ။

သတ္တဝါတို့အား ကောင်းမှု–မကောင်းမှုကံများ ပြုလုပ် ကျူးလွန်မိအောင် အားပေး လှုံ့ဆော်တတ်သော အကြောင်းရင်းတရားများမှာ–

[ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၃ အဖြေကိုကြည့်ပါ။ ]

ဈာန်၊ မဂ်၊ ဖိုလ်ရရန် အခြေခံဖြစ်သော နည်းလမ်းကောင်းများကို တရားကိုယ်နှင့်တကွ ဖော်ပြရသော်–

ဆန္ဒိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁–ပါး၌ယှဉ်သော ဆန္ဒစေတသိက်၊

စိတ္တိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁–ပါး၊

ဝီရိယိဒ္ဓိပါဒ် = ကုသိုလ်စိတ် ၂၁–ပါး၌ ယှဉ်သော ဝီရိယစေတသိက်၊

ဝီမံသိဒ္ဓိပါဒ် = တိဟိတ်ကုသိုလ် ၁၇–ပါး၌ ယှဉ်သော ပညာစေတသိက်၊

http://www.dhammadownload.com



❷ ဗောဓိပက္ခိယသင်္ဂဟ၌ ကောဂ္ဂတာစေတသိက်၏ ဖြစ်ရာဌာနတို့ကို အသီးသီး ရေတွက်ပြ၍၊ လူ့ခန္ဓာကိုယ် အဖွဲ့အစည်းအတွင်း၌ နိဗ္ဗာန်ပါဝင်မှု ရှိပါသလော၊ အဘိဓမ္မာအမြင်ဖြင့် ရှင်းလင်း ဖြေဆိုပါ။

ဗောဓိပက္ခိယတရား၌ ကောဂ္ဂတာစေတသိက် ဖြစ်ရာဌာနမှာ-

(၁) ဣန္ဒြေ = သမာဓိန္ဒြေ
(၂) ဗိုလ် = သမာဓိဗိုလ်
(၃) ဗောဇ္ဈင် = သမာဓိသမ္ဗောဇ္ဈင်
(၄) မဂ္ဂင် = သမ္မာသမာဓိမဂ္ဂင် တို့ဖြစ်ကြပါသည်။

လူ၏ခန္ဓာကိုယ် အဖွဲ့အစည်းတွင် နိဗ္ဗာန်ပါဝင်မှု မရှိပါ။

ခန္ဓာဖွဲ့စည်းသည်ဆိုရာ -(၁) အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်
(၂) အဇ္ဈတ္တ-ဗဟိဒ္ဓ
(၃) ဩဠာရိက-သုခုမ
(၄) ဟီန-ပဏီတ
(၅) ဒူရေ-သန္တိကေ ဟူ၍ ၁၁-ဌာနအားဖြင့် ပေါင်းစည်းရသည့် စိတ်-စေတသိက်-ရုပ်တရားများကိုသာ ခန္ဓာဖွဲ့ရခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည်- (၁) ကာလဝိမုတ်၊
(၂) ဗဟိဒ္ဓ၊
(၃) သုခုမ၊
(၄) ပဏီတ၊
(၅) ဒူရေ- ဟူ၍သာ ရရှိပြီး ၁၁-ဌာနအားဖြင့် မကွဲပြားသောကြောင့် ခန္ဓာဖွဲ့၍ မရ၊ ခန္ဓာအဖွဲ့အစည်း၌ မပါဝင်သော ခန္ဓဝိမုတ်တရားသက်သက်သာ ဖြစ်ပါသည်။

သို့ဖြစ်သောကြောင့် စိတ်-စေတသိက်-ရုပ် ပရမတ္ထတရား ၃-ပါးသာရှိသော လူ့ခန္ဓာကိုယ်အဖွဲ့အစည်းအတွင်း၌ နိဗ္ဗာန် ပါဝင်မှု မရှိရခြင်း ဖြစ်ပါသည်။

ဆဆဆလလလ

http://www.dhammadownload.com



# အဘိဓမ္မာ (တတိယဆင့်)

# ပစ္စည်းပိုင်း

## ( ၁၉၇၇–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၇–ခုနှစ်

၁။ ပဋ္ဌိစ္စသမုပ္ပါဒ်နည်းနှင့် ပဋ္ဌာန်းနည်းထူးပုံကို သကြိုဟ်လာအတိုင်း သိသာအောင် ဖော်ပြ၍ ပဋ္ဌိစ္စသမုပ္ပါဒ်တရားတော်ကို ကာလ ၃–ပါးဖြင့် ဝေဖန်ဖော်ပြပါ။

၂။ အဝိဇ္ဇာ၏ အကြောင်းတရားများကို ရှာဖွေပြ၍ အောက်ပါပဋ္ဌာန်းပစ္စည်းများ၏ သရုပ်အရေအတွက်များကို သကြိုဟ်လာအတိုင်း ရေတွက်ပြပါ။

(က) နာမ်က ရုပ်အား ကျေးဇူးပြုသောပစ္စည်း။

(ခ) ရုပ်က နာမ်အား ကျေးဇူးပြုသောပစ္စည်း။

၃။ "နွား"ဟူသောအသံကို ကြားရသောအခါ နွားဒြပ်ကို သိသည်အထိ အဆင့်ဆင့် ဖြစ်လာသော ဝီထိများကို သကြိုဟ်လာအတိုင်း ရေတွက်ပြပါ။

### ၁၉၈၀–ခုနှစ်

၁။ ပဋ္ဌိစ္စသမုပ္ပါဒ် ကြောင်းကျိုးပြတရားတော်တွင် မူလတရား ၂–ပါးကို ဖော်ပြ၍ သတ္တဝါ တစ်ဦး တစ်ယောက်အား ညှဉ်းဆဲလျှင် ဝဋ်လိုက်တတ်သည်ဟု ဆိုကြရာ မည်သည့်ဝဋ်မှ မည်သို့ လိုက်ပါသနည်း။ ရှင်းလင်းပြခဲ့ပါ။

၂။ ပတ်ဝန်းကျင်ရှိ လူများ၊ အာဟာရများ၊ ရာသီဥတုများနှင့် နေရာထိုင်ခင်းတို့သည် သင့်အား မည်ကဲ့သို့ အထောက်အပံ့ပြုလျက်ရှိကြောင်း ပဋ္ဌာန်းဆက်ဉာဏ်ဖြင့် ဆက်သွယ်ဖော်ပြခဲ့ပါ။

၃။ အဘယ်ကြောင့် "ပညတ်" ခေါ်သနည်း။ အတ္ထပညတ်–သဒ္ဒပညတ်တို့ကို သိသာရုံမျှ ခွဲခြားဖော်ပြခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၁–ခုနှစ်

၁။ ပဋိစ္စသမုပ္ပါဒ်တရားတော်၌ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏ စသည်ဖြင့် ကြောင်းကျိုးဆက်စပ်ဖော်ပြရာတွင် အဝိဇ္ဇာ၏ အကြောင်းမပါခဲ့၊ အဘယ်တရားသည် အဝိဇ္ဇာ၏ အကြောင်းဖြစ်ပါသနည်း။

၂။ ရုပ်က နာမ်အား ပုရေဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာတွင် မည်သည့်ရုပ်က မည်သည့်နာမ်အား ကျေးဇူးပြုပါသနည်း။

၃။ အောက်ပါတို့သည် မည်သည့်ပညတ်များ ဖြစ်ကြောင်း ဖော်ပြပါ။

(က) ကမ္ဘာ (ခ) ရုပ်နာမ် ၂–ပါးရှိသော ပုဂ္ဂိုလ် (ဂ) လူ၏ အသံ (ဃ) တရားသံ (င) မင်းသား

## ၁၉၈၂–ခုနှစ်

၁။ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂–ပါးတို့တွင် "တစ်နွယ်ငင်လျှင် တစ်စင်ပါသည်" ဆိုသည့်အတိုင်း အဝိဇ္ဇာကိုယူလျှင် အခြားမည်သည့်တရားများ ပါဝင်လာပါသနည်း။

၂။ အညမညပစ္စည်းဟုဆိုရာတွင် နေ့စဉ်ပြုမှု လှုပ်ရှားနေသောအခါ၌ အပြန်အလှန် အညမည ဖြစ်နိုင်သည့် တရားများကို ဖော်ပြပါ။

၃။ အဘိဓမ္မာ သဘောကို သင်ယူလျှင် အနည်းဆုံး ပညတ်နှင့် ပရမတ် ကွဲဖို့လိုပါသည်၊ သို့ဖြစ်၍ "ရုပ်–ဝေဒနာ–မြေ–တောင်"တို့၌ သိသာရုံမျှ ပညတ်–ပရမတ် ခွဲခြားပြပါ။

## ၁၉၈၃–ခုနှစ်

၁။ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအားဖြင့် အောက်ပါ အကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွယ်ဖော်ပြပါ။

(က) တပ်မက်ခင်မင် လိုချင်မှု၊ (ခ) အငမ်းမရ စွဲလမ်းမှု၊ (ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု

၂။ ကောင်းဆိုးနှစ်တန် စေတနာကံက ပေးစွမ်းနိုင်သော အကျိုးတရားများကို ပဋ္ဌာန်းနည်းအရ ပစ္စယသတ္တိနှင့်တကွ ဖော်ပြပါ။

၃။ ပညတ်သည် သဒ္ဒပညတ်–အတ္ထပညတ်ဟူ၍ နှစ်မျိုးရှိရာ သဒ္ဒပညတ် ၆–မျိုးကို ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com



## ၁၉၈၄–ခုနှစ်

၁။ လူသားမှန်သမျှ အိုခြင်း–သေခြင်း မကင်းကြလေရာ ထိုအိုခြင်း–သေခြင်းတို့၏ လက်ရင်းတရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ဖော်ပြ၍ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ကုန်စင်အောင် ရေးပြပါ။

၂။ ''စိတ်ထောင်းတော့ ကိုယ်ကြေ–စိတ်ပျိုတော့ ကိုယ်နု''ဟုဆိုရိုးစကား ရှိလေရာ၊ စိတ်သည် ကိုယ်အား ကျေးဇူးပြုနိုင်ပါမည်လော၊ ပြုနိုင်လျှင် ပဋ္ဌာန်းနည်းအရ ရှင်းလင်းဖော်ပြပါ။

၃။ ပတ်ဝန်းကျင် သန့်ရှင်းရေးသည် အလွန်လိုအပ်သည် ဖြစ်လေရာ သန့်ရှင်းသော အိမ်၊ သန့်ရှင်းသော စာသင်ကျောင်းသည် ကုသိုလ်စသော တရားများအား ကျေးဇူးပြုနိုင်ပါသလော၊ ပြုနိုင်လျှင် ပြုရာသတ္တာန်၊ ပြုတတ်သောသတ္တိတို့ကို တိကျစွာ ရေးပြပါ။

၄။ သင်ယခု ဖြေဆိုနေသော ''အဘိဓမ္မာစာမေးပွဲ''ဟူသည် ဝိဇ္ဇမာန စသည်တို့တွင် မည်သည့် ပညတ်မျိုးဖြစ်ပါသနည်း။ ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

## ၁၉၈၅–ခုနှစ်

၁။ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဘယ်တရားကြောင့် အဝိဇ္ဇာဖြစ်ပါသနည်း။ ဖြေဆိုပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အဆက်မပြတ် လည်ပတ်နေရခြင်း၏ အကြောင်းရင်းတရားများကိုလည်း ဖော်ပြပါ။

၂။ ''ပဋ္ဌာန်းဆက်''ဟူသော စကားကို သင် အဘယ်သို့ နားလည်ပါသနည်း။ ရှင်းပြပြီးလျှင် သဟဇာတသဘောနှင့် အညမညသဘောတို့၏ ထူးခြားပုံကိုလည်း ဖြေဆိုပါ။

၃။ ''ပညတ်''ဆိုသည်မှာ အဘယ်နည်း။ အများနားလည်အောင် ရှင်းပြပြီးလျှင် အောက်ပါတို့ကိုလည်း ပညတ်အမျိုးအစား ခွဲခြားရှင်းလင်းပြပါ။
(က) အဆိုတော် သီချင်းသံ (ခ) သဘော်သားကား

## ၁၉၈၆–ခုနှစ်

၁။ အလုံးစုံသော ဆင်းရဲဒုက္ခအပေါင်းတို့ ဖြစ်ပေါ်ရခြင်း၏အကြောင်းများကို ဖော်ပြ၍ ''ဝဋ်မြဲ အမြဲ ငရဲအပ'' ဆိုရိုးစကားအရ မရှုမလှ ဆင်းရဲဒုက္ခ ခံနေရသူ၌ ဝဋ်သုံးပါးတို့တွင် အဘယ်ဝဋ် ဖြစ်သည်ကို ရှင်းပြပါ။

http://www.dhammadownload.com



၂။ ကျေးဇူးပြုပုံ ပြုနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်း ဘယ်နှစ်မျိုးရှိသည်ကို ရှင်းပြ၍ လှပသော ရှုပါရုံသည် မြင်သိစိတ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုသည်ကိုလည်း ညွှန်ပြပါ။

၃။ ''ရုပ်နာမ်နှစ်ပါး၊ မကွဲပြား၊ မှတ်သားလူ့အန္ဓ''ဟူသော စကားအရ အန္ဓ (အကန်း)မဖြစ်စေရန် ရုပ်နှင့်နာမ် ကွဲပြားအောင် ခွဲခြားပြ၍ သဒ္ဓပညတ်၊ အတ္ထပညတ် နှစ်ပါးသိရှိရပုံ အခြင်းအရာကိုလည်း ရှင်းလင်း ရေးသားခဲ့ပါ။

## ၁၉၈၇–ခုနှစ်

၁။ သတ္တဝါမှန်သမျှ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သဘောတို့ အဆက်မပြတ် လည်ပတ်ဖြစ်နေကြသည့်အတိုင်း လူချမ်းသာတစ်ဦးနှင့် ဆင်းရဲသားတစ်ဦးတို့ သန္တာန်၌ မျက်မှောက်ကာလ (ပစ္စုပ္ပန်အခွန်)ဝယ် ပဋိစ္စသမုပ္ပါဒ်သဘောတရားများ ဖြစ်ပေါ်နေပုံကို သိသာရုံ ကြောင်းကျိုးဆက်ကာ တင်ပြပါ။

၂။ ကုသိုလ်တရား ပွားများပြုလုပ်အားထုတ်နေသော ပုဂ္ဂိုလ်၏ ကောင်းမှုကုသိုလ်တရားများသည် ထိုသူအား ကိုယ်ရောစိတ်ပါ နှစ်ဖြာအကျိုး ပွားတိုးစေရန် ပဋ္ဌာန်းပစ္စည်း မည်မျှဖြင့် ကျေးဇူးပြုသည်ကို ဖော်ပြ၍ လိုရင်းအချုပ် ပဋ္ဌာန်းပစ္စည်းသရုပ်ကိုလည်း ထုတ်ပြခဲ့ပါ။

၃။ ''ပရမတ်–ပညတ်၊ ထိုနှစ်ရပ်တွင်၊ ပရမတ်သာ လိုရင်း၊ ပညတ်မှာ အနှစ်ကင်းလို့ လိုရင်း မဟုတ်''ဟု ပြောတတ်ကြရာ လောကီ၌ ''ပညတ်''လည်း အရေးကြီးပုံကို အဘိဓမ္မာဆရာ အလိုကျ သိသာရုံ ရှင်းလင်းပြဆိုပြီး ''အဆင်းလှသူ''ဟူသော စကား၌ မည်သည့်ပညတ် ဖြစ်သည်ကိုလည်း ညွှန်ပြခဲ့ပါ။

## ၁၉၈၈–ခုနှစ်

၁။ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ရပ်ဝယ် အဝိဇ္ဇာနှင့်တဏှာ ဟူသော အတိတ်ကြောင်း ၂–ပါးသာ ထင်ရှား တွေ့ရပါလျက် အတိတ်အကြောင်း ငါးပါးဟု ပြောဆိုနိုင်အောင် အဘယ်တရားများကို သွင်းယူပါသနည်း၊ ဖြေဆို၍ ကမ္မဝဋ်အရကိုလည်း ကောက်ပြပါ။

၂။ ရေဒီယိုမှ သီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား အဘယ်ပဋ္ဌာန်းပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း၊ ဖော်ပြလျက် ၂၄–ပစ္စည်းကို အကျဉ်းချုပ်က ရရှိသော ပစ္စည်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၃။ အတ္ထပညတ် ခေါ်ခြင်းအကြောင်းကို သိသာရုံ ဖြေဆို၍ အောက်ပါတို့၏ ပညတ်အမည်များကိုလည်း အသီးသီး ဖော်ပြပါ။ (က) မာနကြီးသူ၊ (ခ) မြန်မာ့အသံ၊ (ဂ) ရုပ်ရှင်မင်းသမီး

http://www.dhammadownload.com



# အဘိဓမ္မာ (တတိယဆင့်)
# ပစ္စည်းပိုင်း
## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ် ထိ )
## မေးခွန်းဟောင်းနှင့် စံပြအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** လူဖြစ်လာရခြင်း (ဇာတိ)ကြောင့် တွေ့ကြုံရမည့် အကျိုးတရားတို့ကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ပြည့်စုံအောင် ဖော်ပြပြီးလျှင် ဝဋ်တရားသုံးပါးကိုလည်း ရေတွက်ပြပါ။

လူဖြစ်လာရခြင်း (ဇာတိ)ကြောင့် တွေ့ကြုံရမည့် အကျိုးတရားတို့သည် ပဋိစ္စသမုပ္ပါဒ်နည်းအရ–

အကျိုးရင်းတရားများမှာ = ဇရာ–မရဏ
အကျိုးဆက်တရားများမှာ = သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရားတို့ ဖြစ်ပါသည်။

ဝဋ်တရား ၃–ပါးမှာ–

(၁) ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်
(၂) ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ
(၃) ဝိပါကဝဋ် = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ–မရဏ၊

**၂** ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ပညတ်ပါဝင်သော ပစ္စည်းများကိုသာ ထုတ်ပြ၍၊ ကျန်းမာအသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းသည် မည်သည့်ပစ္စည်း ဖြစ်ပါသနည်း။ ပစ္စည်းအမည် ထုတ်ပြဖြေဆိုပါ။

ပဋ္ဌာန်း ၂၄–ပစ္စည်းတို့တွင် ပညတ်ပါဝင်သော ပစ္စည်းများမှာ–

(၁) အာရမ္မဏပစ္စည်း
(၂) ဥပနိဿယပစ္စည်း တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ကျန်းမာ အသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းမှာ–

အာဟာရပစ္စည်း ဖြစ်ပါသည်၊ အကျိုး(ပစ္စယုပ္ပန်) ဖြစ်ကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ ခိုင်စေတတ်သည့် အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော အကြောင်းတရား အာဟာရ ၄–ပါးသည် အာဟာရပစ္စည်း ဖြစ်ပါသည်။

❸ (က) နာမ်တရား။ (ခ) ရုပ်တရား။ (ဂ) နာမ်တရားနှင့် ရုပ်တရား ယင်းတို့ အညမည ဖြစ်နေပုံကို သိသာအောင် ရှင်းလင်း တင်ပြပါ။

(က) နာမ်တရား = စိတ်–၈၉၊ စေတသိက် ၅၂–ပါးတို့သည်လည်းကောင်း။

(ခ) ရုပ်တရား = မဟာဘုတ် ၄–ပါးတို့သည်လည်းကောင်း၊

(ဂ) နာမ်တရားနှင့်ရုပ်တရား = (ပဋိသန္ဓေကာလ) ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည်လည်းကောင်း၊

၎င်း ရုပ်နာမ်တရားတို့သည် (သစ်သား ၃–ချောင်းကို ထောင်၍ ထားရာ၊ မလဲမပြို အောင် အချင်းချင်း ကျေးဇူးပြုသကဲ့သို့) အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော ကြောင့် အညမညပစ္စည်း မည်ပါသည်။

❹ ပညတ်၏အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် အောက်ပါတို့ကို ဆိုင်ရာ အတ္ထပညတ် အမည်ထူး များဖြင့် ဖြေဆိုပါ။

(က) သစ်ခွပန်းပင် (ခ) ဆဋ္ဌလိုဏ်ဂူ

ပညတ်ဆိုသည်မှာ = အမျိုးမျိုး အစားစား များပြားသော နာမည်တပ်၍ သိစေ အပ်သောတရား ဖြစ်ပါသည်။

(က) သစ်ခွပန်းပင် = ဥပါဒါပညတ်၊ သဏ္ဌာနပညတ်၊

(ခ) ဆဋ္ဌလိုဏ်ဂူ = အာကာသပညတ်၊ ဥပနိဓာပညတ်၊

http://www.dhammadownload.com



၁၉၉၀-ခုနှစ်

၁ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘယ်တရားကြောင့် ဖြစ်ပါသနည်း။ အကြောင်းပြဖြေဆို၍ ဘဝကိုလည်း ပြည့်စုံအောင် သရုပ်ခွဲပြပါ။

အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် ''အာသဝေါတရား ၄-ပါး''ကြောင့် ဖြစ်ပါသည်။

ဇာတိကြောင့် သောက, ပရိဒေဝ စသည်တို့ဖြစ်သည်ဆိုရာ၌ ''ဇာတိ''သည် သောက စသည်တို့ ဖြစ်ရခြင်း၏ အရင်းခံအကြောင်းဝေးသာ ဖြစ်ပါသည်၊ သောက စသည်တို့၏ အနီးဆုံးသော အကြောင်းတရားမှာ အာသဝေါတရား ၄-ပါးသာ ဖြစ်ပါသည်၊ သတ္တဝါများသည် အာသဝေါတရား ၄-ပါး (လောဘ,ဒိဋ္ဌိ,မောဟ) ရှိနေခြင်းကြောင့်သာ သောက စသည်တို့ ဖြစ်နေရခြင်း ဖြစ်သည်။

ဤကဲ့သို့ သောက စသည်တို့ဖြစ်ရခြင်းတွင် ဆင်းရဲဒုက္ခရောက်ရခြင်း၏ အမှန်သဘောစသော အချက်တို့ကို ဖုံးလွှမ်း ကာကွယ်ထားမှု အဝိဇ္ဇာသဝ (မောဟ)သည် အဓိကအကြောင်းဖြစ်ပြီး၊ ၎င်းကို အကြောင်းပြု၍ သောက စသည်တို့နှင့်အတူ နောက်နောက်အဝိဇ္ဇာများ ထပ်ဖြစ်နေခြင်းကြောင့် သောက စသည်တို့၏ အကြောင်းမှာ အာသဝေါတရားများ ဖြစ်သကဲ့သို့ ''အရင်းစစ်-အမြစ်မြေက'' ဆိုသလို အဝိဇ္ဇာ၏ အကြောင်းမှာ အာသဝေါတရား ၄-ပါး ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်း၌လာသော ''ဘဝ''ကို ပြည့်စုံအောင် သရုပ်ခွဲပြရသော်-

ဘဝ အရ = ကမ္မဘဝနှင့် ဥပပတ္တိဘဝဟူ၍ ၂-မျိုးရှိပါသည်။

ကမ္မဘဝ အရ = လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉-ပါး၊ ထိုစေတနာနှင့် သမ္ပယုတ်ဖြစ်သော သုစရိုက် ၁၀-ပါး၊ ဒုစရိုက် ၁၀-ပါး။

ဥပပတ္တိဘဝအရ= လောကီဝိပါက်စိတ်၊ စေတသိက် နှင့် ကမ္မဇရုပ် ၂၀-ပါးတို့ ဖြစ်ပါသည်။

ဤတွင် ကမ္မဘဝကြောင့် ဥပပတ္တိဘဝသည် ဖြစ်ပေါ်လာသဖြင့် ကမ္မဘဝသည် အကြောင်းဘဝ, ဥပပတ္တိဘဝသည် အကျိုးဘဝဖြစ်ပါသည်။

http://www.dhammadownload.com



❷ ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုကို ဖြေဆိုပြီးလျှင် အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဋ္ဌာန်းပစ္စည်းကိုလည်း ညွှန်ပြခဲ့ပါ။

ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုတို့မှာ–

(၁) ဟေတုဖလ အစပ် = အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး ဝိညာဏ်အကြားရှိအစပ်၊

(၂) ဖလဟေတု အစပ် = ပစ္စုပ္ပန်အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်းတဏှာကြားရှိအစပ်၊

(၃) ဟေတုဖလ အစပ် = ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး ဇာတိအကြားရှိ အစပ်၊

အကျိုးဖြစ်ပြီးမှ အကြောင်းဖြစ်ရသော ပဋ္ဌာန်းပစ္စည်းမှာ "ပစ္ဆာဇာတပစ္စည်း" ဖြစ်ပါသည်။

ပစ္ဆာဇာတပစ္စည်းဟူသည်– နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်ပါသည်၊ ရှေးကပေါက်နှင့်ပြီးသော သစ်ပင်အား နောက်မှ ရွာသွန်းအပ်သော မိုးရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ နောက်နောက်၌ဖြစ်သော စိတ်တို့သည် ရှေ့ကဖြစ်နှင့်ပြီး ဌီသို့ရောက်နေသော ရုပ်တို့အား တည်ခိုင် သန့်စွမ်းစေသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပစ္ဆာဇာတပစ္စည်း မည်၏။

(ပေါက်ခါစ လင်းတငယ်၏ ကိုယ်အား အာဟာရ၌ စားလိုသော, တောင့်တသော စေတနာသည် နောက်၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့တည်း။)

❸ ပကတူပနိဿယပစ္စည်း၏ သဘောသဘာဝကို အရှင်အနုရုဒ္ဓါဆရာ၏ အလိုကျ ပြည့်စုံအောင် ရှင်းပြပြီးလျှင် အောက်ပါတို့သည် မည်သည့် သဒ္ဒပညတ်များ ဖြစ်ကြသည်ကိုလည်း ဖြေဆိုပါ။ (က) ခေါင်းလောင်းသံ၊ (ခ) စာဖြေပုဂ္ဂိုလ်

ပကတူပနိဿယပစ္စည်း၏ သဘောသဘာဝကို အရှင်အနုရုဒ္ဓါဆရာ၏ အလိုကျ ပြည့်စုံအောင် ရှင်းပြရသော်–

(အာရမ္မဏ အနန္တရတို့နှင့် မရောရသည့်တိုင်အောင်) ပင်ကိုယ်ပကတိ သဘောသက်သက်ဖြင့်ပင် အားကြီးသော မှီရာအကြောင်းဖြင့် ကျေးဇူးပြုတတ်သောပစ္စည်းသည် ပကတူပနိဿယပစ္စည်း မည်၏။

http://www.dhammadownload.com



ပကတူပနိဿယပစ္စည်းသည် ၂၄–ပစ္စည်းတို့အနက် အကျယ်ဝန်းဆုံးပစ္စည်းဖြစ်၏။

**ပကတူပနိဿယ၏ ကျယ်ဝန်းပုံမှာ–**

(က) သဒ္ဓါ စသော ကုသိုလ်တရားများ၊ ရာဂ စသော အကုသိုလ်တရားများ၊ ကာယိကသုခ၊ ကာယိကဒုက္ခ၊ ဥတု, ဘောဇဉ်, ပုဂ္ဂလ, သေနာသန… ဤတရားတို့သည် ထိုက်သည့် အားလျော်စွာ အဇ္ဈတ္တ, ဗဟိဒ္ဓသန္တာန်၌ ကုသိုလ် စသောတရားတို့ အားလည်းကောင်း၊

(ခ) ဗလဝဖြစ်သော ကုသိုလ်၊ အကုသိုလ်ကံသည် ဝိပါက်နာမက္ခန္ဓာတို့အားလည်း ကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်။

(က) ခေါင်းလောင်းသံ = အဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်၊
(ခ) စာဖြေပုဂ္ဂိုလ် = အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်၊

---

**၁၉၉၁–ခုနှစ်**

**၁** "ပဋိစ္စသမုပ္ပါဒ်"ဟူသော စကား၏ အဓိပ္ပာယ်ကို ရှင်းပြ၍ ယင်း ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါးကို ကာလသုံးရပ်၊ အစပ်သုံးဖြာတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

**"ပဋိစ္စသမုပ္ပါဒ်"ဟူသော စကား၏ အဓိပ္ပာယ်–**

ဆိုင်ရာအကြောင်းရှိလျှင် လျော်သောအကျိုး ဖြစ်စွမ်းနိုင်ရန် တည်ရှိသောသဘော သတ္တိသည် (ပဋိစ္စသမုပ္ပါဒ)ပဋိစ္စသမုပ္ပါဒ် မည်၏။

**ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါးကို ကာလသုံးရပ်ဖြင့် ဝေဖန်ပြရသော်–**

(၁) **အတိတ်ကာလ** = အဝိဇ္ဇာ၊ သင်္ခါရ။

(၂) **ပစ္စုပ္ပန်ကာလ** = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ။

(၃) **အနာဂတ်ကာလ** = (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာ–မရဏ။

**ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂–ပါးကို အစပ်သုံးဖြာဖြင့် ဝေဖန်ပြရသော်–**

[၁၉၉၀–ခု၊ နံပါတ် ၂–အဖြေကို ကြည့်ပါ။]

http://www.dhammadownload.com



❷ သတ္တဝါတို့အား သံသရာဝဋ်မှ မလွတ်ရအောင် အစဉ်အမြဲ အမြစ်တွယ်စေတတ်သော သံသရာ ဝဋ်မြစ်တရား နှစ်ပါးကို ထုတ်ဖော်ရေးသား၍၊ ပဋိသန္ဓေနေမှု (ဇာတိ)ကြောင့် ဖြစ်ပေါ်လာသော အကျိုးရင်း၊ အကျိုးဆက်တရားအစုကို တစ်ခုမကျန် ရေးသားပြပါ။

သတ္တဝါတို့အား သံသရာဝဋ်မှ မလွတ်ရအောင် အစဉ်အမြဲ အမြစ်တွယ်စေတတ်သော သံသရာ ဝဋ်မြစ်တရားနှစ်ပါးမှာ– "အဝိဇ္ဇာနှင့် တဏှာ" ဟူသော မူလတရားများ ဖြစ်ပါသည်။

ပဋိသန္ဓေနေမှု (ဇာတိ)ကြောင့် ဖြစ်ပေါ်လာသော...

အကျိုးရင်းတရားများမှာ = ဇရာ–မရဏ။

အကျိုးဆက်တရားများမှာ = သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တရားတို့ ဖြစ်ပါသည်။

❸ ပဋ္ဌာန်းပစ္စည်းတို့တွင် နာမ်တရားနှင့် ရုပ်တရားတို့ အပြန်အလှန် ကျေးဇူးပြုတတ်သော ပစ္စည်းများကို ထုတ်ပြ၍၊ အာသေဝန၊ ကမ္မပစ္စည်းတို့၏ အနက်အဓိပ္ပာယ်ကိုလည်း နားလည်အောင် ဖြေဆိုရေးသားခဲ့ပါ။

ပဋ္ဌာန်းပစ္စည်းတို့တွင် နာမ်တရားနှင့်ရုပ်တရားတို့ အပြန်အလှန် ကျေးဇူးပြုတတ်သော ပစ္စည်းများမှာ–

(၁) သဟဇာတပစ္စည်း
(၂) အညမညပစ္စည်း
(၃) နိဿယပစ္စည်း
(၄) အတ္ထိပစ္စည်း
(၅) အဝိဂတပစ္စည်း

[မှတ်ချက်။ (ရှင်းလင်းချက်) "ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေ ဝိပါက် နာမက္ခန္ဓာလေးပါးတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြခြင်း"ကို ဆိုလိုပါသည်။ ဤသို့ ရှင်းလင်းချက်သည် စာဖတ်သူများအတွက်သာ ဖြစ်၏။ စာမေးပွဲတွင် ထည့်ဖြေရန် မဟုတ်ပါ။]

http://www.dhammadownload.com



**အာသေဝနပစ္စည်း၏အနက်အဓိပ္ပာယ်**

အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းသည် အာသေဝန ပစ္စည်း မည်၏။

ဥပမာ– ရှေးရှေး၌ ထုံအပ်သော နံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအား အဆင်းအနံ့ကို လွန်စွာ ပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ရှေးရှေး၌ သင်အံ့သော ကျမ်းဂန်သည် နောက်နောက်၌ သင်အံသော ကျမ်းဂန်အား သင်ကြားရာ၌ လွယ်ကူ စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့၊ ပစ္စယုပ္ပန်တရားအား မိမိနှင့်တူအောင် အဖန်တလဲလဲ ပြုပြင်ဖြစ်စေခြင်းငှာ ကျေးဇူးပြုတတ်သောကြောင့် အာသေဝနပစ္စည်း မည်၏။

**ကမ္မပစ္စည်း၏ အနက်အဓိပ္ပာယ်–**

ကံဖြစ်၍ ကျေးဇူးပြုတတ်သော ပစ္စည်းသည် ကမ္မပစ္စည်း မည်၏၊ ဤကမ္မပစ္စည်းသည် အောက်ပါအတိုင်း ၂–မျိုးပြား၏။

(က) သဟဇာတကမ္မပစ္စည်း = တကွဖြစ်ဖက်တရားတို့ကို စေ့ဆော် ဆော်ဩခြင်းဗျာပါရ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော စေတနာဖြစ်ပါသည်။

(ခ) နာနာက္ခဏိကကမ္မပစ္စည်း = ဝိပါက်နာမက္ခန္ဓာ၊ ကဋတ္တာရုပ်တို့အား ဖြစ်ပေါ်လာအောင် ကျေးဇူးပြုတတ်သော အတိတ် ကုသိုလ်၊ အကုသိုလ် စေတနာ ဖြစ်ပါသည်။

❾ နိဗ္ဗာန်သည် နာမ်လော၊ ရုပ်လော၊ အကြောင်းပြဖြေဆို၍ အောက်ပါတို့၏ သဒ္ဒပညတ် အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

(က) ရုပ်ဝေဒနာ (ခ) ရေမြေတောတောင်

(ဂ) ပညာရှိပုဂ္ဂိုလ် (ဃ) မိန်းမအသံ

**နိဗ္ဗာန်သည် နာမ်ဖြစ်ပါသည်၊ အကြောင်းပြရသော်**

ပစ္စည်းပိုင်း၌ "ရုပ်တရားဟူသည် ရူပက္ခန္ဓာတည်း၊ နာမ်တရားဟူသည် ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဤ ၄–ပါးနှင့် နိဗ္ဗာန်တရားတည်း" ဟု ဟောကြားတော်မူအပ်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



သဒ္ဒပညတ်အမည်များ

(က) ရုပ်ဝေဒနာ = ဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်
(ခ) ရေမြေတောတောင် = အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်
(ဂ) ပညာရှိပုဂ္ဂိုလ် = ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်
(ဃ) မိန်းမအသံ = အဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်

---

## ၁၉၉၂–ခုနှစ်

❶ ပဋ္ဌာန်းတွင် ပစ္စည်းကိုအကြောင်း၊ ပစ္စယုပ္ပန်ကို အကျိုးဟုဆို၏၊ ယင်းသို့ဖြစ်လျှင် နိဗ္ဗာန်သည် အကြောင်းလော၊ အကျိုးလော၊ အကယ်၍အကြောင်းဖြစ်ခဲ့ပါမူ ဆိုင်ရာအကျိုးတို့အား အဘယ် ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသနည်း၊ ဖြေဆိုခဲ့ပါ။

ပဋ္ဌာန်းတွင် ပစ္စည်းကို အကြောင်း၊ ပစ္စယုပ္ပန်ကို အကျိုးဟု ဆို၏၊ နိဗ္ဗာန်သည် ပစ္စည်းထိုက်သောတရားဖြစ်သောကြောင့် အကြောင်းတရား ဖြစ်ပါသည်။

အကြောင်းတရား ဖြစ်သော နိဗ္ဗာန်သည် ဆိုင်ရာအကျိုးတို့အား အာရမ္မဏပစ္စည်း၊ အာရမ္မဏာဓိပတိပစ္စည်း၊ အာရမ္မဏူပနိဿယပစ္စည်းတို့ဖြင့် ကျေးဇူးပြုပါသည်။

❷ သတ္တဝါတို့ အဘယ်ကြောင့် သေရသည်ကို ကြောင်းကျိုးဆက်စပ် ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ် ဟောစဉ်ဒေသနာဖြင့် ညှိ၍ ဖြေဆိုပြီးလျှင် ဘုံသုံးပါး၌ မပြတ်လည်နေသော ပဋိစ္စသမုပ္ပါဒ် စက်ကြီး အပြီးတိုင် ရပ်သွားစေရန် အဓိက ပယ်သတ်ရမည့် အခြေခံမူလဘူတကို ကောက်ပြခဲ့ပါ။

ကြောင်းကျိုးဆက်စပ် ဖော်ပြသည့် ပဋိစ္စသမုပ္ပါဒ်ဟောစဉ် ဒေသနာတွင် ''ဇာတိ ပစ္စယာ ဇရာ–မရဏ''ဟု ဖော်ပြထားသဖြင့်–

သတ္တဝါတို့ သေရခြင်း (မရဏ)အကျိုးတရားသည် ဇာတိတည်းဟူသော အကြောင်း တရား ဖြစ်ပါသည်။

ဘုံသုံးပါး၌ မပြတ်လည်နေသော ပဋိစ္စသမုပ္ပါဒ်ကြီး အပြီးတိုင် ရပ်သွားစေရန် အဓိက ပယ်သတ်ရမည့် အခြေခံ မူလဘူတတို့မှာ–

အဝိဇ္ဇာ နှင့် တဏှာ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ဥပမာ– သစ်ပင်၌ ရေသောက်မြစ်ပြတ်လျှင် တစ်ပင်လုံး ပျက်စီးတော့သကဲ့သို့ ထို့အတူ သံသရာတွင် စည်ပင်နေသည့် သတ္တဝါဟု ဆိုအပ်သော ရုပ်နာမ်ခန္ဓာသစ်ပင်ကြီး၌ အဝိဇ္ဇာ,တဏှာဟူသော ရေသောက်မြစ် နှစ်ခုကို အရဟတ္တမဂ်တည်းဟူသော ဓား သံလျက် လက်နက်ဖြင့် ဖျက်ဆီးလိုက်သည့်အခါ သင်္ခါရတရားတို့၏ အပြီးတိုင် ချုပ်ငြိမ်း ခြင်းသို့ ရောက်ခြင်းဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အလည်ရပ်ပါမည်။

❷ ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှား မရှိပါဘဲလျက် အဘယ်ကြောင့်စိတ်, စေတသိက်တို့၏ အာရုံဖြစ်သည်ကို ဖြေဆို၍၊ လိုချင်စုံမက် နှစ်သက်ဖွယ် ကောင်းလှသော ဝင်းခြံ, တိုက်တာ, ဗိမ်ခံကားနှင့် ၎င်းတို့၏ ပိုင်ရှင် ယဥ်ချောစုတို့သည် မည်သည့်အတ္ထပညတ်များ ဖြစ်သည်ကို ပိုင်းခြားစိတ်ဖြာ ဖြေဆိုခဲ့ပါ။

ပညတ်သည် ပရမတ်ကဲ့သို့ ထင်ရှား မရှိသော်လည်း လောကသမုတိအနေဖြင့် ထင်ရှား ရှိ၍ ဓမ္မာရုံထိုက်သော တရားဖြစ်သဖြင့် စိတ်, စေတသိက်တို့၏ အာရုံဖြစ်ပါသည်။

**အတ္ထပညတ်များ**

| | | |
|---|---|---|
| ဝင်းခြံ | = | ဥပါဒါပညတ် |
| တိုက်တာ | = | သမူဟပညတ် |
| ဗိမ်ခံကား | = | သမူဟပညတ် |
| ယဥ်ချောစု | = | ဥပါဒါပညတ် (ပုဂ္ဂလပညတ်၊ ဇာတိပညတ်) |

---

**၁၉၉၃–ခုနှစ်**

❶ လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ်ခံစားနေရသော ဆင်းရဲဒုက္ခစုကြီးသည် အဘယ်အကြောင်းကြောင့် ဖြစ်ရပါသနည်း။ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရှင်းပြ၍ ဝင့်သုံးပါး သရုပ်ကိုလည်း အဓိပ္ပာယ်နှင့်တကွ ဖော်ထုတ်ရေးခဲ့ပါ။

လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ် ခံစားနေရသော ဆင်းရဲဒုက္ခစုကြီး သည် အဝိဇ္ဇာနှင့် တဏှာတည်းဟူသော မူလတရား နှစ်ပါးကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



**ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ–**

သတ္တဝါများသည် လူ, နတ်, ဗြဟ္မာ စသော ဘဝအမျိုးမျိုး၊ ရုပ်, နာမ်, ခန္ဓာအမျိုးမျိုးဖြင့် ကျင်လည်နေရခြင်းမှာ ဗြဟ္မာဇိဿနီး အစရှိသော တန်ခိုးရှင်တို့၏ ဖန်ဆင်းမှုကြောင့် မဟုတ်ဘဲ အဝိဇ္ဇာနှင့် တဏှာတည်းဟူသော ပဋိစ္စသမုပ္ပါဒ် သံသရာဝဋ်ဆင်းရဲ၌ လည်ပတ်ရခြင်း၏ အကြောင်းရင်းဖြစ်သော ဝဋ်မြစ် (မူလ) ၂–ပါးကြောင့်ပင် ဖြစ်လေသည်။ ဤဝဋ်မြစ် ၂– ပါးကို အခြေခံ၍ ကျန်တရားစုများ ဖြစ်သော သင်္ခါရ, ဝိညာဏ်, နာမ်ရုပ် စသော တရားများသည်လည်း ဆက်စပ်၍ ကြောင်းကျိုးမပြတ် လည်ပတ်ကြရလေသည်။

ဤသို့ဖြင့် မိမိတို့ရရှိထားသော ရုပ်နာမ်စုကို အရင်းတည်၍ နောက်ရုပ်နာမ်အသစ်ရစေရန်၊ သုခ မရောယှက် ဒုက္ခတုံး ဒုက္ခစုသာဖြစ်သော အဝိဇ္ဇာစသော အကြောင်းတရားများကို ကြောင်းကျိုးဆက်စပ် ပြုလုပ်ခြင်းဖြင့် သံသရာတစ်ခွင်တွင် ဘဝအမျိုးမျိုး၊ ခန္ဓာအမျိုးမျိုး ကျင်လည်နေကြခြင်း ဖြစ်ပါသည်။

**ဝဋ်သုံးပါးသရုပ်–**

''အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်''တည်းဟူသော သတ္တဝါတို့၏ စိတ်အစဉ်ကို ညစ်နွမ်းပူလောင်စေတတ်သည့် **ကိလေသဝဋ်**တရားများကြောင့်၊ ''သင်္ခါရ၊ ကမ္မဘဝ''တည်းဟူသော ကမ္မဝဋ်တို့ကို ပြုလုပ်အားထုတ်မိကြပါသည်။ ယင်းကမ္မဝဋ်တရားများကြောင့် ''ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဥပပတ္တိဘဝ)ဇာတိ–ဇရာ–မရဏ'' တည်းဟူသော အကျိုးဝိပါက်၊ ခန္ဓာများဖြစ်သော **ဝိပါကဝဋ်**တို့ ဖြစ်ကြရပါသည်။

**၂** ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလို သွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း မည်မျှရမည်နည်း။ ရေတွက်ပြ၍ ပစ္စည်းများ၏ အကျဉ်းချုပ်တရားကိုယ်ကိုလည်း ကောက်ပြခဲ့ပါ။

ပဋ္ဌာန်းပစ္စည်းများကို အကျဉ်းချုပ်လျှင် အောက်ပါအတိုင်း ၄–ပစ္စည်းရပါသည်။

(၁) အတ္ထိပစ္စည်း၊ (၃) အာရမ္မဏပစ္စည်း၊
(၂) ဥပနိဿယပစ္စည်း၊ (၄) ကမ္မပစ္စည်း

**ပဋ္ဌာန်းပစ္စည်းများ၏ အကျဉ်းချုပ်တရားကိုယ်မှာ–**

ပညတ်၊ နာမ်၊ ရုပ် (တစ်နည်း) စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန်နှင့် ပညတ်တရားတို့ဖြစ်ပါသည်။

http://www.dhammadownload.com



❸ နာမ်နှင့် ရုပ်တို့အချင်းချင်း ကျေးဇူးပြုကြပုံကို ဖော်ပြရေးသား၍ အာရမ္မဏပစ္စည်းသရုပ်ကိုလည်း မှန်ကန်အောင် ထုတ်ဆောင်ပြခဲ့ပါ။

**နာမ်နှင့် ရုပ်တို့အချင်းချင်း ကျေးဇူးပြုကြပုံ–**

အချင်းချင်း ကျေးဇူးပြုတတ်သောပစ္စည်းသည် အညမညပစ္စည်းဖြစ်၏၊ အညမညပစ္စည်းသည် (၁) နာမ်အညမညပစ္စည်း၊ (၂) ရုပ်အညမညပစ္စည်း၊ (၃) နာမ်ရုပ် အညမညပစ္စည်း ဟူ၍ ၃–မျိုး ပြားရာဝယ် နာမ်နှင့်ရုပ်တို့ အချင်းချင်း ကျေးဇူးပြုသောပစ္စည်းသည် ရုပ်နာမ် အညမညပစ္စည်း ဖြစ်ပါသည်၊ ကျေးဇူးပြုပုံမှာ– ပဋိသန္ဓေခဏ၌ ဟဒယဝတ္ထုရုပ်နှင့် ပဉ္စဝေါကာရ ပဋိသန္ဓေဝိပါက် နာမက္ခန္ဓာလေးပါးတို့သည် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြပါသည်။

**အာရမ္မဏပစ္စည်းသရုပ်မှာ–**

စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန်နှင့် ပညတ်တို့ ဖြစ်ပါသည်။

❹ ဤလောကတွင် "ယောက်ျား, မိန်းမ"ဟူ၍ သတ်မှတ်ခေါ်ဆိုမှု ဖြစ်ပေါ်လာရခြင်းအကြောင်းကို ရှင်းလင်း ရေးသား၍၊ ရုပ်, ဝေဒနာ, မြေ, တောင်တို့၏ ပညတ်အမည်များကိုလည်း ညွှန်ပြခဲ့ပါ။

**"ယောက်ျား, မိန်းမ"ဟူ၍ သတ်မှတ်ခေါ်ဆိုမှု ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ–**

ပရမတ္ထဓမ္မကို စွဲ၍ ထင်မြင်အပ်သော (သို့မဟုတ်) ခန္ဓာငါးပါးအပေါင်းကို အစွဲပြု၍ သိအပ်သော ယောက်ျား, မိန်းမ, ပုဂ္ဂိုလ် စသော သတ္တပညတ်၊ ဇာတိပညတ်သည် ဥပါဒါပညတ် မည်သောကြောင့် "ယောက်ျား–မိန်းမ"ဟု သတ်မှတ် ခေါ်ဆိုကြခြင်း၏ အကြောင်းမှာ ဥပါဒါပညတ် (ဇာတိပညတ်)ကြောင့် ဖြစ်ပါသည်။

| | | အတ္ထပညတ် | သဒ္ဒပညတ် |
|---|---|---|---|
| ရုပ် | = | တဇ္ဇာပညတ် | ဝိဇ္ဇမာနပညတ် |
| ဝေဒနာ | = | တဇ္ဇာပညတ် | ဝိဇ္ဇမာနပညတ် |
| မြေ | = | သမူဟပညတ် | အဝိဇ္ဇမာနပညတ် |
| တောင် | = | ဥပါဒါပညတ် | အဝိဇ္ဇမာနပညတ် |

http://www.dhammadownload.com



၁၉၉၄–ခုနှစ်

❶ ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဟု ဆိုရာတွင် အမှတ်မရှိ- ဝိညာဏ်ကြောင့် နာမ်ရုပ်အားလုံး ဖြစ်ပါသလော၊ ရှင်းလင်းဖြေဆို၍၊ အစပ် ၃-ပါး စပ်ထားပုံကိုလည်း ပိုင်းခြားပြပါ။

ပဋိစ္စသမုပ္ပါဒ်နည်းအရ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်ဆိုရာဝယ် အမှတ်မရှိသော ဝိညာဏ်ကြောင့် နာမ်ရုပ်အားလုံး ဖြစ်ခြင်းမဟုတ်ပါ၊ ရှင်းလင်းဖြေဆိုရသော်–

ဝိညာဏ်အရ – ရှေးရှေးဘဝက ပြုခဲ့သော ကမ္မဝိညာဏ်နှင့် ယခုပဋိသန္ဓေမှာဖြစ်သော ဝိပါက် ဝိညာဏ်များကို ကောက်ယူရပါမည်။

နာမ်ရုပ်အရ – ဝိပါက်ဝိညာဏ်နှင့် ယှဉ်သော စေတသိက်များနှင့် ကမ္မဇရုပ်ကို ကောက်ယူရပါမည်။

အစပ် ၃–ပါးစပ်ထားပုံ – [၁၉၉၀–ခု၊ နံပါတ် ၂–အဖြေကိုကြည့်ပါ။]

❷ ပဋိစ္စသမုပ္ပါဒ်ဟူသည် အဘယ်တရားကို ခေါ်ဆိုပါသနည်း။ ဖြေဆို၍ ယင်းပဋိစ္စသမုပ္ပါဒ် စက်ကြီး မည်သို့ လည်ပတ်နေသည်ကို ရှင်းလင်းဖြေဆိုပါ။

ပဋိစ္စသမုပ္ပါဒ်ဟူသည်–

အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ)နှင့် ဇာတိ (ဥပပတ္တိဘဝ)တည်းဟူသော အကြောင်းတရားများ ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်စက်ကြီးလည်ပတ်ပုံ–**

ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ စသော တွေဝေမိန်းမောစေတတ်သော တရားအပေါင်းတို့သည် သတ္တဝါတို့ သန္တာန်၌ မပြတ်နှိပ်စက်တတ်ပေ၏၊ ထိုသို့ နှိပ်စက်ခံရသော သတ္တဝါတို့သန္တာန်၌ သောက စသည်ဖြစ်ခြင်းကြောင့် အာသဝေါတရားတို့ ဖြစ်ပေါ်၏၊ ထိုသို့ အာသဝေါတရားတို့ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်ပြန်၏။

အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရ ဝိညာဏ် –––၊ ဇရာ၊ မရဏ၊ သောက စသည်တို့ ဖြစ်ရ၏၊ သောကဖြစ်ခြင်းကြောင့် အာသဝေါတရားဖြစ်၊ အာသဝေါတရား ဖြစ်ခြင်းကြောင့် အဝိဇ္ဇာဖြစ်၊ ဤသို့အားဖြင့် ပဋိစ္စသမုပ္ပါဒ်စက်ကြီး (တစ်နည်း) ဝဋ္ဋတရားသည် လည်ပတ်

http://www.dhammadownload.com



နေတော့သည်။

❸ ကာလသုံးပါး၌ ဖြစ်သော တရား၊ ကာလသုံးပါးမှ လွတ်သောတရားတို့ကို ခွဲခြားပြဆိုပြီးလျှင် ကားသံ, မြေနှံ့, စက်ရုံတို့၏ သဒ္ဒပညတ်အမည်များကိုလည်း တိကျစွာ ဖော်ပြပါ။

ကာလသုံးပါး၌ဖြစ်သောတရား = စိတ်, စေတသိက်, ရုပ်။

ကာလသုံးပါးမှ လွတ်သောတရား= နိဗ္ဗာန်, ပညတ်၊

(၁) ကားသံ = အဝိဇ္ဇမာနေန-ဝိဇ္ဇမာနပညတ်

(၂) မြေနှံ့ = အဝိဇ္ဇမာနေန-ဝိဇ္ဇမာနပညတ်

(၃) စက်ရုံ = အဝိဇ္ဇမာနေန-အဝိဇ္ဇမာနပညတ်

---

## ၁၉၉၅-ခုနှစ်

❶ သတ္တဝါမှန်သမျှ အိုခြင်းသေခြင်း မကင်းနိုင်ကြရာ ထိုအိုခြင်း, သေခြင်းတို့၏ လက်ရင်း တရားခံကို ပဋိစ္စသမုပ္ပါဒ်နည်းအရ ညွှန်ပြ၍ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရား များကိုလည်း ဖြေဆိုပါ။

သတ္တဝါမှန်သမျှ အိုခြင်း, သေခြင်း (ဇရာ-မရဏ) မကင်းနိုင်ကြရာ ပဋိစ္စသမုပ္ပါဒ်နည်း အရ ထိုအိုခြင်း, သေခြင်းတို့၏ လက်ရင်းတရားခံမှာ-

"ဇာတိ" ဖြစ်ပါသည်။

ထိုလက်ရင်းတရားခံ ဇာတိ၏အကျိုးဆက်တရားမှာ-

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတို့ ဖြစ်ပါသည်။

❷ "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျိုတော့ကိုယ်နု" ဟု ဆိုရိုးစကားရှိရာ၊ စိတ်သည် ကိုယ်အား မည်သို့မည်ပုံ ကျေးဇူးပြုသည်ကို ပဋ္ဌာန်းနည်းအရ ဖြေဆိုပါ။

ပဋ္ဌာန်းနည်းအရ စိတ်(နာမ်)သည် ကိုယ်(ရုပ်)အား-

ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

[ကျေးဇူးပြုပုံကို ၁၉၉၀-ခုနှစ်၊ နံပါတ် ၂-အဖြေကြည့်ပါ။]

http://www.dhammadownload.com



❸ နေ့နှင့်ည ဖြစ်ပေါ်လာခြင်း၏အကြောင်းတို့ကို ရေး၍ အဘိဓမ္မာပညာရှင်တို့ ဖြေဆိုနေသော "အဘိဓမ္မာစာမေးပွဲ"ဟူသည် ဝိဇ္ဇမာနပညတ် စသည်တို့တွင် မည်သည့်ပညတ်မျိုး ဖြစ်သည်ကိုလည်း ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

**နေ့နှင့်ည ဖြစ်ပေါ်လာရခြင်းအကြောင်း**

နေ၊ လ နက္ခတ်တို့ မြင်းမိုရ်တောင်ကို လက်ယာရစ် လှည့်လည်၍ သွားခြင်းကို စွဲ၍ သိအပ်သော ခဏငယ်မှစ၍ နေ့နှင့်ညဟု ပညတ်ရာမှ နေ့နှင့်ည ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်၊ နေ့-ညဟူသည် ကာလပညတ် (အတ္ထပညတ်) ဖြစ်ပါသည်။

အဘိဓမ္မာစာမေးပွဲသည် – ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက် "အဘိဓမ္မာ"နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက် "စာမေးပွဲ"ကို တွဲစပ်၍ ခေါ်ဝေါ်အပ်သောကြောင့် ဝိဇ္ဇမာနေန-အဝိဇ္ဇမာနပညတ် ဖြစ်ပါသည်။

---

## ၁၉၉၆-ခုနှစ်

❶ ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အားဖြင့် အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွယ်ဖော်ပြပါ။

(က) တပ်မက်ခင်မင် လိုချင်မှု၊

(ခ) စိုးရိမ်ပူဆွေး ငိုကြွေးမှု၊

ကြောင်းကျိုးဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အားဖြင့်-

(က) တပ်မက်မှု လိုချင်မှု (တဏှာ)၏ အကြောင်းတရားမှာ- "ဝေဒနာ" ဖြစ်ပါသည်။

(ခ) စိုးရိမ်ပူဆွေးမှု ငိုကြွေးမှု(သောက၊ ပရိဒေဝ)တို့၏-

ဝေးသောအကြောင်းတရားမှာ – ပဋိသန္ဓေနေမှု (ဇာတိ)၊

နီးသောအကြောင်းတရားမှာ – အာသဝေါတရား ၄-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❷ လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာ ကြွယ်ဝသူကို "လူချမ်းသာ"ဟု ဆိုလေ့ရှိရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ "လူချမ်းသာ"ဟူ၍ ရှိနိုင်-မရှိနိုင် အဘိဓမ္မာပညာရှင်ပီပီ စိစစ်ပြ၍ "အဝိဇ္ဇာ၏အကြောင်းတရား"ကိုလည်း ဖြေဆိုပါ။

လူမှုနယ်ပယ်၌ စည်းစိမ်ဥစ္စာ ကြွယ်ဝသူကို ''လူချမ်းသာ''ဟု ဆိုလေ့ရှိသော်လည်း ပဋိစ္စသမုပ္ပါဒ်နည်းအရ ''လူချမ်းသာ''ဟူ၍ မရှိနိုင်ပါ။

အကြောင်းမှာ- ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာ စသော အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ပေါ်လာသော ရုပ်နာမ်ဓမ္မ အကျိုးအဆက်ဆက် မှန်သမျှသည် ချမ်းသာမဖက် ဒုက္ခစုသက်သက်မျှ ဖြစ်သည်ဟု ဆိုထားသောကြောင့်ဖြစ်ပါသည်။

**အဝိဇ္ဇာ၏ အကြောင်းတရားမှာ-**

[၁၉၉၀-ခုနှစ်၊ နံပါတ် ၁-အဖြေကို ကြည့်ပါ။]

❸ လူ့လောက၌ ပြောဆိုနေကြသည့် အပေါင်းအသင်း မကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍ တိုးတက် ကြီးပွားရသည်ဟူသော စကားကို မြတ်ဗုဒ္ဓ အဘိဓမ္မာနှင့် ညီ-မညီ စိစစ်ပြ၍ ပရမတ္ထဓမ္မများကို အနှစ်ချုပ်ပါက မည်မျှရှိသည်ကိုလည်း ဖြေဆိုပါ။

လူ့လောက၌ ပြောဆိုနေကြသည့် အပေါင်းအသင်း မကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်း ကောင်း၍ တိုးတက်ကြီးပွားရသည် ဟူသော စကားသည် မြတ်ဗုဒ္ဓ၏ အဘိဓမ္မာနှင့် ညီညွတ်မှု ရှိပါသည်။

အကြောင်းမှာ- ပဋ္ဌာန်းဒေသနာတော်၌ ပကတူပနိဿယပစ္စည်းအရ အပေါင်းအသင်း ပုဂ္ဂိုလ်သည် ထိုက်သည့် အားလျော်စွာ အဇ္ဈတ္တသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ (တိုးတက်ကြီးပွားခြင်း)ကုသိုလ်, (ပျက်စီးခြင်း)အကုသိုလ် စသည်တို့အား ပကတိသဘော အားဖြင့် အားကြီးသော မှီရာအဖြစ် ကျေးဇူးပြုတတ်သည်ဟု ဆိုထားသောကြောင့် ဖြစ်ပါသည်။

**ပရမတ္ထတရားများမှာ-** စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန် ဟူ၍ ၄-ပါးရှိရာဝယ် စိတ်၊ စေတသိက်နှင့် နိဗ္ဗာန်ကို ''နာမ်''ဟု သတ်မှတ်ခေါ်ဆိုခြင်းကြောင့် ပရမတ္ထတရားများ၏ အနှစ်ချုပ်မှာ နာမ်နှင့်ရုပ်သာ ဖြစ်ပါသည်။

http://www.dhammadownload.com



၁၉၉၇–ခုနှစ်

❶ အောက်ပါတရားများကို ဖော်ပြပါ။

(က) ဇာတိ၏အကျိုးဆက်, အကျိုးရင်းတရား

(ခ) အို,နာ,သေ ဝဋ်ဒုက္ခမှ ကင်းဝေးရန် ပယ်သတ်ရမည့်တရား။

(ဂ) ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်များအား အနာဂတ်ဘဝ၌ မလွဲကေန် တွေ့ကြုံရမည့် တရား။

(က) ဇာတိ၏အကျိုးဆက်တရားများ = သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ၊

ဇာတိ၏အကျိုးရင်းတရားများ = ဇရာ, မရဏ

(ခ) အို,နာ,သေ ဝဋ်ဒုက္ခမှ ကင်းဝေးရန် ပယ်သတ်ရမည့်တရား
= အဝိဇ္ဇာနှင့် တဏှာဟူသော မူလတရား ၂–ပါး။

(ဂ) ရဟန္တာမှတစ်ပါး အခြားပုဂ္ဂိုလ်များအား အနာဂတ်ဘဝ၌ မလွဲကေန် တွေ့ကြုံရမည့် တရား = (ဥပပတ္တိဘဝ) ဇာတိ၊ ဇရာ– မရဏ

(တစ်နည်း) = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။

❷ နာမ်တရားသည် နာမ်, ရုပ်တရား နှစ်ပါးအား ကျေးဇူးပြုသော ပစ္စည်းများကို ဖော်ပြ၍ "အာရမ္မဏာဓိပတိပစ္စည်း" ကျေးဇူးပြုပုံကိုလည်း ကြောင်း,ကျိုး ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။

နာမ်တရားသည် နာမ်, ရုပ်တရားနှစ်ပါးအား ကျေးဇူးပြုသော ပစ္စည်းများမှာ–

ဟေတုပစ္စည်း၊ ကမ္မပစ္စည်း၊ ဝိပါကပစ္စည်း၊ ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း – ပေါင်း ၅–ပစ္စည်း ဖြစ်ပါသည်။

အာရမ္မဏာဓိပတိပစ္စည်း၏ ကျေးဇူးပြုပုံ

အာရမ္မဏာဓိပတိပစ္စည်းဟူသည် သာမန်အာရုံမျှမကဘဲ စိတ်, စေတသိက်တရား တို့ကို အာရုံသဘောအားဖြင့် လွှမ်းမိုး အစိုးရ၍ ကျေးဇူးပြုသောပစ္စည်းဖြစ်၏။ ၎င်း၏ ကျေးဇူးပြုပုံကို ကြောင်း,ကျိုး ပေါ်လွင်အောင် ဖြေဆိုရသော်–

http://www.dhammadownload.com



အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် ၁၈–ပါး၊ (ဒေါသမူ ၂–ခု၊ မောဟမူ ၂–ခု၊ ဒုက္ခသဟဂုတ် ကာယဝိညာဏ်တို့ကြဉ်သော) စိတ် ၈၄–ပါး၊ (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၄၇–ပါး၊ နိဗ္ဗာန် ဤပစ္စည်းတရားတို့သည် –

အလေးအမြတ် ပြုတတ်သော (လောဘမူစိတ်–၈၊ မဟာကုသိုလ်–၈၊ မဟာကြိယာ ဉာဏသမ္ပယုတ်–၄၊ လောကုတ္တရာ–၈) ပေါင်း စိတ် ၂၈–ပါး၊ (ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ၊ အပ္ပမညာ ၂–ပါးကြဉ်) စေတသိက် ၄၅–ပါး ဤပစ္စယုပ္ပန် တရားတို့အား အာရမ္မဏာဓိပတိသတ္တိဖြင့် ကျေးဇူးပြုပါသည်။

❸ ပညတ်နှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍ အောက်ပါပညတ်များကိုလည်း အမည်ပေးခဲ့ပါ။ (က) ခန္ဓာ ၅–ပါးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပညတ်၊

(ခ) ခြောက်ပါးသောအဘိညာဉ်ကို ရသူ၊

(ဂ) မင်း၏သားတော်၊

ပညတ် ၂–မျိုးမှာ = အတ္ထပညတ်နှင့် သဒ္ဒပညတ်တို့ဖြစ်ကြသည်။

အတ္ထပညတ်ဟူသည်မှာ = သူတစ်ပါး နားလည်အောင် အမည်အမျိုးမျိုးတပ်ကာ ခေါ်ဝေါ်အပ် သိစေအပ်သော အနက် ဒြဗ်ဝတ္ထုမျိုးဖြစ်၏။

သဒ္ဒပညတ်ဟူသည်မှာ = အတ္ထပညတ်ဖြစ်သော အနက်ဒြဗ်ဝတ္ထုမျိုးကို သိစေတတ်သော ခေါ်ဝေါ်ကြောင်း အမည်သညာ, စကားသံများ သည် သဒ္ဒပညတ်မည်၏။

**ပညတ်အမည်များ**

(က) ခန္ဓာ ၅–ပါးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပညတ် = ဇာတိပညတ်၊ ဥပါဒါပညတ် (အတ္ထပညတ်)

(ခ) ခြောက်ပါးသော အဘိညာဉ်ကို ရသူ = ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

(ဂ) မင်း၏သားတော် = အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

http://www.dhammadownload.com



**၁၉၉၈–ခုနှစ်**

**၁** "ပဋိစ္စသမုပ္ပါဒ်"အရ တရားကိုယ်ကောက်ပြ၍ အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကိုလည်း ပဋိစ္စသမုပ္ပါဒ်နည်းအရ ဖြေဆိုပါ။

(က) လှပသော ရုပ်ပါရုံကို တပ်မက်ချစ်ခင်လိုချင်မှု၊

(ခ) လှပသော ရုပ်ပါရုံကို မပျောက်မရအောင် စွဲလမ်းမှု၊

"ပဋိစ္စသမုပ္ပါဒ်"အရ တရားကိုယ်မှာ–

လောကီစိတ်–၈၁၊ စေတသိက်–၅၂၊ ရုပ် ၂၈–ပါး တို့ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်းအရ

(က) လှပသောရုပ်ပါရုံကို တပ်မက် ချစ်ခင်လိုချင်မှု တဏှာ၏အကြောင်းတရားမှာ– "ဝေဒနာ" ဖြစ်ပါသည်။

(ခ) လှပသော ရုပ်ပါရုံကို မပျောက်မရအောင် စွဲလမ်းမှု "ဥပါဒါန်"၏အကြောင်းတရားမှာ– "တဏှာ"ဖြစ်ပါသည်။

**၂** အသက်ရှည်စွာ အနာမဲ့ရေးအတွက် အဓိကလိုအပ်သော ပစ္စည်းတရား, ပစ္စယုပ္ပန်တရားများကို ပဋ္ဌာန်းနည်းအရ ရှာဖွေရေးသားပြီးလျှင် လှပသော ရုပ်ပါရုံသည် ကြည့်ရှုသူ၏ မြင်သိစိတ်အား ကျေးဇူးပြုရာ၌ ပါဝင်သော ပစ္စည်းတရားများကိုလည်း ဖော်ပြပါ။

အသက်ရှည်စွာ အနာမဲ့ရေးအတွက် အဓိကလိုအပ်သော ပစ္စည်းတရားသည် အာဟာရပစ္စည်းဖြစ်ပါသည်။ အာဟာရပစ္စည်းဟူသည် ထောက်ပံ့နိုင်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား ဖြစ်ပါသည်၊ အာဟာရပစ္စည်းသည် (၁) ရုပ်အာဟာရပစ္စည်း။ (၂) နာမ်အာဟာရပစ္စည်း ဟူ၍ ၂–ပါး အပြားရှိပါသည်။

(၁) ရုပ်အာဟာရပစ္စည်းနှင့် ပစ္စယုပ္ပန်တရားများ

အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိက ဩဇာနှင့် ဗဟိဒ္ဓသန္တာန်၌ရှိသော ဥတုဇ ဩဇာဟူသော ပစ္စည်းတရားတို့သည် အချင်းချင်း ပေါင်းဆုံမိ၍၊ ဤသို့ အရောက်၌ အာဟာရဇရုပ် ပစ္စယုပ္ပန်တရားများကို ဖြစ်ပွားစေခြင်းဖြင့် ကျေးဇူးပြုပါသည်။

http://www.dhammadownload.com



## (၂) နာမ်အာဟာရပစ္စည်းနှင့် ပစ္စယုပ္ပန်တရားများ

ဖဿ၊ စေတနာ၊ ဝိညာဏ် ဟူသော နာမ်အာဟာရ ၃–ပါး ပစ္စည်းတရားတို့သည် တကွဖြစ်ဖက် စိတ်–၈၉၊ စေတသိက်–၅၂၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် ဟူသော ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုပါသည်။

လှပသော ရှုပါရုံသည် ကြည့်ရှုသူ၏ မြင်သိစိတ်အား ကျေးဇူးပြုသော ပစ္စည်းတရားများမှာ–

(၁) အာရမ္မဏပစ္စည်း
(၂) ပုရေဇာတပစ္စည်း
(၃) အတ္ထိပစ္စည်း
(၄) အဝိဂတပစ္စည်း တို့ဖြစ်ပါသည်။

**၃** "ရုပ်နာမ်နှစ်ပါး၊ ကွဲတုံပြား၊ မှတ်သားကလျာဏ"ဟူသည်နှင့်အညီ ကလျာဏပုထုဇ္ဇဉ်စာရင်း ဝင်ရန် ပရမတ္ထတရားများကို ရုပ်, နာမ်ခွဲပြပြီးလျှင်၊ အောက်ပါတို့တွင် (က)ကို အတ္ထပညတ်၊ (ခ)ကို သဒ္ဒပညတ်အမည် ပေးပါ။

(က) စပယ်ပန်း၊ (ခ) ပညာဗိမာန်

ပရမတ္ထတရား ၄–ပါးကို ရုပ်,နာမ် ခွဲပြရသော်–

စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါးနှင့် နိဗ္ဗာန်တို့သည် နာမ်တရား၊ ရုပ် ၂၈–ပါး သည် ရုပ်တရားဖြစ်ပါသည်။

ပညတ်အမည်များ–

(က) စပယ်ပန်း = သဏ္ဌာနပညတ် (အတ္ထပညတ်)
(ခ) ပညာဗိမာန် = ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် (သဒ္ဒပညတ်)

http://www.dhammadownload.com



## ၁၉၉၉-ခုနှစ်

❶ ဇာတိ၏အကျိုးရင်းနှင့် အကျိုးဆက်ကို ခွဲခြားဖော်ပြ၍ ပဋိစ္စသမုပ္ပါဒ်ကို အလွှာလေးပါးဖြင့် ခွဲပြပါ။

ဇာတိ၏အကျိုးရင်းနှင့် အကျိုးဆက် = [၁၉၉၇-ခုနှစ်၊ နံပါတ် ၁(က) အဖြေကြည့်ပါ။]

ပဋိစ္စသမုပ္ပါဒ်ကို အလွှာလေးပါးဖြင့် ခွဲပြရသော်-

(၁) အတိတ်အကြောင်းလွှာ = အဝိဇ္ဇာ၊ သင်္ခါရ
(၂) ပစ္စုပ္ပန်အကျိုးလွှာ = ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ
(၃) ပစ္စုပ္ပန်အကြောင်းလွှာ = တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ
(၄) အနာဂတ်အကျိုးလွှာ = (ဥပပတ္တိဘဝ)ဇာတိ၊ဇရာ-မရဏ တို့ဖြစ်ပါသည်။

❷ လူသားတိုင်း မွေးသည်မှ သေသည်အထိ နေ့စဉ် ခံစားနေရသော ဆင်းရဲဒုက္ခစုကြီးသည် အဘယ် အကြောင်းကြောင့် ဖြစ်ရသည်ကို ပဋိစ္စသမုပ္ပါဒ်နည်းဖြင့် ရှင်းပြ၍ ဝင့်သုံးပါး၏ သရုပ်ကိုလည်း ရေးခဲ့ပါ။

[၁၉၉၃-ခု၊ နံပါတ် ၁-အဖြေ ကြည့်ပါ။]

❸ ရေဒီယိုမှ သီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား အဘယ်ပဋ္ဌာန်းပစ္စည်းများဖြင့် ကျေးဇူးပြုသည်ကို ရေး၍၊ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းသည် မည်သည့် ပစ္စည်းဖြစ်ပါသနည်း။ ဖြေဆိုပါ။

ရေဒီယိုမှ သီချင်းသံသည် နားဆင်သူ၏ စိတ်အစဉ်အား ပဋ္ဌာန်းပစ္စည်းများဖြင့် ကျေးဇူးပြုပုံ-

[၁၉၉၃-ခု၊ နံပါတ် ၂-အဖြေ ကြည့်ပါ။]

ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသော ပစ္စည်းမှာ-

[၁၉၈၉-ခု၊ နံပါတ် ၂-အဖြေ ကြည့်ပါ။]

http://www.dhammadownload.com



## ၂၀၀၀–ခုနှစ်

**၁** ကြောင်းကျိုးဆက်သွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့် အောက်ပါအကျိုးတရားများ၏ အကြောင်းတရားများကို ဆက်နွယ်ဖော်ပြပါ။

(က) တပ်မက်ခင်မင် လိုချင်မှု၊
(ခ) အငမ်းမရ စွဲလမ်းမှု၊
(ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု

ကြောင်းကျိုးဆက်သွယ်မှုပြ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအားဖြင့်

(က) တပ်မက် ခင်မင် လိုချင်မှု (တဏှာ)၏ အကြောင်းတရားမှာ–
“ဝေဒနာပစ္စယာ တဏှာ”အရ တပ်မက်ခင်မင် လိုချင်မှု(တဏှာ)၏ အကြောင်းတရားမှာ “ဝေဒနာ” ဖြစ်ပါသည်။

(ခ) အငမ်းမရ စွဲလမ်းမှု (ဥပါဒါန်)၏ အကြောင်းတရားမှာ–
“တဏှာပစ္စယာ ဥပါဒါန်”အရ အငမ်းမရ စွဲလမ်းမှု(ဥပါဒါန်)၏ အကြောင်းတရားမှာ “တဏှာ” ဖြစ်ပါသည်။

(ဂ) စိုးရိမ်ပူဆွေး ငိုကြွေးမှု (သောက,ပရိဒေဝ)၏ အကြောင်းတရားမှာ–
“ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ......”အရ စိုးရိမ်ပူဆွေး ငိုကြွေးမှု (သောကပရိဒေဝ)၏ ဝေးသောအကြောင်းတရားမှာ “ဇာတိ” ဖြစ်၍ အနီးဆုံးသော အကြောင်းတရားမှာ အာသဝေါတရား (၄)ပါးသာ ဖြစ်ပါသည်။

**၂** ဘုံသုံးပါး၌ မပြတ်လည်နေသော ပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင်ရပ်သွားစေရန် အဓိက ဦးတည်ပယ်သတ်ရမည့် အခြေခံမူလဘူတတို့ကို ရေးသား၍ “ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်”၏ အင်္ဂါတို့ကိုလည်း ဖော်ပြပါ။

ပဋိစ္စသမုပ္ပါဒ်စက်ကြီး အပြီးတိုင်ရပ်သွားစေရန် အဓိက ဦးတည်ပယ်သတ်ရမည့် အခြေခံ မူလဘူတတို့မှာ–

“အဝိဇ္ဇာနှင့်တဏှာ” တို့ဖြစ်ပါသည်။

“ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်”၏ အင်္ဂါတို့မှာ–

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ–မရဏ ဟူသော အင်္ဂါ ၁၂–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



❷ ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်းမည်မျှရှိသည်ကို ရေတွက်ပြ၍၊ ထို ပဋ္ဌာန်းပစ္စည်းအဖြစ်ဖြင့် ဟောအပ်သောတရားတို့ကိုလည်း ဖော်ပြပါ။

ပဋ္ဌာန်းပစ္စည်းများကို ထိုက်သလိုသွင်းယူ၍ အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း= "၄–ပစ္စည်း" ရပါသည်။

၎င်းတို့မှာ–

(၁) အတ္ထိပစ္စည်း
(၂) ဥပနိဿယ ပစ္စည်း
(၃) အာရမ္မဏပစ္စည်း
(၄) ကမ္မပစ္စည်း တို့ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စည်း အဖြစ်ဖြင့် ဟောအပ်သောတရားတို့မှာ–

ပညတ်၊ နာမ်၊ ရုပ်

(တစ်နည်း) စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး၊ နိဗ္ဗာန်၊ ပညတ်တရားတို့ ဖြစ်ပါသည်။

---

## ၂၀၀၁–ခုနှစ်

❶ ဤလောက၌ သတ္တဝါတစ်ယောက် ဖြစ်ပေါ်လာခြင်းသည် တန်ခိုးကြီးမား ထာဝရဘုရား သခင် စသည်တို့ ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသလော၊ ကြောင်းကျိုး ဆက်နွယ်မှုပြ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ ဖြေဆိုပါ။

ဤလောက၌ သတ္တဝါတစ်ယောက် ဖြစ်ပေါ်လာခြင်းသည် တန်ခိုးကြီးမား ထာဝရဘုရားသခင် စသည်တို့က ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ–

သတ္တဝါများသည် တန်ခိုးရှင်တို့၏ ဖန်ဆင်းမှုကြောင့်မဟုတ်ဘဲ အဝိဇ္ဇာနှင့်တဏှာ တည်းဟူသော ပဋိစ္စသမုပ္ပါဒ် သံသရာဝဋ်ဆင်းရဲ၌ လည်ပတ်ရခြင်း၏အကြောင်းရင်းဖြစ်သော ဝဋ်မြစ် (မူလ)၂–ပါးကြောင့်ပင် ဖြစ်လေသည်။ ဤဝဋ်မြစ် ၂–ပါးကိုအခြေခံ၍ ကျန်တရားစုများဖြစ်သော သင်္ခါရ, ဝိညာဏ်, နာမ်ရုပ် စသည့်တရားများသည်လည်း ဆက်စပ်၍ ကြောင်းကျိုးမပြတ် လည်ပတ်ကြရလေသည်။

http://www.dhammadownload.com



ဤသို့ဖြင့် မိမိတို့ရရှိထားသော ရုပ်နာမ်စုကို အရင်းတည်၍ နောက်ရုပ်နာမ်အသစ် ရစေရန် သုခ မရောယှက် ဒုက္ခတုံး ဒုက္ခစုသာဖြစ်သော အဝိဇ္ဇာစသော အကြောင်းတရားများကို ကြောင်းကျိုးဆက်စပ်ပြုလုပ်ခြင်းဖြင့် သံသရာတစ်ခွင်တွင် ဘဝအမျိုးမျိုး ခန္ဓာအမျိုးမျိုး ကျင်လည်ခဲ့ကြခြင်းဖြစ်ပါသည်၊ ထာဝရဘုရားသခင်စသည်တို့က ဖန်ဆင်းလိုက်သောကြောင့် ဖြစ်ပေါ်လာခြင်း မဟုတ်ပါ။

(တစ်နည်း)

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၌ မြတ်စွာဘုရားရှင်သည် ''အဝိဇ္ဇာ၏အကြောင်းကြောင့် သင်္ခါရတရားတို့သည် ဖြစ်ကုန်၏'' စသည်ဖြင့် ဟောကြားတော်မူပြီးလျှင်၊ ''ဧဝ မေ တဿ.....= ဤအဝိဇ္ဇာ အစရှိသော အကြောင်းတို့ကြောင့်သာ သုခမဖက် သက်သက်သော ဤဒုက္ခအစု၏ ဖြစ်ခြင်းသည် ထင်ရှား၏''ဟု နိဂုံးအဆုံးသတ်ထားသော ဟောတော်မူချက်အရ-

သတ္တဝါဟု သမုတ်အပ်သော ခန္ဓာ ၅-ပါးအစု = ဒုက္ခအစု ဖြစ်ပေါ်လာခြင်းသည် ထာဝရဘုရားသခင် စသည်တို့က ဖန်ဆင်းခြင်းကြောင့်မဟုတ်၊ အဝိဇ္ဇာ, သင်္ခါရ အစရှိသော အကြောင်းတရားတို့ကြောင့်သာ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

**၂** ဝဋ်သုံးပါးကို ရေတွက်ပြ၍ အဝိဇ္ဇာ၏ အကြောင်းတရားကိုလည်း ဖြေဆိုပါ။

ဝဋ်သုံးပါးမှာ-

(၁) ကိလေသဝဋ် = အဝိဇ္ဇာ၊ တဏှာ, ဥပါဒါန်
(၂) ကမ္မဝဋ် = သင်္ခါရ၊ ကမ္မဘဝ
(၃) ဝိပါကဝဋ် = ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, (ဥပပတ္တိဘဝ) ဇာတိ, ဇရာ-မရဏ။

အဝိဇ္ဇာ၏ အကြောင်းတရားမှာ- အာသဝေါတရား ၄-ပါး ဖြစ်ပါသည်။

ဇရာ-မရဏ၊ သောက၊ ပရိဒေဝ စသော တွေဝေမိန်းမောစေတတ်သောတရားအပေါင်းသည် သတ္တဝါတို့သန္တာန်၌ မပြတ်နှိပ်စက်တတ်၏၊ ထိုသို့ နှိပ်စက်ခံရသော သတ္တဝါတို့၌ သောက စသည်တို့ဖြစ်ခြင်းကြောင့် အာသဝေါတရားတို့သည်လည်းဖြစ်ပေ၏၊ ထိုသို့ အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာသည်လည်း ဖြစ်ပြန်၏၊ ထို့ကြောင့် အဝိဇ္ဇာ၏အကြောင်းတရားမှာ အာသဝေါတရား ဖြစ်ပါသည်။

http://www.dhammadownload.com



❷ အာကာသကို အစွဲပြု၍ နေ့နှင့်ည ဖြစ်ပေါ်လာသည်ကိုရေး၍၊ သဒ္ဒပညတ် (၆)ပါးကိုလည်း ရေတွက်ပြပါ။

**နေ့နှင့်ညဖြစ်ပေါ်လာပုံမှာ–**

နေ, လ နက္ခတ်တို့၏ မြင်းမိုရ်တောင်ကို လက်ယာရစ်၍ လှည့်လည်သွားခြင်း စသော အခြင်းအရာကို စွဲ၍ ပညတ်အပ်သော နံနက်, ည စသည့် ကာလပညတ် ဖြစ်ပေါ်လာပါသည်။

**သဒ္ဒပညတ်(၆)ပါးမှာ–**

(၁) ဝိဇ္ဇမာနပညတ်
(၂) အဝိဇ္ဇမာနပညတ်
(၃) ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်
(၄) အဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်
(၅) ဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်
(၆) အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် တို့ ဖြစ်ပါသည်။

---

## ၂၀၀၂–ခုနှစ်

❶ သတ္တဝါမှန်သမျှ အိုခြင်း,သေခြင်းမကင်းနိုင်ကြရာ ထိုအိုခြင်း,သေခြင်းတို့၏လက်ရင်း တရားခံကို ပဋိစ္စသမုပ္ပါဒ်အရ ညွှန်ပြ၍၊ ထိုလက်ရင်းတရားခံ၏ အကျိုးဆက်တရားများကိုလည်း ဖြေဆိုပါ။

**သတ္တဝါမှန်သမျှ အိုခြင်း,သေခြင်းမကင်းနိုင်ကြရာ ပဋိစ္စသမုပ္ပါဒ်နည်းအရ ထိုအိုခြင်း, သေခြင်းတို့၏ လက်ရင်းတရားခံမှာ– "ဇာတိတရား" ဖြစ်ပါသည်။**

**ထိုလက်ရင်းတရားခံ (ဇာတိ)၏ အကျိုးဆက်တရားများမှာ–**

**သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ တရားတို့ ဖြစ်ပါသည်။**

❷ အဓွန့် (၃)ပါးကို တရားကိုယ်နှင့်တကွ ရေး၍၊ ဝဋ်မြစ် နှစ်ပါးကိုလည်း ဖြေဆိုပါ။

**အဓွန့်(၃)ပါးကို တရားကိုယ်နှင့်တကွ ဖော်ပြရသော်–**

(၁) အတိတ်အဓွန့် = အတိတ်ကာလ၌ ဖြစ်ခဲ့သောတရား၊
= အဝိဇ္ဇာ, သင်္ခါရ၊

http://www.dhammadownload.com



(၂) ပစ္စုပ္ပန်အစွန်း = ပစ္စုပ္ပန်ကာလ၌ ဖြစ်သောတရား။
= ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ(ကမ္မဘဝ)
(၃) အနာဂတ်အစွန်း = အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောတရား။
= (ဥပပတ္တိဘဝ) ဇာတိ, ဇရာ–မရဏ

ဝဋ်မြစ်နှစ်ပါးမှာ – "အဝိဇ္ဇာနှင့် တဏှာ" ဖြစ်ပါသည်။

အဝိဇ္ဇာ = အတိတ်ဘဝအကြောင်းမှစ၍ ပစ္စုပ္ပန်ဘဝအကျိုးဖြစ်သည့်တိုင်အောင်ဖြစ်သော ရှေ့ပိုင်း ဘဝစက်၏ အရင်းမူလ(ဝဋ်မြစ်)။

တဏှာ = ပစ္စုပ္ပန်အကြောင်းမှစ၍ အနာဂတ်အကျိုးတိုင်အောင်ဖြစ်သော နောက်ပိုင်းဘဝစက်၏ အရင်းမူလ(ဝဋ်မြစ်)။

❸ နိဗ္ဗာန်တရားကို ရုပ်အထူး နာမ်အထူးဟု အချို့ပုဂ္ဂိုလ်တို့ ပြောဟောနေကြရာ မည်သည့်စကား မှန်သည်ကို စိစစ်ပြ၍ အတ္ထပညတ်အပြားကိုလည်း သိသာရုံမျှ ရေတွက်ပြပါ။

နိဗ္ဗာန်တရားကို ရုပ်အထူး နာမ်အထူးဟု အချို့ပုဂ္ဂိုလ်တို့ ပြောဟောနေကြရာတွင်–
နိဗ္ဗာန်သည် နာမ်အထူးဟူသော စကားမှန်ပါသည်။

အကြောင်းမှာ– နိဗ္ဗာန်သည် အာရမ္မဏာဓိပတိ တရားတို့ကို မိမိ၌ ညွတ်စေတတ်သော ကြောင့် နာမ်မည်ခြင်းကြောင့် ဖြစ်ပါသည်။

အတ္ထပညတ်အပြားကို သိသာရုံမျှ ရေတွက်ပြရသော်–

(၁) တဇ္ဇာပညတ်
(၂) ဥပါဒါနပညတ်
(၃) သမူဟပညတ်
(၄) သဏ္ဌာနပညတ်
(၅) သန္တတိပညတ်
(၆) ကာလပညတ်
(၇) ဒိသာပညတ်
(၈) အဒ္ဓါပညတ်
(၉) အာကာသပညတ်
(၁၀) ဒေသပညတ်
(၁၁) ကသိဏ်းပညတ်
(၁၂) ဥပနိမိတ္တပညတ် စသည်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၃-ခုနှစ်

❶ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်သည်ဟူသော ပဋိစ္စသမုပ္ပါဒ်နည်းအရ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်လျှင် အဝိဇ္ဇာသည် အဘယ်တရားကြောင့် ဖြစ်သည်ကို ရေး၍၊ ပဋိစ္စသမုပ္ပါဒ် လည်ပတ်ရာတွင် ဆက်စပ်မှု သုံးခုကိုလည်း ဖြေဆိုပါ။

အဝိဇ္ဇာသည် အဘယ်တရားကြောင့် ဖြစ်သည်ဟူသော -

[၂၀၀၁-ခုနှစ်၊ မေးခွန်းနံပါတ်(၂)ကို ကြည့်ပါ။]

ပဋိစ္စသမုပ္ပါဒ်လည်ပတ်ရာတွင် ဆက်စပ်မှုသုံးခုမှာ-

[၁၉၉၀-ခုနှစ်၊ မေးခွန်းနံပါတ်(၂)ကို ကြည့်ပါ။]

❷ "စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျော့တော့ ကိုယ်နု"ဟု ဆိုရိုးစကားရှိလေရာ စိတ်သည် ဤရုပ်ကိုယ်အား မည်သည့်ပစ္စည်းဖြင့် ကျေးဇူးပြုပါသနည်း။ ပစ္စည်း ပစ္စယုပ္ပန်နှင့်တကွ ဖော်ပြပါ။

"စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ပျော့တော့ ကိုယ်နု"ဟု ဆိုရိုးစကား ရှိလေရာ စိတ်သည် ဤရုပ်ကိုယ်အား-

ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

"ပစ္ဆာဇာတပစ္စည်း"ဟူသည်- နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရားဖြစ်သည်၊ ရှေးက ပေါက်နှင့်ပြီးသော သစ်ပင်အား နောက်မှ ရွာသွန်းအပ်သောမိုးရေသည် စည်ပင်ကြီးပွားစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ နောက်နောက်၌ဖြစ်သော စိတ်တို့သည် ရှေ့က ဖြစ်နှင့်ပြီး ဋ္ဌီသို့ရောက်နေသော ရုပ်တို့အား တည်ခိုင် သန့်စွမ်းစေသောအားဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပစ္ဆာဇာတပစ္စည်း မည်၏။

ပစ္စည်းတရား = (ပဋိသန္ဓေပဋိသန္ဓေ... ) 

ပစ္စယုပ္ပန်တရား = ပဋိသန္ဓေအစရှိသော ရှေးရှေးစိတ်နှင့်အတူ ဉပါဒ်၍ ရုပ်၏ဋ္ဌီသို့ ရောက်သော ဧကဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ။

http://www.dhammadownload.com



❸ ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သောပစ္စည်းကို ဖော်ပြ၍ ပဋ္ဌာန်း ၂၄-ပစ္စည်းကို အကျဉ်းချုပ်လျှင် ပစ္စည်းပေါင်း မည်မျှရှိသည်ကိုလည်း ရေတွက်ပြပါ။

ရုပ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သောပစ္စည်းမှာ–
"ပုရေဇာတပစ္စည်း" ဖြစ်ပါသည်။

ပုရေဇာတပစ္စည်းဆိုသည်မှာ– (ကမ္ဘာဦးမှ ပေါ်ပေါက်ခဲ့သော နေ,လတို့သည် ယခုတိုင် ထင်ရှားရှိကာ ၎င်းတို့နောက်မှ ဖြစ်ပေါ်လာသော သတ္တဝါတို့အား အလင်းရောင်ပေးကာ ကျေးဇူးပြုသကဲ့သို့) ပစ္စယုပ္ပန်တရားတို့၏ ရှေးဦးစွာ ဖြစ်နှင့်သည်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ပုရေဇာတပစ္စည်း မည်ပါသည်။

ပဋ္ဌာန်း ၂၄–ပစ္စည်းကို အကျဉ်းချုပ်လျှင်– [၂၀၀၀–ခုနှစ်၊ မေးခွန်း(၃)ကို ကြည့်ပါ]

❹ အောက်ပါတို့သည် မည်သည့်သဒ္ဒပညတ်များ ဖြစ်သည်ကို စိစစ်ပြပါ။

(က) ကမ္ဘာ (ခ) ရုပ်နာမ်နှစ်ပါးရှိသောပုဂ္ဂိုလ် (ဂ) လူ၏အသံ
(ဃ) တရားသံ (င) လွှတ်တော် အဆောက်အဦး။

(က)ကမ္ဘာ = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကြောင့် "အဝိဇ္ဇမာနပညတ်"

(ခ) ရုပ်နာမ်နှစ်ပါးရှိသောပုဂ္ဂိုလ် = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်ကြောင့် "ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်"

(ဂ) လူ၏ အသံ = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကြောင့် "အဝိဇ္ဇမာနေန–ဝိဇ္ဇမာနပညတ်"

(ဃ)တရားသံ = ပရမတ္ထအားဖြင့် ထင်ရှားရှိသော အနက်ကြောင့် "ဝိဇ္ဇမာနပညတ်"

(င) လွှတ်တော် အဆောက်အဦး = ပရမတ္ထအားဖြင့် ထင်ရှားမရှိသော အနက်နှင့် ပရမတ္ထအားဖြင် ထင်ရှားမရှိသော အနက်ကြောင့် "အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ်"

http://www.dhammadownload.com



## ၂၀၀၄–ခုနှစ်

❶ နိဗ္ဗာန်သည် အကြောင်း(ပစ္စည်း)တရားလော၊ အကျိုး(ပစ္စယုပ္ပန်)တရားလော ပစ္စည်းပိုင်း အမြင်ဖြင့် ဖြေဆို၍၊ ဇာတိ၏ "အကျိုးရင်း"၊ "အကျိုးဆက်"တို့ကိုလည်း ခွဲခြားဖြေဆိုပါ။

နိဗ္ဗာန်သည် ပစ္စည်းပိုင်းအမြင်ဖြင့် အကြောင်း(ပစ္စည်း)တရား ဖြစ်ပါသည်။ အကြောင်းမှာ–

အသင်္ခတတရားဖြစ်သော နိဗ္ဗာန်သည် ပစ္စယုပ္ပန်အကျိုးတရားတို့အား အာရမ္မဏသတ္တိ စသည်တို့ဖြင့် ကျေးဇူးပြုနိုင်သောကြောင့် နိဗ္ဗာန်သည် အကြောင်း(ပစ္စည်း)တရား ဖြစ်ရခြင်း ဖြစ်ပါသည်။

**ဇာတိ၏ "အကျိုးရင်း"** = ဇရာ–မရဏ၊

(ဇရာနှင့်မရဏတို့သည် ဇာတိဖြစ်လျှင် မုချဖြစ်ရသောကြောင့် ဇာတိ၏ အကျိုးရင်း တရားဖြစ်ရခြင်း ဖြစ်ပါသည်။)

**ဇာတိ၏ "အကျိုးဆက်"** = သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ

(သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတို့ကား ဇာတိကြောင့်ဖြစ်သော်လည်း ဗြဟ္မာနှင့် အချို့သောနတ်လူများ၌ ဖြစ်လေ့မရှိသောကြောင့် အကျိုးရင်း မဟုတ် အကျိုးဆက်တရားသာ ဖြစ်ပါသည်။)

❷ ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည် မည်သည့်ပစ္စည်း ဖြစ်ပါသနည်း ဖြေဆို၍၊ အတ္ထိပစ္စည်း ၅–မျိုးကိုလည်း ရေတွက်ပြပါ။

**ကျန်းမာသက်ရှည်ရေးအတွက် အရေးကြီးသောပစ္စည်းသည်–**

"အာဟာရပစ္စည်း" ဖြစ်ပါသည်။

အကြောင်းမှာ– အာဟာရ ၄–ပါးသည် ပစ္စုပ္ပန်ဖြစ်ကြကုန်သော ရုပ်နာမ်တရားတို့အား ထောက်ပံ့ ခိုင်စေတတ်သည့်အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောကြောင့် ဖြစ်ပါသည်။

**အတ္ထိပစ္စည်း ၅–မျိုးမှာ–**

(၁) သဟဇာတတ္ထိ
(၂) ပုရေဇာတတ္ထိ

http://www.dhammadownload.com



(၃) ပစ္ဆာဇာတတ္တိ
(၄) အာဟာရဇတ္တိ
(၅) ဣန္ဒြိယတတ္တိ

❷ "ရုပ်နာမ်နှစ်ပါး ကွဲတုံပြား မှတ်သားကလျာဏ"ဟူသည်နှင့် အညီ ကလျာဏပုထုဇဉ်စာရင်း ဝင်ရန် ပရမတ္ထတရားများကို ရုပ်နာမ်ခွဲပြပြီးလျှင်၊ ပညတ်နှစ်မျိုးကိုလည်း အဓိပ္ပါယ်နှင့်တကွ ဖြေဆိုပါ။

ပရမတ္ထတရားများကို ရုပ်နာမ်ခွဲပြရသော်–

စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါးနှင့် နိဗ္ဗာန်တို့သည်– နာမ်တရား

ရုပ် ၂၈–ပါးသည် – ရုပ်တရား ဖြစ်ပါသည်။

ပညတ်နှစ်မျိုးမှာ–

"အတ္ထပညတ် နှင့် သဒ္ဒပညတ်" တို့ ဖြစ်ပါသည်။

(၁) အတ္ထပညတ် = သူတစ်ပါး နားလည်အောင် အမည်အမျိုးမျိုးတပ်ကာ ခေါ်ဝေါ်အပ် သိစေအပ်သော အနက်၊ ဒြပ်ဝတ္ထုမျိုးကို ခေါ်ပါသည်။

(၂) သဒ္ဒပညတ် = အတ္ထပညတ်ဖြစ်သော အနက်ဒြပ်ဝတ္ထုမျိုးကို သိစေတတ်သော ခေါ်ဝေါ်ကြောင်း အမည်သညာ (စကားသံ)၊
= သဒ္ဒါအမျိုးမျိုး, ဘာသာအမျိုးမျိုး, အမည်အမျိုးမျိုး, အသံအမျိုးမျိုး ကို ခေါ်ပါသည်။

---

## ၂၀၀၅–ခုနှစ်

❶ ဘဝသံသရာ၌ အဆက်မပြတ်လည်ပတ်၍ ဘုံသုံးပါး၌ ဖြစ်တတ်ကုန်သော ဝဋ်(၃)ပါးတို့ကို သရုပ်ထုတ်လျက် ရေတွက်ပြပြီးလျှင်၊ ဝဋ်မြစ် ၂–ပါးကိုလည်း ဖြေဆိုပါ။

ဝဋ်(၃)ပါး– [ ၂၀၀၁–ခုနှစ်၊ မေးခွန်း–၂။ ]

ဝဋ်မြစ် ၂–ပါး– [ ၂၀၀၂–ခုနှစ်၊ မေးခွန်း–၂။ ]

http://www.dhammadownload.com



**၂** မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ပဋ္ဌာန်းတရားတော်၏ ထူးခြားပုံကို လူအများ နားလည်အောင် ရှင်းပြ၍ အစွန်း(၃)ပါးကိုလည်း ရေတွက်ပြပါ။

**ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် ပဋ္ဌာန်းတရားတော်၏ ထူးခြားပုံမှာ–**

| ပဋိစ္စသမုပ္ပါဒ်တရား | ပဋ္ဌာန်းတရား |
|---|---|
| (၁) အဝိဇ္ဇာ အစရှိသော (အကြောင်း)ပစ္စည်းတရားတို့၏ ဖြစ်ခြင်းကြောင့် သင်္ခါရ အစရှိသော (အကျိုး)ပစ္စယုပ္ပန်တရားတို့၏ ဖြစ်ပုံအခြင်းအရာမျှသာ ပြသော နည်း။ | (၁) ဟေတု–စသော(အကြောင်း)ပစ္စည်းတို့၏ဆိုင်ရာ(အကျိုး)ပစ္စယုပ္ပန်တရားတို့အား ကျေးဇူးပြုတတ်သော (အခြင်းအရာအထူး) ပစ္စယသတ္တိကိုပါ ပြသော နည်း။ |
| (၂) ပစ္စည်း(အကြောင်း)၊ ပစ္စယုပ္ပန်(အကျိုး) မျှကိုသာပြ၍ ပစ္စယသတ္တိကို မပြသော နည်း။ | (၂) ပစ္စည်း(အကြောင်း)၊ ပစ္စယုပ္ပန်(အကျိုး) ကိုသာမက ပစ္စယသတ္တိကိုပါ ပြသော နည်း။ |

**အစွန်း(၃)ပါး–** [ ၂၀၀၂–ခုနှစ်၊ မေးခွန်း–၂။ ]

**၃** နာမ်တရားအချင်းချင်း ကျေးဇူးပြုကြရာ၌ ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များကို ဖော်ပြ၍ ပညတ်နာမ်ရုပ်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များကိုလည်း ဖော်ပြပါ။

**နာမ်တရားအချင်းချင်း ကျေးဇူးပြုကြရာ၌ ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များမှာ–**

(၁) အနန္တရပစ္စည်း
(၂) သမနန္တရပစ္စည်း
(၃) အာသေဝနပစ္စည်း
(၄) သမ္ပယုတ္တပစ္စည်း
(၅) နတ္ထိပစ္စည်း
(၆) ဝိဂတပစ္စည်း တို့ ဖြစ်ပါသည်။

**ပညတ်နာမ်ရုပ်တရားအား ကျေးဇူးပြုနိုင်သော ပစ္စည်းအမည်များမှာ–**

(၁) အာရမ္မဏပစ္စည်း
(၂) ဥပနိဿယပစ္စည်း တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၂၀၀၆–ခုနှစ်

၁ လောက၌ လူချမ်းသာ၊ နတ်ချမ်းသာဟု ရှိနိုင်/မရှိနိုင် ပဋိစ္စသမုပ္ပါဒ်နည်းအရ ဆုံးဖြတ်ပြီးလျှင် အိုခြင်း သေခြင်းတို့၏ လက်ရင်းတရားခံဖြစ်သောတရားနှင့် ယင်းတရား၏ အကျိုးဆက်ဖြစ်သောတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ပဋိစ္စသမုပ္ပါဒ်နည်းအရ လောက၌ လူချမ်းသာ၊ နတ်ချမ်းသာဟု မရှိနိုင်ပါ။

အကြောင်းမှာ– အဝိဇ္ဇာအစရှိသော အကြောင်းအဆက်ဆက်ကြောင့် ဖြစ်ပေါ်လာသော ရုပ် နာမ် ဓမ္မ အကျိုးအဆက်ဆက် မှန်သမျှသည် ချမ်းသာမဖက် ဒုက္ခစုသက်သက်မျှသာ ဖြစ်သည်ဟု ဆိုထားသောကြောင့် ဖြစ်ပါသည်။

အိုခြင်း သေခြင်းတို့၏ –––– အကျိုးဆက်များမှာ– [ ၂၀၀၂ ခုနှစ်၊ မေးခွန်း–၁။ ]

၂ ရဟန်းတစ်ပါးကို ချစ်ကြိုက်သောစိတ်ဖြင့် ဆွမ်းလောင်းလှူလျှင် ကုသိုလ် ရနိုင်,မရနိုင် အဘိဓမ္မာ အမြင်ဖြင့် ဆုံးဖြတ်၍၊ "စိတ်"ဆိုတာ ဖိုနှင့်မတို့၏ စပန်းနှင့်အိုဗရီခေါ် ရုပ်နှစ်မျိုး ပေါင်းမိခြင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်တစ်မျိုးသာဖြစ်သည်ဟု အချို့ ပြောဆိုနေကြသော အယူအဆသည် အဘိဓမ္မာနည်းအရ မှန်,မမှန်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ရဟန်းတစ်ပါးကို ချစ်ကြိုက်သောစိတ်ဖြင့်ဆွမ်းလောင်းလှူလျှင် ကုသိုလ်ရနိုင်ပါသည်။

အကြောင်းမှာ– ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ရာဂစသော အကုသိုလ်တရားများသည် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် (မိမိ၊သူတစ်ပါး)တို့၌ ကုသိုလ်, အကုသိုလ် စသော တရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ဟု ဟောကြားထားသောကြောင့် ဖြစ်ပါသည်။

"စိတ်" ဆိုတာ ရုပ်နှစ်မျိုးပေါင်းမိခြင်းကြောင့် ဖြစ်ပေါ်လာသော ရုပ်တစ်မျိုးသာဖြစ်သည် ဟူသော အယူအဆသည် မမှန်ပါ။

အကြောင်းမှာ– အဘိဓမ္မာ၌ "စိတ်၊ စေတသိက်၊ နိဗ္ဗာန်"သည် နာမ်မည်၏ဟု ဟောကြားချက်အရ စိတ်သည် နာမ်တရားသာဖြစ်၍ ရုပ်တရား မဟုတ်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



❸ အောက်ပါတို့၏ ပညတ်အမည်တို့ကို ဖော်ပြခဲ့ပါ။

(က) တိုက်ပုံအင်္ကျီ (ခ) မြင်းလှည်း (ဂ) ပုပ္ပါးတောင်

(ဃ) ဥမင်လိုဏ်ခေါင်း (င) မင်းသမီး

| | အတ္ထပညတ် | သဒ္ဒပညတ် |
|---|---|---|
| (က) တိုက်ပုံအင်္ကျီ | = သမူဟပညတ် | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |
| (ခ) မြင်းလှည်း | = သမူဟပညတ် | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |
| (ဂ) ပုပ္ပါးတောင် | = သဏ္ဌာနပညတ် | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |
| (ဃ) ဥမင်လိုဏ်ခေါင်း | = အာကာသပညတ် | အဝိဇ္ဇမာနပညတ် |
| (င) မင်းသမီး | = ဇာတိပညတ် | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |

## ၂၀၀၇–ခုနှစ်

❶ အများသိနေကြသော နိဗ္ဗာန်သည် သင်္ခတ, အသင်္ခတတရား နှစ်မျိုးတွင် မည်သည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို ပစ္စည်းပိုင်းအမြင်အရ ဖြေဆို၍၊ ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်း နှစ်ခုတို့၏ ထူးခြားဟန်ကိုလည်း ရေးသားပြပါ။

အများသိနေကြသော နိဗ္ဗာန်သည် သင်္ခတ,အသင်္ခတတရား နှစ်မျိုးတွင်– အသင်္ခတ တရား၌ ပါဝင်ပါသည်။

အသင်္ခတတရားဆိုသည်မှာ– ကံစသော၊ အဝိဇ္ဇာ, တဏှာ စသော အကြောင်းတရားတို့ဖြင့် ပြုစီမံခြင်း မရှိသောတရား ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းနှစ်ခုတို့၏ ထူးခြားဟန်မှာ–

[ ၂၀၀၅–ခုနှစ်၊ မေးခွန်း–၁ ကြည့်ပါ။ ]

http://www.dhammadownload.com



၂ လူ့ဘဝ လူ့လောက အလယ်ဝယ် အမြဲထာဝရ ပျိုမြစ်နုနယ် အလှကြွယ်လျက် အသက်ရှည်ရှည် နေချင်ကြသော်လည်း အိုခြင်း၊ သေခြင်းနှင့် မကင်းနိုင်ကြသေးရာ အိုခြင်း၊ သေခြင်းတို့၏ အကြောင်းရင်း တရားခံကို ရှာပြ၍ ထိုတရား၏နောက်ဆက်တွဲ အကျိုးရင်း၊ အကျိုးဆက်တို့ကိုလည်း ဖြေဆိုပြပါ။

| | |
|---|---|
| အိုခြင်း, သေခြင်းတို့၏ အကြောင်းရင်းခံ | = ဇာတိတရား ဖြစ်ပါသည်။ |
| ဇာတိ၏ နောက်ဆက်တွဲ အကျိုးရင်းတရား | = ဇရာ, မရဏဖြစ်၍ |
| အကျိုးဆက်တရား | = သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတရားတို့ ဖြစ်ပါသည်။ |

၃ မမုန်းဘဲ ဝေးနေကြရတဲ့ အဝေးနေ ချစ်သူထံ လက်ဆောင်ပစ္စည်း ပေးလှူရာ၌ ကုသိုလ်ရ-မရ ပစ္စည်းပိုင်းအလို အကြောင်းပြဖြေဆို၍ နေနှင့်လ ရွှေနှင့်မြ ဟုဆိုကြရာ ထိုနေနှင့်လတို့ ဖြစ်ပေါ်လာရခြင်းအကြောင်းတို့ကိုလည်း ရေးသားပြပါ။

မမုန်းဘဲ ဝေးနေကြရတဲ့ အဝေးနေချစ်သူထံ လက်ဆောင်ပစ္စည်းပေးလှူရာ၌ ပစ္စည်းပိုင်းအလိုအရ ဖြေဆိုရသော်- ကုသိုလ်ရနိုင်ပါသည်။

အကြောင်းမှာ- ပကတူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ ရာဂ စသော အကုသိုလ်တရားများသည် အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် (မိမိ,သူတစ်ပါး)တို့၌ ကုသိုလ်၊ အကုသိုလ် စသောတရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏ ဟောကြားထားသောကြောင့် ဖြစ်ပါသည်။

နေနှင့်လ၊ ရွှေနှင့်မြဟု ဆိုကြရာ ထိုနေနှင့်လတို့ ဖြစ်ပေါ်လာရခြင်းအကြောင်းမှာ- နေလနက္ခတ်တို့ မြင်းမိုရ်တောင်ကို လယ်ယာရစ် လှည့်ပတ်၍ သွားလာခြင်းကို စွဲ၍ သိအပ်သော ခဏာငယ်မှစ၍ နေ့နှင့်ညဟု ကာလပညတ်(အတ္တပညတ်)အရ ပညတ်ရာမှ နေ့နှင့်ညတို့ ဖြစ်ပေါ်လာပါသည်၊ ဤတွင် နေ့အခါ နေထွက်၍ ညအခါ လထွက်လာခြင်းဖြင့် နေနှင့်လတို့ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ၂၀၀၈-ခုနှစ်

❶ ဗုဒ္ဓဘာသာဝင် မြန်မာများ ပြောဆိုလေ့ရှိသည့် "ပဋ္ဌာန်းဆက်"ဟူသော စကား၏အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင်၊ ပဋိစ္စသမုပ္ပါဒ်နည်း၌ အင်္ဂါတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

ဗုဒ္ဓဘာသာဝင် မြန်မာများ ပြောဆိုလေ့ရှိသည့် 'ပဋ္ဌာန်းဆက်'ဟူသော စကား၏ အဓိပ္ပာယ်မှာ- အကျိုး(ပစ္စယုပ္ပန်)တရားများ ဖြစ်ပွားပေါ်ပေါက် တည်တံ့အောင် အကြောင်း (ပစ္စည်း)တရားများက သက်ဆိုင်ရာ စွမ်းအင်(သတ္တိ)များဖြင့် ပံ့ပိုးပေးမှုဟူသော အကြောင်း၊ အကျိုး၊ သတ္တိတို့ ဆက်နွယ်မှုမျိုး ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်နည်း၌ အင်္ဂါတို့မှာ- အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ(ကမ္မဘဝ)၊ ဇာတိ(ဥပပတ္တိဘဝ)၊ ဇရာ-မရဏ တို့ဖြစ်ပါသည်။

❷ အပေါင်းအသင်း မကောင်း၍ ပျက်စီးရသည်၊ အပေါင်းအသင်းကောင်း၍ တိုးတက် ကြီးပွားရသည်ဆိုသော စကား မှန်/မမှန် အကြောင်းပြဖြေဆို၍၊ အဓိပတိပစ္စည်း၏ အမျိုးအစားများကို လည်း ဖြေဆိုပါ။

အပေါင်းအသင်း ....စကား မှန်ပါသည်။ [ ၁၉၉၆-ခုနှစ်၊ မေးခွန်း-၃ ကြည့်ပါ။ ]

အဓိပတိပစ္စည်း၏ အမျိုးအစားများမှာ- အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သော တရားဖြစ်၍-

(၁) အာရုံအဖြစ် စိုးမိုးခြင်း - အာရမ္မဏာဓိပတိ (အလေးအမြတ် ပြုအပ်သော အာရုံ ၆-ပါး)

(၂) ဖြစ်ဖက်တရားတို့အပေါ် စိုးမိုးခြင်း- သဟဇာတာဓိပတိ (အဓိပတိ ၄-ပါး) တို့ ဖြစ်ကြပါသည်။

❸ အရှေ့အရပ်၊ အနောက်အရပ် စသည် ခေါ်ဝေါ်သတ်မှတ်ရခြင်း၏အကြောင်းကို ဖြေဆိုပြီးလျှင်၊ သဒ္ဒပညတ်တို့တွင် မဟာပထဝီမြေကြီး၊ မြင်းမိုရ်တောင်တို့သည် မည်သည့် သဒ္ဒပညတ် အမျိုးအစားတွင် ပါဝင်ပါသနည်း။ ဖြေဆိုပြပါ။

http://www.dhammadownload.com



**အရှေ့အရပ်၊ အနောက်အရပ် စသည် ခေါ်ဝေါ် သတ်မှတ်ရခြင်း၏အကြောင်းမှာ–**

နေ လ နက္ခတ်တို့ ထွက်ဝင်ရာကို စွဲ၍ အရှေ့အရပ်၊ အနောက်အရပ် စသည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ရခြင်း ဖြစ်ပါသည်။ အရှေ့အရပ်၊ အနောက်အရပ် စသည်သည် ဒိသာပညတ် (အတ္တပညတ်) ဖြစ်ပါသည်။

**သဒ္ဒပညတ်တို့တွင်–**

| | | |
|---|---|---|
| မဟာပထဝီမြေကြီး | = | ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |
| မြင်းမိုရ်တောင် | = | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |

---

**၂၀၀၉–ခုနှစ်**

**၁** “တစ်နွယ်ငင် တစ်စင်ပါ”ဟူသော စကားအရ အဝိဇ္ဇာကို ယူလျှင် မည်သည့်တရားများ ပါဝင် လာရသည်ကို အကြောင်းပြဖြေဆို၍ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ တရားကိုယ်ကိုလည်း ကောက်ပြပါ။

**“တစ်နွယ်ငင် တစ်စင်ပါ” ဟူသော စကားအရ အဝိဇ္ဇာကို ယူလျှင်–**

| | | |
|---|---|---|
| အဝိဇ္ဇာ | = | ကိလေသဝဋ် |
| တဏှာ,ဥပါဒါန် | = | ကိလေသဝဋ် |

ဤသို့ ကိလေသဝဋ်နွယ်ချင်းတူသဖြင့် အဝိဇ္ဇာကို တိုက်ရိုက်ယူလိုက်သဖြင့် “တစ်နွယ်ငင် တစ်စင်ပါ”ဆိုသလို ကိလေသဝဋ်နွယ်ချင်းတူသော တဏှာ, ဥပါဒါန်တရားများ ပါဝင်လာရမည် ဖြစ်ပါသည်။

**ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ တရားကိုယ်မှာ–**

လောကီစိတ် ၈၁–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါး တို့ဖြစ်ပါသည်။

**၂** အာရမ္မဏာဓိပတိပစ္စည်းတရားက ကျေးဇူးပြုရာ၌ ပါဝင်သော ပရမတ္ထတို့ကို ဖြေဆို၍၊ နာမ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းများကိုလည်း အမည်မျှ ဖော်ပြပါ။

http://www.dhammadownload.com



အာရမ္မဏာဓိပတိပစ္စည်းတရားက ကျေးဇူးပြုရာ၌ ပါဝင်သော ပရမတ္ထဓမ္မတို့မှာ– အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော စိတ်၊ စေတသိက်၊ ရုပ်နှင့် နိဗ္ဗာန်တရားတို့ဖြစ်ပါသည်၊ (တစ်နည်း) နာမ်၊ ရုပ်၊ နိဗ္ဗာန်တရားတို့ ဖြစ်ပါသည်။

နာမ်တရားသည် နာမ်တရားအား ကျေးဇူးပြုတတ်သော ပစ္စည်းများမှာ–

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတပစ္စည်း ပေါင်း (၆)ပစ္စည်း ဖြစ်ပါသည်။

❸ ပညတ်၏သဘောသွားကို အဘိဓမ္မာပညာရှင်ပီပီ နားလည်အောင် ရှင်းပြ၍ အောက်ပါတို့၏ ပညတ်အမည်တို့ကိုလည်း ဖြေဆိုပါ။

(က) ရဟန်း (ခ) တွန်းလှည်း (ဂ) အသုဘကောင် ။

ပညတ် ဟူသည် – သူတစ်ပါး နားလည်အောင် အမည်အမျိုးမျိုး တပ်ကာ ခေါ်ဝေါ်အပ်, သိစေအပ်သော အမည်သညာဖြစ်၍ ပညတ် (၂)မျိုး ရှိပါသည်၊ အတ္ထပညတ်နှင့် သဒ္ဒပညတ်တို့ ဖြစ်ကြပါသည်။

အတ္ထပညတ် ဟူသည်– သူတစ်ပါး နားလည်အောင် အမည်အမျိုးမျိုးတပ်ကာ ခေါ်ဝေါ်အပ်, သိစေအပ်သော အနက်ဒြပ်ဝတ္ထုမျိုး ဖြစ်၏။

သဒ္ဒပညတ် ဟူသည်– အတ္ထပညတ်ဖြစ်သော အနက်ဒြပ်ဝတ္ထုမျိုးကို သိစေတတ်သော ခေါ်ဝေါ်ကြောင်း အမည်သညာ၊ စကားသံများ ဖြစ်ပါသည်။

| | | အတ္ထပညတ် | သဒ္ဒပညတ် |
|---|---|---|---|
| (က) ရဟန်း | = | ဥပါဒါပညတ် | အဝိဇ္ဇမာနပညတ် |
| (ခ) တွန်းလှည်း | = | သမူဟပညတ် | ဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |
| (ဂ) အသုဘကောင် | = | ဥပါဒါပညတ် | အဝိဇ္ဇမာနေန–အဝိဇ္ဇမာနပညတ် |

http://www.dhammadownload.com



၂၀၁၀–ခုနှစ်

၁ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ"တို့၌ သင်္ခါရနှစ်ခုတို့၏ တရားကိုယ်များကို အသီးသီး ကောက်ပြ၍၊ တဏှာ နှင့် ဥပါဒါန်တို့၏ အထူးကိုလည်း သိသာရုံမျှ ခွဲခြား ဖော်ပြပါ။

"အဝိဇ္ဇာပစ္စယာ သင်္ခါရာ"၌ပါသော အကျိုးသင်္ခါရ၏ တရားကိုယ်မှာ–
လောကီကုသိုလ်၊ အကုသိုလ်စေတနာ အားလုံး ဖြစ်ပါသည်။

"သင်္ခါရပစ္စယာ ဝိညာဏံ"တို့၌ပါသော အကြောင်းသင်္ခါရ၏ တရားကိုယ်မှာ–
(ဥဒ္ဒစ္စစေတနာနှင့် အဘိညာဉ်စေတနာကြဉ်သော) လောကီကုသိုလ်၊ အကုသိုလ်စေတနာ အားလုံး ဖြစ်ပါသည်။

တဏှာနှင့် ဥပါဒါန်တို့၏ အထူးကိုလည်း ဖော်ပြရသော်–

| တဏှာ | ဥပါဒါန် |
|---|---|
| (၁) အားသေးသော လိုချင်မှု(လောဘ) | (၁) အားကြီးသော လိုချင်မှု(လောဘ) |
| (၂) မရသေးခင်က လိုချင်တောင့်တမှု၊ | (၂) ရပြီးနောက် စိုးရိမ်ကြောင့်ကြမှု၊ |
| (၃) တောင့်တမှု–ရှာဖွေမှု ဒုက္ခစု၏အကြောင်း | (၃) စောင့်ရှောက်ရမှု၊ ကြောင့်ကြရမှု ဒုက္ခစု၏အကြောင်းရင်း |
| (၄) ဝေဒနာ၏အကျိုး။ ဥပါဒါန်၏အကြောင်း | (၄) တဏှာ၏အကျိုး။ ဘဝ၏အကြောင်း |
| (၅) မလိုချင်မှု၏ ဆန့်ကျင်ဘက် (မရှိ–တောင့်တ) | (၅) တ[illegible]တိမ်ရောင့်ရဲမှု၏ဆန့်ကျင်ဘက် (ရှိ–ကြောင့်ကြ) |

၂ "ငါ၊ သူတစ်ပါး။ ယောကျ်ား။ မိန်းမ"ဟူ၍ အမှန်တကယ် ရှိနိုင်၊ မရှိနိုင် အဘိဓမ္မာနည်းအရ စိစစ်တင်ပြ၍၊ ၂၄-ပါးသော ပဋ္ဌာန်းပစ္စည်းတို့တွင် ပညတ်တရား ပါဝင်သော ပစ္စည်းအမည်တို့ကိုလည်း သိသာရုံမျှ ဖော်ပြပါ။

ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ"ဟူ၍ အမှန်တကယ် မရှိနိုင်ပါ။

အဘယ်ကြောင့်ဆိုသော်– ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တွင် အဝိဇ္ဇာ စသော အကြောင်း

http://www.dhammadownload.com



အဆက်ဆက်ကြောင့် ဖြစ်ပေါ်လာသော ရုပ်၊ နာမ် ဓမ္မသင်္ခါရတို့သည် ချမ်းသာမဖက်၊ ဒုက္ခတုံး။ ဒုက္ခစုသာဖြစ်သည်ဟု ဟောကြားထားသောကြောင့် ငါ, သူတစ်ပါး, ယောက်ျား, မိန်းမ''ဟူ၍ အမှန်တကယ် မရှိနိုင်ခြင်း ဖြစ်ပါသည်။

၂၄-ပါးသော ပဋ္ဌာန်းပစ္စည်းတို့တွင် ပညတ်တရား ပါဝင်သော ပစ္စည်းအမည်တို့ကို ဖော်ပြရသော်-

(၁) အာရမ္မဏပစ္စည်း၊

(၂) ဥပနိဿယပစ္စည်း တို့ ဖြစ်ပါသည်။

❸ နာမ်တရားသည် ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုရာ၌ မည်သည့်နာမ်တရားသည် မည်သည့်ရုပ်တရားအား ကျေးဇူးပြုပါသနည်း။ ဖြေဆို၍ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ပစ္စုပ္ပန်ကာလ၌သာဖြစ်သော ပစ္စည်းများကိုလည်း အစဉ်ကျကျ ရေတွက်ပြပါ။

နာမ်တရားသည် ရုပ်တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုပုံ-

ပဋိသန္ဓေပဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခုကြဉ်သော ပဌမဘဝင် အစရှိသော နောက်နောက်သော စိတ် ၈၅-ခု၊ စေတသိက် ၅၂-ခု၊ နာမက္ခန္ဓာ ၄-ပါး (နာမ်)ပစ္စည်းတရားသည် ပဋိသန္ဓေအစရှိသော ရှေးရှေးသောစိတ်နှင့် အတူဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယ (ရုပ်)ပစ္စယုပ္ပန် တရားအား ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုပါသည်။

ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ပစ္စုပ္ပန်ကာလ၌သာဖြစ်သော ပစ္စည်းများမှာ-

(၁) ဟေတုပစ္စည်း
(၂) သဟဇာတပစ္စည်း၊
(၃) အညမညပစ္စည်း
(၄) နိဿယပစ္စည်း
(၅) ပုရေဇာတပစ္စည်း
(၆) ပစ္ဆာဇာတပစ္စည်း
(၇) ဝိပါကပစ္စည်း
(၈) အာဟာရပစ္စည်း
(၉) ဣန္ဒြိယပစ္စည်း
(၁၀) ဈာနပစ္စည်း
(၁၁) မဂ္ဂပစ္စည်း
(၁၂) သမ္ပယုတ္တပစ္စည်း
(၁၃) ဝိပ္ပယုတ္တပစ္စည်း
(၁၄) အတ္ထိပစ္စည်း
(၁၅) အဝိဂတပစ္စည်း တို့ဖြစ်ပါသည်။

✕ (ပစ္စည်းပိုင်းပြီး၏) ✕

http://www.dhammadownload.com



# အဘိဓမ္မာ (တတိယဆင့်)

# ကမ္မဋ္ဌာန်းပိုင်း

## ( ၁၉၇၇–ခုနှစ် မှ ၁၉၈၈–ခုနှစ် ထိ )

## မေးခွန်းဟောင်းများ

### ၁၉၇၇–ခုနှစ်

၁။ သောတာပန်ဖြစ်ပုံ အကျဉ်းချုပ် ဖော်ပြပြီး သောတာပန်ဖြစ်သွားသော ယောဂီပုဂ္ဂိုလ်တစ်ဦးသည် မိမိရရှိသော တရားထူးကို ကေန် သိနိုင်–မသိနိုင် ဖြေဆိုပါ။

### ၁၉၈၀–ခုနှစ်

၁။ ဈာန်ရတိုင်း ကောင်းကင်ပျံနိုင်ပါသလော၊ သင်္ဂြိုဟ်လာသည့်အတိုင်း စုံလင်စွာ ရှင်းပြ၍ အဘိညာဉ် ၅–ပါးကိုလည်း ရေတွက်ပြပါ။

၂။ ဝိသုဒ္ဓိ ၇–ပါးနှင့် ဉာဏ်စဉ် ၁၀–ပါးကို ရေတွက်ဖော်ပြ၍၊ မည်သည့်အဆင့်ရောက်မှ သောတာပန် ဖြစ်ပါသနည်း၊ အဘိဓမ္မာသဘာဝကျအောင် ဖြေဆိုခဲ့ပါ။

### ၁၉၈၁–ခုနှစ်

၁။ ''မသာတစ်ခေါက် ကျောင်းဆယ်ခေါက်''ဟူသော စကားအရ အသုဘကို ရှုပွားလျှင် မည်သို့သော ကုသိုလ်ဈာန်များ ရနိုင်ပါသနည်း။

၂။ အောက်ပါပုဂ္ဂိုလ်များသည် သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုးကို ရွေးချယ်အားထုတ်သင့်သနည်း၊ စရိုက်နှင့်ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖော်ပြခဲ့ပါ။

(က) ဒေါသကြီးတတ်သူ၊

(ခ) တွေဝေငေးမောတတ်သူ

(ဂ) အတွေးအကြံများသူ

(ဃ) သဒ္ဓါတရား ထက်သန်သူ

(င) ပညာဉာဏ်ကြီးသူ

၃။ ဗုဒ္ဓဘာသာနည်းအားဖြင့် ပထဝီကသိုဏ်း အစရှိသော သမထကမ္မဋ္ဌာန်းတစ်မျိုးမျိုးကို အားထုတ်သောသူအား အဆင့်ဆင့် နိမိတ်များ ပေါ်လာပုံနှင့် ဈာန်ရပုံကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com



၄။ သံသရာမှ ထွက်မြောက်ရန် အလို့ငှာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်အား မည်သည့်အခါ ပုထုဇဉ်နယ်ကုန်ဆုံး၍ အရိယာနယ်အစသို့ ရောက်သနည်း။

## ၁၉၈၂–ခုနှစ်

၁။ သက်သတ်လွတ်သည်ဖြစ်စေ၊ မလွတ်သည်ဖြစ်စေ မိမိစားသောက်သော အစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် မည်သည့်ကမ္မဋ္ဌာန်းမျိုး ဖြစ်သနည်း။ ဤကမ္မဋ္ဌာန်းမျိုးကို မည်သို့သော ပုဂ္ဂိုလ်မျိုးမှ ဆင်ခြင်ပွားများနိုင်ပါသနည်း။

၂။ ဗုဒ္ဓအဘိဓမ္မာ၌ ဈာန်ရအောင် အားထုတ်နိုင်သော နည်းလမ်းများ ရှိပါသလော၊ ရှိလျှင် အနည်းဆုံး ပထမဈာန်ကိုရအောင် အားထုတ်နိုင်သော ကမ္မဋ္ဌာန်းမျိုးကို ဖော်ပြပါ။

၃။ အနိစ္စ–ဒုက္ခ–အနတ္တဟု ဆိုရာတွင်အဘယ်ကြောင့် အနိစ္စ–ဒုက္ခ–အနတ္တ ဖြစ်သည်ကို အဘိဓမ္မာသင်္ဂြိုဟ်နည်းအရ ဖြေရှင်းရေးသားပါ။

## ၁၉၈၃–ခုနှစ်

၁။ လောကတွင် လူအမျိုးမျိုးရှိသည့်အနက်–

(က) ကာမဂုဏ်ခံမင်သူ

(ခ) သည်းမခံတတ် စိတ်ဆတ်သူ၊

(ဂ) ကံတရားကို ယုံကြည် အားထားသူတို့အား စိတ်ဓာတ် တည်ကြည်နိုင်မာရေးအတွက် သင့်လျော်သော ကမ္မဋ္ဌာန်းလုပ်ငန်းများကို ဖော်ပြပါ။

၂။ အောက်ပါပုဂ္ဂိုလ်တို့သည် မည်သည့် အဘိညာဉ်ပိုင်ရှင်များ ဖြစ်ကြပါသနည်း။

(က) မိုးပျံမြေလျှိုး တန်ခိုးပြသူ၊

(ခ) ရှေးဖြစ်ဟောင်းအောက်မေ့နိုင်သူ

(ဂ) တစ်ဖက်သား စိတ်ဓာတ်သိတတ်သူ

၃။ "သိပယ်ဆိုက်ပွား လေးပါးအချက် တစ်ပြိုင်နက် မဂ်၏ကိစ္စတည်း" ဟူသော စကားကို ရှင်းလင်း ဖော်ပြပါ။

၄။ ရိုးရိုးသူတော်စင်နှင့် အရိယာသူတော်စင်တို့၏ နယ်ခြားမှတ်တိုင်သဖွယ်ဖြစ်သော စိတ်ကို ဖော်ပြ၍ ယင်းစိတ်၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ရေးသားခဲ့ပါ။

http://www.dhammadownload.com



## ၁၉၈၄–ခုနှစ်

၁။ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိဘာဝနာ ပွားများပုံ ပွားများနည်းကို ဖော်ပြ၍ ထိုသို့ပွားများလျှင် မည်သည့်အခါမျိုး၌ မည်သည့်သမာဓိများကို ရနိုင်ပါသနည်း၊ ဖြေဆိုပါ။

၂။ ယခုခေတ်တွင် "အကြားအမြင်ရသည်" ဟု ပြောလေ့ရှိသူ ပေါ်များလှလေရာ ထိုသူတို့သည် ဒိဗ္ဗသောတ–ဒိဗ္ဗစက္ခုရသူများ ဖြစ်နိုင်–မဖြစ်နိုင် သင်္ဂြိုဟ်ကျမ်းလာ အဘိညာဉ်ဖြစ်ပုံပြစကားရပ်ကို ထောက်ဆ၍ ဆုံးဖြတ်ပြပါ။

၃။ သမထဘာဝနာ ဝိပဿနာဘာဝနာတို့ကို အသက်မွေးဝမ်းကျောင်းအတွက် ပွားများသင့်ပါသလော၊ မည်သို့သော ရည်မှန်းချက်ရှိသူသည်သာ ပွားများသင့်ပါသနည်း၊ သင်္ဂြိုဟ်ကျမ်းနှင့်အညီ ဖြေဆိုပါ။

## ၁၉၈၅–ခုနှစ်

၁။ ယခုခေတ်၌ သိပ္ပံပညာထွန်းကားသော ကမ္ဘာ့စက်မှုနိုင်ငံကြီးများမှာပင် အာနာပါနကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်သူများရှိရာ ထိုအာနာပါနကမ္မဋ္ဌာန်း၏ ပင်ရင်းတရားကိုယ်နှင့် ပွားများအားထုတ်ရန် သာမန်သင့်လျော်သော ပုဂ္ဂိုလ်၊ အထူးသင့်လျော်သောပုဂ္ဂိုလ်များကိုလည်း ညွှန်ပြပါ။

၂။ ဝတ်မွတ်ခေါင်းပါးသူတို့ကို ကူညီသောပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သောတရားကို အာရုံနှင့်တွဲဖက် ဖော်ပြ၍ ထိုတရားကို ဗုဒ္ဓဘာသာနည်းလမ်းတကျ ဆက်လက်အားထုတ်ပါက ရရှိနိုင်သော အကျိုးထူးတရားများကိုလည်း ဖြေဆိုပါ။

၃။ အောက်ပါပုဂ္ဂိုလ်တို့ကို ဗုဒ္ဓအဘိဓမ္မာ ဒေသနာနည်းအရ အမည်ပေးခဲ့ပါ။

(က) အပျော်အပါးလိုက်စားခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း လုံးဝကင်းရှင်းသူ၊

(ခ) အပျော်အပါးလိုက်စားခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ တွေဝေမိန်းမောခြင်း အထူးနည်းပါးသူ၊

(ဂ) အယူမှားမှု၊ သို့လော သို့လော တွေးတောမှု လုံးဝကင်းရှင်းသူ၊

(ဃ) အပျော်အပါးလိုက်စား၊ ခိုက်ရန်ပွား၍ မိုက်မှားတွေဝေတတ်သူ၊

## ၁၉၈၆–ခုနှစ်

၁။ အောက်ဖော်ပြပါတို့နှင့် သင့်လျော်သော (ယောဂီ)ပုဂ္ဂိုလ်နှင့် ကမ္မဋ္ဌာန်းတို့ကို ညွှန်ပြပါ။

(က) ရွံဖွယ်အတိ ပိုးလောက်အတိ ထွက်လျက်ရှိသော လူသေကောင်၊

http://www.dhammadownload.com



(ခ) ထိုင်းမှိုင်း တွေဝေနေသူ၊
(ဂ) ဉာဏ်ပညာ အလွန်ထက်မြက်သူ၊

၂။ ဈာန်ကို နိုင်နင်းစွာ ဝင်စားနိုင်ပြီး အစွမ်းထက်မြက်လာစေရန် မည်ကဲ့သို့ ပြုလုပ်ရမည်ကို ရှင်းပြ၍ အဘိညာဉ်ဟုအမည်ရသော တရားများကိုလည်း ညွှန်ပြပါ။

၃။ အဘယ်ဉာဏ်အမြင်သို့ ရောက်သောအခါ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာတရား ညစ်နွမ်းသွားကာ တရားသားမတက်ဘဲ ဆုတ်ယုတ်စေတတ်ပါသနည်း။ ဖြေဆို၍ ယင်းဝိပဿနာဉာဏ် ညစ်နွမ်းဆုတ်ယုတ်စေတတ်သော တရားများကိုလည်း ရှင်းလင်းဖော်ပြပါ။

## ၁၉၈၇–ခုနှစ်

၁။ မြွေဟောက်ပမာ၊ ခေါင်းထောင်ကာဖြင့်၊ မြည်စွာရှူးရှဲ၊ ထူးကဲဖက်ပြိုင်၊ ကြီးနိုင်ငယ်ညှဉ်း၊ ပြုမူတတ်ခြင်းရှိသူအား မည်ကဲ့သို့သော ကမ္မဋ္ဌာန်းတရားများပေး၍ စိတ်နှလုံး နူးညံ့အောင် ပြုလုပ်ရမည်ကို ဖော်ပြပြီး၊ အိပ်မပျော်သူများနှင့် အထူး သင့်လျော်သော အိပ်ဆေးထက် ကောင်းသည့် ကမ္မဋ္ဌာန်းတရားကိုလည်း ညွှန်ကြားခဲ့ပါ။

၂။ မိမိစိတ်ကို နီဝရဏ မြူမှေးအညစ်အကြေးတို့မှ ကင်းဝေး သန့်ရှင်း စင်ကြယ်ခြင်း ရှိစေရန် အဘယ်ကဲ့သို့ သမာဓိတရားများ ရရှိရန် လိုအပ်သည်ကို ဖော်ပြ၍ ''ဝေါဒါနဘူစိတ်'' ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း အဘိဓမ္မာဆရာ အလိုကျ ရှင်းလင်းဖော်ပြပါ။

၃။ သမာဓိတရား အလွန်အားကောင်းသော အရိယာပုဂ္ဂိုလ်များ ကာယိကဒုက္ခ–စေတသိကဒုက္ခတို့မှ ကင်းဝေးပြီး မျက်မှောက်ဘဝ၌ နိဗ္ဗာန်ချမ်းသာကို ၇–ရက်တိုင်တိုင် ခံစားနိုင်ရန် မည်သည့် သမာပတ်ကို ဝင်စားရမည်နည်း။ ယင်းသမာပတ် ဝင်စားပုံအစီအစဉ်ကို ပြည့်စုံစွာ ဖော်ပြပါ။

## ၁၉၈၈–ခုနှစ်

၁။ စရိုက်ကြမ်းသည်ဟု ပြောဆိုနေကြရာ ကြမ်းသောစရိုက်များကို အဘိဓမ္မာကျမ်းလာအရ ဖော်ပြ၍ စိတ်ပျံ့လွင့်သူအတွက် သင့်လျော်သော ကမ္မဋ္ဌာန်းကိုလည်း ညွှန်းခဲ့ပါ။

၂။ တရားအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ်အား တရားသားတက်၍ ရင့်ကျက်လာသည့်အခါ ဖြစ်ပေါ်လာသော ဥပစာရဘာဝနာ၌ ရနိုင်သောကမ္မဋ္ဌာန်းတို့ကို ဖော်ပြပါ။

၃။ ဝေါဒါနဘူစိတ်ဖြစ်ပုံကို အဘိဓမ္မာကျမ်းလာအရ ပြည့်စုံစွာ ဖော်ပြ၍ သောတာပတ္တိမဂ်ရက ပယ်နိုင်သော ကိလေသာတို့ကိုလည်း ပြဆိုပါ။

❖ ❖ ❖

http://www.dhammadownload.com



# အဘိဓမ္မာ (ဒုတိယဆင့်)

# ကမ္ဘာ့ဌာနီးပိုင်း

## ( ၁၉၈၉–ခုနှစ် မှ ၂၀၁၀–ခုနှစ် ထိ )

## မေးခွန်းဟောင်း နှင့် စံပြုအဖြေများ

### ၁၉၈၉–ခုနှစ်

**၁** မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့သည် ကျင့်သုံးအပ်သော ဗြဟ္မစိုရ်တရားများ ဖြစ်ကြ၏။ သို့ရာတွင် (က) မည်သို့သောပုဂ္ဂိုလ်များအတွက် အထူးသင့်လျော်သနည်း။ (ခ) မည်မျှအထိ ကျေးဇူး ရရှိနိုင်ပါသနည်း။ အသီးသီး ဖြေဆိုပါ။

(က) မေတ္တာ, ကရုဏာ, မုဒိတာဟူသော ဗြဟ္မစိုရ်တရားများနှင့် အထူး သင့်လျော်သောပုဂ္ဂိုလ်များမှာ–

ဒေါသစရိုက်ထူပြောသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

(ခ) ရရှိနိုင်သော အကျိုးကျေးဇူးများမှာ–

ရူပါဝစရ စတုက္ကဈာန် ဖြစ်ပါသည်။

(ရူပါဝစရ ပထမဈာန်မှသည် စတုတ္ထဈာန်တိုင်အောင် ရနိုင်ပါသည်။)

**၂** မီးပွတ်ယောက်ျားကဲ့သို့ နေ့မအား ညမအား တရားအားထုတ်သဖြင့် ပုထုဇဉ်မှ အရိယာသို့ ကူးပြောင်းရာတွင် "တံတားသဖွယ်" ဆက်သွယ်ပေးသောစိတ်ကို ဖော်ပြပြီးလျှင်၊ မဂ်ကိစ္စလေးချက်ကိုလည်း ဖြေဆိုပါ။

မီးပွတ်ယောက်ျားကဲ့သို့ နေ့မအား ညမအား တရားအားထုတ်သဖြင့် ပုထုဇဉ်မှ အရိယာသို့ ကူးပြောင်းရာတွင် "တံတားသဖွယ်" ဆက်သွယ်ပေးသောစိတ်မှာ–

"ဂေါတြဘူစိတ်" ဖြစ်ပါသည်။

မဂ်ကိစ္စလေးချက်မှာ–

(၁) ပရိညာကိစ္စ = ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊
(၂) ပဟာနကိစ္စ = သမုဒယသစ္စာကို အကြွင်းမဲ့ ပယ်ခြင်း၊

http://www.dhammadownload.com



(၃) သစ္ဆိကရဏကိစ္စ = နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်း။
(၄) ဘာဝနာကိစ္စ = မဂ္ဂသစ္စာကို ပွားများခြင်းတို့ ဖြစ်ပါသည်။

❷ သက္ကဒါဂါမိမဂ်နှင့် အနာဂါမိမဂ်တို့သည် (က) အဘယ်တရားများကို (ခ) အဘယ်နည်းဖြင့် ပယ်ပါသနည်း။ အသီးသီး ဖြေဆိုပါ။

သကဒါဂါမိမဂ်သည် = ရုန့်ရင်းသော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တရားများကို ခေါင်းပါးစေခြင်းဖြင့် ပယ်ပါသည်။

အနာဂါမိမဂ်သည် = သိမ်မွေ့သော ကာမရာဂနှင့် ပဋိဃသံယောဇဉ်တရားများကို အကြွင်းမဲ့ ပယ်ပါသည်။

---

## ၁၉၉၀–ခုနှစ်

❶ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့် ဝိပဿနာတို့ကို အဓိပ္ပာယ်ကို ကွဲပြား ခြားနားအောင် ရေးပြပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ ပွားများရမည့် တရားဆယ်ပါးကို လည်း ထုတ်ဖော် ရေးသားခဲ့ပါ။

| သမထ | ဝိပဿနာ |
|---|---|
| (၁) နီဝရဏတရားတို့ကိုလည်းကောင်း၊ ဝိတက်စသော အောက်အောက်ဈာန် အင်္ဂါများကိုလည်းကောင်း ငြိမ်သက်စေနိုင်သော သမာဓိကို ခေါ်၏။ (လောကီကုသိုလ် ကြိယာနှင့် ယှဉ်သော ကေဂ္ဂတာစေတသိက်) | (၁) တေဘူမကရုပ်နာမ်တရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုတတ်သောဉာဏ်ပညာကို ခေါ်၏။ (မဟာကုသိုလ် ကြိယာနှင့် ယှဉ်သော ပညာစေတသိက်) |
| (၂) တည်ရာအာရုံ = ပထဝီကသိုဏ်း စသော ၄၀–သော ကမ္မဋ္ဌာန်းအာရုံများ။ | (၂) တည်ရာအာရုံ = တေဘူမက ရုပ်နာမ်အာရုံများ။ |
| (၃) အကျိုး =မဟဂ္ဂုတ်ဈာန်၊ အဘိညာဉ် များ ရနိုင်၏။ (လောကီဈာန်ကို ရ၏။) | (၃) အကျိုး = မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရနိုင်၏။ (လောကုတ္တရာတရားကို ရ၏) |

http://www.dhammadownload.com



ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးမှာ–

(၁) ဗုဒ္ဓါနုဿတိ
(၂) ဓမ္မာနုဿတိ
(၃) သံဃာနုဿတိ
(၄) သီလာနုဿတိ
(၅) စာဂါနုဿတိ
(၆) ဒေဝတာနုဿတိ
(၇) ဥပသမာနုဿတိ
(၈) မရဏာနုဿတိ
(၉) ကာယဂတာသတိ
(၁၀) အာနာပါနဿတိ တို့ဖြစ်ပါသည်။

၂ လောကတွင် သူတစ်ဦးထက် ထူး၍အလွန်အကျူး သိတတ် မြင်တတ် ကြားတတ်သော သူကို "အကြားအမြင်ရပုဂ္ဂိုလ်"ဟု ခေါ်ဆိုရာ အဘယ်သို့သော တရားထူးများကို ရရှိသောကြောင့် အကြားအမြင်ရပုဂ္ဂိုလ်ဟု ခေါ်ဆိုရပါသနည်း။ ဖြေဆို၍ ရရှိအပ်သော တရားထူးများကိုလည်း ဖော်ပြရေးသားခဲ့ပါ။

အကြားအမြင်အရ ပုဂ္ဂိုလ်ဟူသည် ...

"အဘိညာဉ်"ဟူသော တရားထူးကို ရရှိသူကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။

"အဘိညာဉ်"ဆိုသည်မှာ– အထူးအားဖြင့် သိတတ်သော ရူပါဝစရကုသိုလ်, ကြိယာ ပဉ္စမဈာန်နှင့် ယှဉ်သောဉာဏ်ကို ခေါ်ပါသည်။

ထို "အကြားအမြင်ရပုဂ္ဂိုလ်" ရရှိအပ်သော တရားထူး (အဘိညာဉ်)မှာ–

ဒိဗ္ဗသောတအဘိညာဉ်နှင့် ဒိဗ္ဗစက္ခုအဘိညာဉ်တို့ ဖြစ်ပါသည်။

၃ လောကီနယ်ပယ်တွင် လေယာဉ် လှည်းယာဉ်တို့ဖြင့် လိုရာခရီးသို့ အရောက်သွားနိုင်သကဲ့သို့ လောကုတ္တရာနယ်ပယ်တွင် နိဗ္ဗာန်ခရီးသို့ အဘယ်ယာဉ်ရထားတို့ဖြင့် အရောက်သွားနိုင်ကြမည်နည်း။ ပြည့်စုံအောင် ဖြေဆို၍ ဝိပဿနာညစ်နွမ်းကြောင်း အန္တရာယ် ၁၀-ပါးကိုလည်း ထုတ်ဆောင်ရေးသားခဲ့ပါ။

လောကုတ္တရာနယ်ပယ်တွင် နိဗ္ဗာန်ခရီးသို့ အရောက်သွားနိုင်ကြမည့် ယာဉ်ရထားတို့ကို ဖော်ပြရသော်–

(၁) သီလဝိသုဒ္ဓိ
(၂) စိတ္တဝိသုဒ္ဓိ

http://www.dhammadownload.com



(၃) ဒိဋ္ဌိဝိသုဒ္ဓိ
(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိ
(၅) မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ
(၆) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ
(၇) ဉာဏဒဿနဝိသုဒ္ဓိ ဟူသော ဝိသုဒ္ဓိ ၇–ပါး ဖြစ်ပါသည်။

ဝိပဿနာညစ်နွမ်းကြောင်း အန္တရာယ် ၁၀–ပါးမှာ–

| | |
|---|---|
| (၁) ဩဘာသ | (၆) သုခ |
| (၂) ပီတိ | (၇) ဉာဏ |
| (၃) ပဿဒ္ဓိ | (၈) ဥပဋ္ဌာန |
| (၄) အဓိမောက္ခ | (၉) ဥပေက္ခာ |
| (၅) ပဂ္ဂဟ | (၁၀) နိကန္တိ တို့ဖြစ်ပါသည်။ |

---

## ၁၉၉၁–ခုနှစ်

❶ သမထကမ္မဋ္ဌာန်းအရ ကသိုဏ်းရှုပုံကို အကျဉ်းချုပ် ဖော်ပြ၍ အောက်ပါပုဂ္ဂိုလ်တို့နှင့် သင့်လျော်မည့် ကမ္မဋ္ဌာန်းကိုလည်း ညွှန်ပြခဲ့ပါ။

(က) ကာမဂုဏ် လိုက်စားမှုများသူ၊
(ခ) နေရာတိုင်း ဒေါသခက်ထန်သူ၊
(ဂ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူ

သမထကမ္မဋ္ဌာန်း ကသိုဏ်းရှုပုံ အကျဉ်းချုပ်မှာ–

(၁) ကမ္မဋ္ဌာန်းကို စတင် အားထုတ်သော ယောဂီသည် ပထဝီကသိုဏ်းစသော အာရုံ တစ်ခုခုကို "မျက်စိ"ဖြင့်ကြည့်၍ "ပထဝီ–ပထဝီ"ဟုလည်းကောင်း၊ "မြေ–မြေ" ဟု လည်းကောင်း ပွားများရပါသည်။ ထိုသို့ မျက်စိဖြင့် ကြည့်ရှုအပ်သော ကသိုဏ်း ဝန်းအာရုံကို "ပရိကမ္မနိမိတ်" ဟုခေါ်ပြီး၊ ကြည့်ရှု၍လည်းကောင်း၊ မှန်းဆ၍လည်း ကောင်း ပွားများမှုဘာဝနာကို "ပရိကမ္မဘာဝနာ"ဟု ခေါ်ပါသည်။

(၂) ဤသို့ မှိတ်တုံဖွင့်တုံ အဖန်ဖန် အာရုံပြု၍ ဆက်လက်အားထုတ်သောအခါ ကသိုဏ်း ဝန်းအာရုံသည် မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ စိတ်၌ ထင်ရှားစွာ ဖြစ်ပေါ်

http://www.dhammadownload.com



လာပါသည်။ ဤအာရုံကို "ဥဂ္ဂဟနိမိတ်" ဟု ခေါ်ပါသည်။ ၎င်းဥဂ္ဂဟနိမိတ်ကို အာရုံပြုကာ ပွားများသော ဘာဝနာသည် ပရိကမ္မဘာဝနာပင် ဖြစ်သော်လည်း **ရှေးကထက် သမာဓိရ၍ တည်ကြည်လှသော "ပရိကမ္မဘာဝနာ"** ဖြစ်ပါသည်။

(၃) ၎င်းဥဂ္ဂဟနိမိတ်ကို ဆက်လက်အားထုတ်သည်ရှိသော် ဘာဝနာကြောင့် ဖြစ်ပေါ်လာသော ပညတ်အာရုံသည် ဥဂ္ဂဟနိမိတ်ထက် အဆရာထောင်မက သာလွန်၍ ကြည်နူးဖွယ်ရာ ကြည်လင်လှသောကြောင့် ၎င်းအာရုံကို **"ပဋိဘာဂနိမိတ်"**ဟု ခေါ်ပါသည်။

ထိုအချိန်မှစ၍ ကာမစ္ဆန္ဒနီဝရဏ စသော နီဝရဏတရားများ ကင်းကွာ၍ ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးတို့သည် မိမိတို့ဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ကြသဖြင့် ဈာန်၏အနီးသို့ရောက်သော **"ဥပစာရဘာဝနာ"** အဆင့်သို့ ရောက်ပြီ ဖြစ်၏။

(၄) ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ဆက်လက်အားထုတ်သည်ရှိသော် မကြာမီ **အပ္ပနာဘာဝနာခေါ် ရူပါဝစရပထမဈာန်ကို** ရလေသည်။

**(က) ကာမဂုဏ်လိုက်စားမှုများသူနှင့် အထူးသင့်လျော်သော ကမ္မဋ္ဌာန်းမှာ–**
အသုဘ ၁၀–ပါး + ကာယဂတာသတိ = ၁၁–ပါး ဖြစ်ပါသည်။

**(ခ) နေရာတိုင်းဒေါသခက်ထန်သူနှင့် အထူးသင့်လျော်သော ကမ္မဋ္ဌာန်းမှာ–**

| | | |
|---|---|---|
| နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ ဟူသော အရောင်ကသိုဏ်း | = | ၄–ပါး |
| မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော အပ္ပမညာ | = | ၄–ပါး |
| ပေါင်း | = | ၈–ပါး |

**(ဂ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူနှင့် အထူးသင့်လျော်သော ကမ္မဋ္ဌာန်းမှာ–**
ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ သီလာနုဿတိ၊ စာဂါနုဿတိ၊ ဒေဝတာနုဿတိ = ပေါင်း အနုဿတိ ၆–ပါးတို့ ဖြစ်ပါသည်။

**၂** ယောဂီပုဂ္ဂိုလ်တိုင်း ခန္ဓာကိုယ်၌လည်းကောင်း၊ စားသောက်ရာ၌လည်းကောင်း ရှုမှတ်ဆင်ခြင်ရမည့် ကမ္မဋ္ဌာန်းများကို မြန်မာလို ရေးပြ၍ ဒေဝတာနုဿတိ၏ အဓိပ္ပာယ်ကိုလည်း မှန်ကန်အောင် ရေးပြခဲ့ပါ။

http://www.dhammadownload.com



ယောဂီပုဂ္ဂိုလ်တိုင်း ခန္ဓာကိုယ်၌ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းများမှာ–

(၁) ကာယဂတာသတိ = ဆံပင် စသော ၃၂–ပါးသော ကောဋ္ဌာသအပေါင်းကို ထင်မြင်လာအောင် အဖန်ဖန် အထပ်ထပ် မပြတ်အောက်မေ့မှု၊

(၂) စတုဓာတုဝဝတ္ထာန် = ပုဂ္ဂိုလ်, သတ္တဝါပျောက်အောင် ခန္ဓာကိုယ်၌ တည်ကုန်သော ပထဝီ, တေဇော, အာပေါ, ဝါယော ဓာတ် ၄–ပါးတို့ဖြင့် ပိုင်းခြား ရှုဆင်ခြင်သောဉာဏ်။

ယောဂီပုဂ္ဂိုလ်တိုင်း စားသောက်ရာ၌ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းမှာ–

အာဟာရေပဋိကူလသညာ = ခဲဖွယ်ဘောဇဉ် စသော အာဟာရ၌ စက်ဆုပ်ဖွယ်ရာ ထင်မြင်အောင် ရှုတတ်သောသညာ၊

ဒေဝတာနုဿတိ = နတ်, ဗြဟ္မာတို့ကို သက်သေပြု၍ နတ်တို့၏ "သဒ္ဓါ" စသော ဂုဏ်နှင့်တူသော မိမိ၏ "သဒ္ဓါ" စသောဂုဏ်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်မှု။

❷ လောက၌ အဘယ်ပုဂ္ဂိုလ်မျိုးကို ရဟန္တာဟု ခေါ်ဆိုအပ်ပါသနည်း။ ရှင်းပြ၍ ရဟန္တာဖြစ်နည်း အရိယာကျင့်စဉ်ကို "မဂ်လေးပါးပယ်စဉ်"ကို မှီး၍ ရှင်းပြပါ။

ရဟန္တာဟူသည်–

ကိလေသာတို့ကို အကြွင်းမရှိ ပယ်ခြင်းကြောင့် ကုန်ပြီးသောအာသဝေါရှိသော, လောက၌ မြတ်သောအလှူကို ခံယူထိုက်သော (အမြတ်ဆုံးအလှူခံဖြစ်သော)ပုဂ္ဂိုလ်ကို ခေါ်ပါသည်။

ရဟန္တာဖြစ်နည်း အရိယာကျင့်စဉ်ကို မဂ်လေးပါးပယ်စဉ်အရ ဖော်ပြရသော်–

(၁) သောတာပတ္တိမဂ်သည် = ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်၏။ (ကြွင်းကိလေသာတို့၏ အပါယသတ္တိကိုလည်း ပယ်သတ်၏)

(၂) သကဒါဂါမိမဂ်သည် = ရုန့်ရင်းကြမ်းတမ်းသော လောဘ, ဒေါသ, မောဟတို့ကို ခေါင်းပါးအောင် ပြု၏။ (အကြွင်းမဲ့ပယ်သော ကိလေသာ မရှိပါ)

(၃) အနာဂါမိမဂ်သည် = ကာမရာဂနှင့် ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ်၏။

http://www.dhammadownload.com



(၄) အရဟတ္တမဂ်သည် = ကြွင်းကိလေသာများ ဖြစ်သော ရူပရာဂ, အရူပရာဂ ဟူသော လောဘတစ်စိတ်, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ဟူသော ကိလေသာ ၇-ပါးတို့ကို အကြွင်းမဲ့ ပယ်သတ်၏။

ဤသို့အားဖြင့် ယောဂီပုဂ္ဂိုလ်သည် ကိလေသာတို့ကို မဂ် ၄-ပါးဖြင့် အဆင့်ဆင့် ပယ်သတ်ကာ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပါသည်။

---

## ၁၉၉၂-ခုနှစ်

၁။ သာယာဖွယ်ကောင်းသည့် ဈာန်-မဂ်-ဖိုလ်ချမ်းသာ, ပဋိပတ်အရသာကို ခံစားလိုလျှင် ဘာဝနာ နှစ်ရပ် အားထုတ်အပ်သည်ဟု အရှင်အနုရုဒ္ဓါက လမ်းညွှန်ခဲ့ပါသည်၊ ယင်းဘာဝနာ နှစ်ရပ် ဟူသည် အဘယ်တို့နည်း။ ယင်းတို့၏ အကျိုးသက်ရောက်မှု မည်သို့ ခြားနားသည်ကိုလည်း ဖြေဆိုပါ။

ဘာဝနာနှစ်ရပ်ဟူသည်-

(၁) သမထဘာဝနာ = ကမ္မဋ္ဌာန်း ၄၀-ကို ပွားများခြင်းဖြင့် နီဝရဏ စသော ကိလေသာတို့ကို ငြိမ်းစေတတ်သော, ဝိတက် စသော အောက်အောက် ဈာန်အင်္ဂါတို့ကို ငြိမ်သက်စေတတ်သော သမာဓိကို ခေါ်၏။ (လောကီကုသိုလ်, ကြိယာဥ္စယှဥ်သော ကေဂ္ဂတာစေတသိက်ကို ရ၏။)

(၂) ဝိပဿနာဘာဝနာ= တေဘူမက သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်ဖန် ရှုတတ်သော ဉာဏ်ကို ခေါ်၏။ (မဟာကုသိုလ်, ကြိယာဥ္စယှဥ်သော ပညာစေတသိက်ကို ရ၏။)

ယင်းဘာဝနာနှစ်ရပ်၏ အကျိုးသက်ရောက်မှုမှာ-

(၁) သမထဘာဝနာကို ပွားများလျှင် = မဟဂ္ဂုတ်ဈာန်နှင့် အဘိညာဉ်ဟူသော လောကီဈာန်တို့ကို ရနိုင်ပါသည်။

(၂) ဝိပဿနာဘာဝနာကို ပွားများလျှင်= မဂ်,ဖိုလ်,နိဗ္ဗာန် ဟူသော လောကုတ္တရာ တရားတို့ကို ရနိုင်ပါသည်။

http://www.dhammadownload.com



၂ ဖြပ္ပာဝတို့ နေခြင်းနှင့် တူသောကြောင့် "ဖြပ္ပာဝိဟာရ"အမည်ရသော ဘာဝနာတို့ကို ရှာဖွေပြ၍၊ အဘယ်စရိုက်ဆိုးရှိသူသည် ယင်းဘာဝနာတို့နှင့် အထူးသင့်လျော်သည်ကို လည်း ဖြေဆိုခဲ့ပါ။

"ဖြပ္ပာဝိဟာရ" အမည်ရသော ဘာဝနာတို့ကို ဖော်ပြရသော်–

(က) မေတ္တာဘာဝနာ
(ခ) ကရုဏာဘာဝနာ
(ဂ) မုဒိတာဘာဝနာ
(ဃ) ဥပေက္ခာဘာဝနာတို့ ဖြစ်ကြပါသည်။

**ယင်းဘာဝနာတို့နှင့် အထူးသင့်လျော်သော စရိုက်ဆိုးရှိသူမှာ–**
**"ဒေါသ" စရိုက်ထူပြောသောပုဂ္ဂိုလ် ဖြစ်ပါသည်။**

၃ ယနေ့၊ လောကတွင် အလှူဒါန ပြုကြသူများသည် မိမိအလှူ၏ မှတ်တမ်းတင် ရုပ်မြင်သံကြား သတင်းကားများကို အဖန်ဖန် ကြည့်ရှု၍ သဒ္ဓါပွားပြီး သတိရနေခြင်းသည် မည်သည့် ဘာဝနာ ဖြစ်ပါသနည်း။ ယင်းဘာဝနာဖြင့် ဈာန်, မဂ်, ဖိုလ်ဟူသော အပ္ပနာ အဆင့်သို့ ရောက်နိုင်- မရောက်နိုင်ကိုလည်း ဆုံးဖြတ်ပြပါ။

မိမိအလှူ၏ မှတ်တမ်းတင် ရုပ်မြင်သံကြား သတင်းကားများကို အဖန်ဖန် ကြည့်ရှု၍ သဒ္ဓါပွားပြီး သတိရနေခြင်းသည် "စာဂါ နုဿတိ" တည်းဟူသော သမထကမ္မဋ္ဌာန်း ဘာဝနာ ဖြစ်ပါသည်။

**ယင်းဘာဝနာဖြင့် ဈာန်–တည်းဟူသော အပ္ပနာအဆင့်ကို မရောက်နိုင်ပါ။**

အဘယ်ကြောင့်ဆိုသော် ယင်းဘာဝနာ၏ အာရုံတရားသည် ပရမတ်တရားဖြစ်၍ အလွန် နက်နဲ၏။ နက်သောရေ၌ ထိုးဝါးဖြင့် ထောက်၍ မမှီသဖြင့် လှေသည် ငြိမ်သက်စွာ မတည်နိုင်သကဲ့သို့ ယင်းအာရုံ၌ ဝိတက် စသော ဈာန်အင်္ဂါတို့ ခိုင်မြဲစွာ မထောက်တည်နိုင်သဖြင့် ဈာန်ဟူသော အပ္ပနာအဆင့်ကို မရောက်နိုင်ပါ။

သို့ရာတွင် ဥပစာရသမာဓိဟူသော စိတ္တဝိသုဒ္ဓိကို အခြေခံ၍ ၎င်း ရုပ်–နာမ် ပရမတ်တို့အပေါ် ဝိပဿနာဘာဝနာ ဆက်လက် ရှုပွားလျှင်မူ မဂ်–ဖိုလ်တည်းဟူသော အပ္ပနာ အဆင့်သို့ ရောက်နိုင်ပါသည်။

http://www.dhammadownload.com



❾ ဝိပဿနာဘာဝနာကို စတင်ပွားများသူ ယောဂီပုဂ္ဂိုလ်၌ မည်သည့်ဝိပဿနာဉာဏ် စတင်ဖြစ်ပါသနည်း။ ၎င်းဉာဏ်စဉ်တို့ အဆင့်ဆင့် မြင့်၍ ရင့်သည်ထက် ရင့်ကာ အမြင်သန်လာပုံကို ဝိပဿနာဉာဏ်ဆုံးသည့်တိုင်အောင် ဆက်လက်ဖော်ပြပါ။

ဝိပဿနာဘာဝနာကို စတင်ပွားများသူ ယောဂီပုဂ္ဂိုလ်၌ စတင်ဖြစ်သော ဝိပဿနာဉာဏ်မှာ–

"သမ္မသနဉာဏ်" ဖြစ်ပါသည်။

၎င်းဉာဏ်စဉ်တို့ အဆင့်ဆင့်မြင့်၍ ရင့်သည်ထက် ရင့်ကာ အမြင်သန်လာပုံကို ဝိပဿနာဉာဏ်ဆုံးသည့်တိုင်အောင် ဖော်ပြရသော်–

(၁) ဥဒယဗ္ဗယဉာဏ်
(၂) ဘင်ဉာဏ်
(၃) ဘယဉာဏ်
(၄) အာဒီနဝဉာဏ်
(၅) နိဗ္ဗိဒါဉာဏ်
(၆) မုဉ္စိတုကမျတာဉာဏ်
(၇) ပဋိသင်္ခါဉာဏ်
(၈) သင်္ခါရုပေက္ခာဉာဏ်
(၉) အနုလောမဉာဏ် တို့ ဖြစ်ပါသည်။

---

## ၁၉၉၃–ခုနှစ်

❶ ယောဂီပုဂ္ဂိုလ်များ အစာအာဟာရ စားသုံးရာ၌ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းကို ရှုမှတ်ဆင်ခြင်ပုံနှင့်တကွ ရေးသား၍ တပ်မက်စွဲလမ်းမှုအားကြီးသော ပုဂ္ဂိုလ်အား သင့်လျော်မည့် ကမ္မဋ္ဌာန်းကိုလည်း ညွှန်ကြားခဲ့ပါ။

ယောဂီပုဂ္ဂိုလ်များ အစာအာဟာရ စားသုံးရာ၌ ရှုမှတ်ရမည့် ကမ္မဋ္ဌာန်းမှာ–

"အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း" ဖြစ်ပါသည်။ ဆင်ခြင်ပုံမှာ– မိမိစားမျိုအပ်သော အစာအာဟာရတို့၌ စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို အောက်မေ့ဆင်ခြင်မှု အမှတ်သတိထား၍ ဆင်ခြင်ရမည် ဖြစ်ပါသည်။

http://www.dhammadownload.com



တပ်မက်စွဲလမ်းမှု အားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်မည့် ကမ္မဋ္ဌာန်းများမှာ–

| | | |
|---|---|---|
| အသုဘကမ္မဋ္ဌာန်း | = | ၁၀–ပါး |
| ကာယဂတာသတိ ။ | = | ၁–ပါး |
| ပေါင်း | = | ၁၁–ပါး ဖြစ်ပါသည်။ |

ရင်း ၁၁–ပါးအပြင် သင့်လျော်မည့်ကမ္မဋ္ဌာန်းများမှာ–

(၁) ပထဝီကသိုဏ်း
(၂) အာပေါကသိုဏ်း
(၃) တေဇောကသိုဏ်း
(၄) ဝါယောကသိုဏ်း
(၅) အာလောကကသိုဏ်း
(၆) အာကာသကသိုဏ်း
(၇) အာရုပ္ပ ၄–ပါး တို့ဖြစ်ကြပါသည်။

❷ အသုဘကမ္မဋ္ဌာန်းကို ရှုခြင်းနှင့် မေတ္တာပို့သခြင်းသည် အဘယ်အရာက အကျိုးပို၍ ကြီးပါသနည်း။ အကြောင်းပြ ဖြေဆို၍ ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ထုတ်ဖော် ရေးသားခဲ့ပါ။

အသုဘကမ္မဋ္ဌာန်းကို ရှုခြင်းနှင့် မေတ္တာပို့သခြင်းတို့တွင် "မေတ္တာပို့သခြင်း"က အကျိုး ပိုကြီးပါသည်။ အကြောင်းမှာ–

(၁) အသုဘကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင် – ပထမဈာန်သာ ရရှိနိုင်ပြီး၊
(၂) မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို ပွားများအားထုတ်လျှင်– ပထမဈာန်မှသည် ◦◦ စတုတ္ထဈာန်အထိ ရရှိနိုင်သောကြောင့်ဖြစ်ပါသည်။

ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့မှာ–

| | | |
|---|---|---|
| ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဟူသော ဘူတကသိုဏ်း | = | ၄–ပါး |
| အာကာသကသိုဏ်း၊ အာလောကကသိုဏ်း | = | ၂–ပါး |
| အာရုပ္ပ(အရူပ)ကမ္မဋ္ဌာန်း | = | ၄–ပါး |
| ပေါင်း | = | ၁၀–ပါး |

http://www.dhammadownload.com



❸ အယူ၏စင်ကြယ်မှုဖြစ်အောင် ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်းကို ထုတ်ဖော်ပြ၍ သောတာပန်ပုဂ္ဂိုလ်တို့၏ ဂုဏ်ရည်များကိုလည်း စုံညီအောင် ရေးသားဖြေဆိုခဲ့ပါ။

**အယူစင်ကြယ်မှုဖြစ်အောင် ပွားများအားထုတ်ရမည့် ကမ္မဋ္ဌာန်း(သမထကမ္မဋ္ဌာန်း)မှာ–**

စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်– ခန္ဓာကိုယ်၌ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်ကြီး ၄–ပါးတို့ကို ဉာဏ် (ပညာ)ဖြင့် ပိုင်းခြား ရှုဆင်ခြင်မှု (စတုဓာတုဝဝတ္ထာန်)ဖြင့် ငါ, သူတစ်ပါး, ကျား, မ အယူစင်ကြယ်စေနိုင်သောကြောင့် ဖြစ်ပါသည်။

(တစ်နည်း) အယူစင်ကြယ်မှု (ဒိဋ္ဌိဝိသုဒ္ဓိ)ဖြစ်စေရန် ပွားများအားထုတ်ပုံ (အကျဉ်း)ကို ဖော်ပြရသော်– သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ရုပ်နာမ်ဓမ္မသခါရတို့၌ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ဟူသော အချက်ကြီး ၄–ချက်ဖြင့် ပိုင်းခြား ရှုဆင်ခြင်ပါက နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာပြီး သတ္တ, ဇီဝ, ပုဂ္ဂလ, အတ္တအယူမှ အထူး စင်ကြယ်လာပါမည်။

**သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည်များမှာ–**

(၁) ကိလေသာတို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်၏။
(၂) ကြွင်းကိလေသာတို့တွင် အပါယ်သို့ ကျစေနိုင်သော သတ္တိကိုပယ်သဖြင့် သောတာပန်ပုဂ္ဂိုလ်အဆင့်သို့ ရောက်လျှင် အပါယ်သို့ လားခြင်း(ရောက်ခြင်း) မရှိတော့ပါ။
(၃) ကာမဘုံ၌ အလွန်ဆုံး ၇–ဘဝသာ နေ၍ ပရိနိဗ္ဗာန် စံဝင်၏။
(ဗြဟ္မာဘုံ၌ကား ၇–ကြိမ်ထက်ပို၍ ပဋိသန္ဓေ နေနိုင်သေး၏။)

---

**၁၉၉၄–ခုနှစ်**

❶ ယောဂီသူတော်စင်များ အားထုတ်ကြသော ကမ္မဋ္ဌာန်းအလုပ်ကို ချာန်လမ်း၊ ဉာဏ်လမ်းဟု ဆိုရာ၌ ထင်ရှားအောင် ခွဲခြားပြ၍ ယင်းတို့၏ တရားကိုယ်များကို ညွှန်ပြပါ။

ယောဂီသူတော်စင်များ အားထုတ်ကြသော ကမ္မဋ္ဌာန်းအလုပ်တို့တွင်–

**ချာန်လမ်းဟူသည်** = သမာဓိတရား။ ချာန်တရားရရှိရန်အတွက် နီဝရဏတရားများ ငြိမ်သက်အောင် အားထုတ်သော သမထကမ္မဋ္ဌာန်းအလုပ် ဖြစ်ပါသည်၊(တရားကိုယ်မှာ– လောကီကုသိုလ်–ကြိယာ၌ ယှဉ်သော ဧကဂ္ဂတာစေတသိက် ဖြစ်ပါသည်။

http://www.dhammadownload.com



ဉာဏ်လမ်းဟူသည် = မဂ်, ဖိုလ်, နိဗ္ဗာန်ရရှိရန်အတွက် ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟု ရှုမှတ်ပွားများ အားထုတ်သော ဝိပဿနာကမ္မဋ္ဌာန်းအလုပ် ဖြစ်ပါသည်။
(တရားကိုယ်မှာ- မဟာကုသိုလ်-ကြိယာ၌ ယှဉ်သော ပညာစေတသိက်ဖြစ်ပါသည်။)

(မှတ်ချက်။ ၁၉၉၀-ခုနှစ်၊ နံပါတ် (၁)

၁၉၉၂-ခုနှစ်၊ နံပါတ် (၁)

၁၉၉၄-ခုနှစ်၊ နံပါတ် (၁)တို့သည် အကြောင်းအရာ တူသော်လည်း မေးခွန်းပုံစံ ကွဲသဖြင့် အဖြေတင်ပြပုံ အနည်းငယ် ကွဲပုံကို ဖြေဆိုပုံ နမူနာယူပါ။)

❷ ယောဂီ၏ ဩဒါတကသိုဏ်း ရှုပွားမှုတွင် ဘာဝနာဘေဒကို ဖော်ပြ၍ ဒေဝတာနုဿတိ ပွားများနည်းကိုလည်း စနစ်တကျ ဖော်ညွှန်းခဲ့ပါ။

ဩဒါတကသိုဏ်းကို ရှုပွားလျှင် ရူပါဝစရဈာန် ၅-ပါးလုံး ရနိုင်ပြီး၊ နိမိတ်နှင့် ဘာဝနာအားဖြင့်လည်း ၃-မျိုးစလုံး ရနိုင်ပါသည်။
ထို နိမိတ် ၃-ပါးနှင့် ဘာဝနာကို တွဲစပ်ပြရသော်-

(၁) ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ
(၂) ဥဂ္ဂဟနိမိတ် = ရှေးကထက် သမာဓိရသော ပရိကမ္မဘာဝနာ
(၃) ပဋိဘာဂနိမိတ် = ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ-တို့ဖြစ်ပါသည်။

ဒေဝတာနုဿတိ ပွားများနည်း-

[၁၉၉၁-ခုနှစ်၊ နံပါတ် ၂-အဖြေကိုကြည့်ပါ။]

❸ သဒ္ဓါတရား အားကောင်းသူများ ရှုပွားသင့်လှသော ကမ္မဋ္ဌာန်းများကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင် ဥဂ္ဂဟနိမိတ် ထင်ပုံကိုလည်း ရေးသားဖြေဆိုပါ။

သဒ္ဓါတရား အားကောင်းသူများ ရှုပွားသင့်လှသော ကမ္မဋ္ဌာန်းများမှာ-

(၁) ဗုဒ္ဓါနုဿတိ
(၂) ဓမ္မာနုဿတိ

http://www.dhammadownload.com



(၃) သံဃာနုဿတိ
(၄) သီလာနုဿတိ
(၅) စာဂါနုဿတိ
(၆) ဒေဝတာနုဿတိ တို့ဖြစ်ပါသည်။

**ဥဂ္ဂဟနိမိတ်ထင်ပုံ–**

ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ် (ပရိကမ္မနိမိတ်)ကို မျက်စိဖြင့် ဖွင့်တုံမှိတ်တုံ အဖန်ဖန် အာရုံပြု၍ ပွားများအားထုတ်သည်ရှိသော် မျက်စိမှိတ်၍ စိတ်ဖြင့် ဆင်ခြင်သောအခါ ထို ပထဝီကသိုဏ်းဝန်း အာရုံနိမိတ်သည် မျက်စိဖြင့် တိုက်ရိုက်မြင်နေရသကဲ့သို့ မနောဒွါရ၌ ထင်ရှားစွာ ပေါ်၏။ ဤသို့ စိတ်ဖြင့် ကောင်းစွာ ယူအပ်သောနိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ်ပါသည်။

❾ အဘယ်ပုဂ္ဂိုလ်မျိုးကို အနာဂါမ်ဟု ခေါ်ပါသနည်း။ ဖြေဆိုပြီးလျှင် ဖလသမာပတ်နှင့် နိရောဓသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။

**အနာဂါမ်ပုဂ္ဂိုလ်ဟူသည်မှာ–** ကာမရာဂ, ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်သတ်ပြီးသောကြောင့် ကာမဘုံသို့ ပဋိသန္ဓေ မနေတော့သောပုဂ္ဂိုလ်ကို ခေါ်ဆိုပါသည်။

**ဖလသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်များမှာ–**

(၁) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်
(၂) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ်
(၃) အနာဂါမိဖိုလ်ပုဂ္ဂိုလ်
(၄) အရဟတ္တဖိုလ်ပုဂ္ဂိုလ်တို့ဖြစ်ကြပါသည်။

**နိရောဓသမာပတ်ဝင်စားနိုင်သော ပုဂ္ဂိုလ်များမှာ–**

ကာမဘုံ၊ ရူပဘုံ၌ သမာပတ် ၈–ပါး၊ ၉–ပါး ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



၁၉၉၅–ခုနှစ်

❶ "ကာမရောဂါ ကိုယ်တွင်းနာကား ကုရာနတ္ထိ ဆေးမရှိ"ဟု အဆိုရှိလေရာ မြတ်ဗုဒ္ဓ အဘိဓမ္မာအရ ပျောက်ကင်းနိုင်သော နည်းလမ်းများကို ညွှန်ပြ၍ ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့ကိုလည်း ဖြေဆိုပါ။

မြတ်ဗုဒ္ဓ အဘိဓမ္မာအရ ကာမရောဂါ ကိုယ်တွင်းနာကို ပျောက်ကင်းနိုင်သော နည်းလမ်းများမှာ–

ကာမရောဂါဟု ဆိုအပ်လောက်သော ရာဂစရိုက် ထူပြောသော ပုဂ္ဂိုလ်သည် အသုဘ ၁၀–ပါးနှင့် ကာယဂတာသတိ ၁–ပါး၊ ပေါင်း ၁၁–ပါးသော ကမ္မဋ္ဌာန်းတို့ကို အားထုတ်ခြင်း အားဖြင့် ပျောက်ကင်းနိုင်ပါသည်။

ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းများမှာ–

[၁၉၉၃–ခုနှစ်၊ နံပါတ် ၂–အဖြေ၌ ကြည့်ပါ။]

❷ အောက်ပါယောဂီတို့ အကျိုးရပုံချင်း ခြားနားဟန်ကို စိစစ်ပြပါ။

(က) ထွက်လေဝင်လေ ရှုမှတ်နေသော ယောဂီ၊

(ခ) အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေသော ယောဂီ၊

(ဂ) မေတ္တာတရား ပွားများနေသော ယောဂီ၊

(က) ထွက်လေဝင်လေ ရှုမှတ်နေသော ယောဂီသည်–
ရူပါဝစရ ပထမဈာန်မှ ပဉ္စမဈာန်အထိ အကျိုးရရှိနိုင်ပါသည်။

(ခ) အသုဘကမ္မဋ္ဌာန်း စီးဖြန်းနေသော ယောဂီသည်–
ရူပါဝစရ ပထမဈာန်အကျိုးကိုသာ ရရှိနိုင်ပါသည်။

(ဂ) မေတ္တာတရား ပွားများနေသော ယောဂီသည်–
ရူပါဝစရ ပထမဈာန်မှ စတုတ္ထဈာန်အထိ ရနိုင်ပါသည်။

http://www.dhammadownload.com



❸ မိုးပျံမြေလျှိုး တန်းခိုးပြသူသည် မည်သည့် အဘိညာဉ်ပိုင်ရှင်ဖြစ်သည်ကို ဖြေဆို၍ နိရောဓသမာပတ် ဝင်စားနေစဉ် သေနိုင်- မသေနိုင်ကိုလည်း ခိုင်လုံသော အကြောင်းပြချက်နှင့် ဆုံးဖြတ်ချက်ချပြပါ။

မိုးပျံမြေလျှိုး တန်ခိုးပြသူသည်–

"ဣဒ္ဓိဝိဓ" အဘိညာဉ်ပိုင်ရှင် ဖြစ်ပါသည်။

နိရောဓသမာပတ် ဝင်စားနေစဉ် မသေနိုင်ပါ။

အဘယ်ကြောင့်ဆိုသော်– နိရောဓသမာပတ် မဝင်စားခင် ပုဗ္ဗကိစ္စ ၄–ချက်ကို ပြုကြရရာ မိမိ၏ အသက် ဇီဝိတိန္ဒြေဖြစ်ရာ ကာလအပိုင်းအခြားကို ဆင်ခြင်သည့် ပုဗ္ဗကိစ္စကိုလည်း ပြုရပါသည်၊ မိမိ အသက်ကြွင်းရှိမှသာ နိရောဓသမာပတ် ဝင်စားခြင်း ဖြစ်နိုင်သဖြင့် နိရောဓသမာပတ် ဝင်စားနေစဉ်အတွင်း မသေနိုင်ခြင်း ဖြစ်ပါသည်။

---

## ၁၉၉၆–ခုနှစ်

❶ လောကတွင် လူအမျိုးမျိုးရှိသည့်အနက် (က) သည်းမခံတတ် စိတ်ဆတ်သူ၊ (ခ) ကံတရားကို ယုံကြည်အားထားသူတို့အား သင့်လျော်သော ကမ္မဋ္ဌာန်းလုပ်ငန်းများကို ဖြေဆိုပါ။

(က) သည်းမခံတတ် စိတ်ဆတ်သူအား သင့်လျော်သော ကမ္မဋ္ဌာန်းများမှာ–

နီလ, ပီတ, လောဟိတ, ဩဒါတ ဟူသော အရောင်ကသိုဏ်း ၄–ပါး၊
မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော အပ္ပမညာ ၄–ပါး တို့ဖြစ်ကြပါသည်။

(ခ) ကံတရားကို ယုံကြည်အားထားသူအား သင့်လျော်သော ကမ္မဋ္ဌာန်းများမှာ–

[၁၉၉၄–ခုနှစ်၊ နံပါတ် ၃–အဖြေကြည့်ပါ။]

❷ "မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"ဟု ဆိုစကားရှိရာ အသုဘစီးဖြန်း ပွားများလျှင် ရရှိနိုင်သော အကျိုးတရားကိုရေး၍ မေတ္တာပွားများနေသော ယောဂီသည် မည်သည့် ရှာန်များ ရရှိနိုင်သည်ကိုလည်း ဖြေဆိုပါ။

[၁၉၉၃–ခုနှစ်၊ နံပါတ် ၂–အဖြေကြည့်ပါ။]

http://www.dhammadownload.com



❸ ဝိပဿနာတရား အားထုတ်နေသော ယောဂီ၌ မဂ်ရခါနီး ဖြစ်နိုင်သော စိတ်များကို ရေး၍ ယင်းစိတ်များသည် မည်သည့်အာရုံကို အာရုံပြုသည်ကိုလည်း ဖြေဆိုပါ။

ဝိပဿနာတရား အားထုတ်နေသော ယောဂီ၌ မဂ်ရခါနီးဖြစ်နိုင်သောစိတ်များနှင့် ယင်း စိတ်တို့၏ အာရုံများမှာ–

မဂ်ရခါနီး၌ "ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ"ဟု ဘဝင်အစဉ် ပြတ်ပြီးနောက် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေါ်လာပါသည်၊ ထိုစိတ်၏ အခြားမဲ့ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် "ဥပစာ, အနုလုံ" ဟူသော ဝိပဿနာဇောစိတ် ၂–ကြိမ်၊ မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် "ပရိကံ, ဥပစာ, အနုလုံ" ဟူသော ဝိပဿနာဇောစိတ် ၃–ကြိမ် ဖြစ်ပါသည်၊ ထို့နောင် ဂေါတြဘူစိတ် ဖြစ်ပါသည်၊ ဤစိတ်တို့ကား မဂ်ရခါနီးဖြစ်သော စိတ်များတည်း။

ယင်းတို့၏ အာရုံမှာ–

(၁) **ဘဝင်္ဂစလနနှင့် ဘဝင်္ဂုပစ္ဆေဒတို့၏အာရုံ**

ကံ, ကမ္မ, ဂတိနိမိတ် ၃–ပါးအနက် ၁–ပါးပါး

(၂) **မနောဒွါရာဝဇ္ဇန်း, ပရိကံ, ဥပစာ, အနုလုံ၏အာရုံ**

တေဘူမကသင်္ခါရတရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာ၊

(၃) **ဂေါတြဘူစိတ်၏ အာရုံ = နိဗ္ဗာန်**

❹ ပုထုဇဉ်နှင့် အရိယာ ကွဲပြားသွားအောင် လူတန်းစား ခွဲခြားသော ကာမဇော၏ (က)အမည်၊ (ခ) အာရုံ၊ (ဂ) လုပ်ဆောင်ချက်တို့ကို ဖြေဆိုပါ။

ပုထုဇဉ်နှင့် အရိယာ ကွဲပြားသွားအောင် လူတန်းစား ခွဲခြားသော ကာမဇော၏

(က) **အမည်** – ဂေါတြဘူ
(မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောစိတ် ၄–ပါး)

(ခ) **အာရုံ** – နိဗ္ဗာန်

(ဂ) **လုပ်ဆောင်ချက်** – ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်သို့ ရောက်စေ၏။

http://www.dhammadownload.com



## ၁၉၉၇-ခုနှစ်

❶ ဝိတက်များ၍ အိပ်မပျော်သောသူအား သင့်လျော်သည့် ကမ္မဋ္ဌာန်းကို ညွှန်ကြား၍ မောဟစရိုက်၊ ဝိတက်စရိုက် ရှိသူတို့ ပွားများသင့်သော ကသိုဏ်းဝန်းပမာဏကိုလည်း ဖော်ပြခဲ့ပါ။

ဝိတက်များ၍ အိပ်မပျော်သောသူအား သင့်လျော်သည့် ကမ္မဋ္ဌာန်းမှာ-

"အာနာပါနဿတိ" ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

မောဟစရိုက်ရှိသူ ပွားများသင့်သော ကသိုဏ်းဝန်း ပမာဏမှာ-

"ကောက်နယ် တလင်းခန့်"ပမာဏရှိသော ကြီးမားသည့် ကသိုဏ်းဝန်း ဖြစ်ပါသည်။

ဝိတက်စရိုက်ရှိသူ ပွားများသင့်သော် ကသိုဏ်းဝန်း ပမာဏမှာ-

"အိုးဝ ခွက်ဝခန့်" ပမာဏရှိသော သေးငယ်သည့် ကသိုဏ်းဝန်း ဖြစ်ပါသည်။

❷ ပထမဈာန်ရစေနိုင်သော ကမ္မဋ္ဌာန်းများကို ဖော်ပြ၍ နိမိတ် ၃-ပါးနှင့် ဘာဝနာ ၃-ပါးကိုလည်း မမှားအောင် တွဲစပ်ပြပါ။

ပထမဈာန်ရနိုင်သော ကမ္မဋ္ဌာန်းများမှာ-

| | | |
|---|---|---|
| ကသိုဏ်း | = | ၁၀-ပါး |
| အသုဘ | = | ၁၀-ပါး |
| ကာယဂတာသတိ | = | ၁-ပါး |
| အာနာပါနဿတိ | = | ၁-ပါး |
| မေတ္တာ၊ ကရုဏာ၊ မုဒိတာ | = | ၃-ပါး |
| ပေါင်း | = | ၂၅-ပါး |

နိမိတ်သုံးပါးနှင့် ဘာဝနာသုံးပါး တွဲစပ်ပြရသော်-

ပရိကမ္မနိမိတ် = ပရိကမ္မဘာဝနာ၊

ဥဂ္ဂဟနိမိတ် = ရှေးကထက် တည်ကြည်၍ သမာဓိရသော ပရိကမ္မဘာဝနာ၊

ပဋိဘာဂနိမိတ် = ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ။

http://www.dhammadownload.com



❸ မြတ်ဗုဒ္ဓဂုဏ်တော်များကို ပွားများသဖြင့် လက်ငင်းရနိုင်သော အကျိုးနှင့် ဖြစ်နိုင်သော ဘာဝနာများကို ဖော်ပြပြီးလျှင် ဝိပဿနာတရား အားထုတ်မည့် ယောဂီများ စင်ကြယ်အောင် စောင့်ထိန်းရမည့် သီလလေးမျိုးကိုလည်း ဖြေဆိုခဲ့ပါ။

မြတ်ဗုဒ္ဓဂုဏ်တော်ကို ပွားများသဖြင့် လက်ငင်းရနိုင်သော အကျိုးနှင့် ဖြစ်နိုင်သော ဘာဝနာများမှာ–

မြတ်ဗုဒ္ဓဂုဏ်တော်ကို ပွားများသူသည် သဒ္ဓါတရား လွန်စွာ တိုးပွားခြင်း, နီဝရဏ တရားများ ငြိမ်သက်ခြင်း စသော ကာမာဝစရကုသိုလ်အကျိုးကို ရရှိနိုင်ပါသည်။

ဘာဝနာအားဖြင့်ကား– ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ ၂–ပါးသာ ရရှိနိုင်ပါသည်။

ဝိပဿနာတရားအားထုတ်မည့် ယောဂီများ စင်ကြယ်အောင် စောင့်ထိန်းရမည့် သီလ လေးမျိုးမှာ–(၁) ပါတိမောက္ခသံဝရသီလ

(၂) ဣန္ဒြိယသံဝရသီလ

(၃) အာဇီဝပါရိသုဒ္ဓိသီလ

(၄) ပစ္စယသန္နိဿိတသီလ တို့ဖြစ်ပါသည်။

❹ "ဝုဋ္ဌာနဂါမိနီဝိပဿနာ"အမည် ရနိုင်သော ဉာဏ်တို့ကို ဖော်ပြ၍ "ရဟန္တာပုဂ္ဂိုလ်များ ကောန် ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိနှင့် အနေကန် ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများကိုလည်း ရေးခဲ့ပါ။

ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်ရနိုင်သော ဉာဏ်များမှာ–

(၁) သင်္ခါရုပေက္ခာဉာဏ်အရင့်ပိုင်း

(၂) အနုလောမဉာဏ် တို့ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်များ ကောန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိများမှာ–

(၁) မဂ္ဂပစ္စဝေက္ခဏာဝီထိ

(၂) ဖလပစ္စဝေက္ခဏာဝီထိ

(၃) နိဗ္ဗာနပစ္စဝေက္ခဏာဝီထိ တို့ဖြစ်ပါသည်။

ရဟန္တာပုဂ္ဂိုလ်များ အနေကန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိမှာ–

ပဟီနကိလေသာပစ္စဝေက္ခဏာဝီထိ ဖြစ်ပါသည်။

http://www.dhammadownload.com



၁၉၉၈–ခုနှစ်

၁ လူအမျိုးမျိုး စရိုက်အထွေထွေ ရှိကြလေရာ လူ့ယဉ်ကျေးတို့အား ဖြစ်လေ့ဖြစ်ထရှိသော စရိုက်များကို ရေးသား၍ ဒေဝတာနုဿတိ အဓိပ္ပာယ်နှင့် ယင်းဒေဝတာနုဿတိ ပွားများအားထုတ်ရန် သာမန်သင့်လျော်သော ပုဂ္ဂိုလ်နှင့် အထူးသင့်လျော်သော ပုဂ္ဂိုလ်များသည် အသီးသီး ဖော်ပြပါ။

လူ့ယဉ်ကျေးမှုတို့အား ဖြစ်လေ့ဖြစ်ထရှိသော စရိုက်များမှာ–

သဒ္ဓါစရိုက်နှင့် ဗုဒ္ဓစရိုက်တို့ ဖြစ်ပါသည်။

ဒေဝတာနုဿတိ = နတ်တို့ကို သက်သေပြု၍ နတ်တို့၏ ''သဒ္ဓါ စသောဂုဏ်'' နှင့်တူသော မိမိ၏ ''သဒ္ဓါစသောဂုဏ်''တို့ကို အဖန်ဖန် အထပ်ထပ် မပြတ်အောက်မေ့ ဆင်ခြင်ခြင်း။

ဒေဝတာနုဿတိ ပွားများအားထုတ်ရန်

သာမန် သင့်လျော်သောပုဂ္ဂိုလ်မှာ – သဒ္ဓါတရားရှိသောပုဂ္ဂိုလ်

အထူး သင့်လျော်သောပုဂ္ဂိုလ်မှာ – သဒ္ဓါစရိုက် ထူပြောသောပုဂ္ဂိုလ်

၂ အရူပဈာန်လေးပါးတို့၏ အာရုံများကို အသီးသီး ဖော်ပြပြီးလျှင် တစ်ပါးသူ၏ စိတ်ဓာတ်ကို သိသောသူသည် မည်သည့်အဘိညာဉ်ပိုင်ရှင် ဖြစ်သည်ကိုလည်း ရေးသားပါ။

အရူပဈာန်လေးပါတို့၏ အာရုံများ

ပထမအရူပဈာန်၏ အာရုံမှာ – ကောင်းကင်ပညတ်၊

ဒုတိယအရူပဈာန်၏ အာရုံမှာ – ပထမာရုပ္ပဝိညာဏ်၊ (အာကာသဈာန်စိတ်)

တတိယအရူပဈာန်၏ အာရုံမှာ– နတ္ထိဘောပညတ်၊

စတုတ္ထအရူပဈာန်၏ အာရုံမှာ – တတိယာရုပ္ပဝိညာဏ်၊ (အာကိဉ်ဈာန်စိတ်)

တစ်ပါးသူ၏ စိတ်ဓာတ်ကို သိသောသူသည် ''စေတောပရိယအဘိညာဉ်''ပိုင်ရှင် ဖြစ်ပါသည်။

http://www.dhammadownload.com



❸ ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံစေရန် ပွားများနည်းကို ရေးသား၍ ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သော ယောဂီတစ်ယောက်အား တွေ့ကြုံတတ်သော အခက်အခဲနှင့် ယင်းအခက်အခဲမှ လွှန်မြောက်အောင် မည်ကဲ့သို့ အားထုတ်ရမည်ကိုလည်း ဖြေဆိုပါ။

**ပစ္စယသန္နိဿိတသီလနှင့် ပြည့်စုံစေရန် ပွားများနည်းမှာ–**

''အသက်ရှည်ကြာ၊ ဘေးဘယာတို့၊ ကိုယ်မှာမကပ်၊ ပရိယတ်နှင့် ပဋိပတ်ရေး၊ မျှော်ထောက်တွေး၍၊ ဤဆေး,ဤဆွမ်း,ဤသင်္ကန်းနှင့် ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို မှီအောင်း သုံးစွဲပါသတည်း''ဟု ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ဟူသော ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ ဉာဏ်ဖြင့် သုံးစွဲလျှင် ဤသီလ လုံခြုံပြည့်စုံနိုင်ပါသည်။

**ဥဒယဗ္ဗယဉာဏ်သို့ ဆိုက်ရောက်သော ယောဂီတစ်ယောက်အား တွေ့ကြုံတတ်သော အခက်အခဲများမှာ–**

[ ၁၉၉၀–ခုနှစ်၊ နံပါတ် ၃–အဖြေ၌ ကြည့်ပါ။ ]

**ယင်းအခက်အခဲမှ လွှန်မြောက်အောင် အားထုတ်ရပုံမှာ–**

ထို ဩဘာသ စသည်တို့သည် တဏှာ, မာန, ဒိဋ္ဌိတို့၏ တည်ရာဖြစ်၍ ဝိပဿနာဉာဏ်ကို ညစ်နွမ်းစေတတ်သော ဘေးရန်များတည်း၊ ထိုဩဘာသ စသည်ကို နှစ်သက်စွဲလမ်းနေမှုသည် မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန် မဟုတ်သဖြင့် အမဂ္ဂ (လမ်းမှား) သာလျှင်တည်း၊ ဝိပဿနာဉာဏ် အစဉ်အတိုင်း ဆက်လက်၍ အားထုတ်မှုသာ မဂ်ဖိုလ်ရကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်၍ မဂ္ဂ(လမ်းမှန်)အစစ်ဖြစ်၏ဟု ပိုင်းခြား သတ်မှတ်ပြီး ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဆက်လက် အားထုတ်ခြင်းဖြင့် ဤအခက်အခဲတို့မှ လွှန်မြောက်နိုင်ပါသည်။

❹ မည်သို့သောပုဂ္ဂိုလ်မျိုးကို လောက၌ "ရဟန္တာ"ဟု ခေါ်ဆိုကြ၍၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်အရိယာများ အိမ်ထောင်သားမွေးခြင်းကိစ္စ ရှိ,မရှိ အဘိဓမ္မာပညာရှင်ပီပီ ခွဲခြား ဖြေဆိုပါ။

ရဟန္တာ = အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမကျန်မရှိ ပယ်ပြီးသော, အာသဝေါတရားများ ကုန်ခန်းပြီးဖြစ်သည့်၊ လောက၌ အမြတ်ဆုံးအလှူကို ခံတော်မူထိုက်သော အရိယာပုဂ္ဂိုလ်ကို ''ရဟန္တာ''ဟု ခေါ်ပါသည်။

http://www.dhammadownload.com



| | |
|---|---|
| သောတာပန်နှင့် သကဒါဂါမ်အရိယာများသည် | = ကာမရာဂ, ကိလေသာကို အကြွင်းမဲ့ မပယ်ရသေး၍ အိမ်ထောင်သားမွေး ခြင်းကိစ္စ ရှိနိုင်သေးသည်။ |
| အနာဂါမ်အရိယာမှာမူ | = ကာမရာဂကိလေသာကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ အိမ်ထောင်သားမွေးခြင်း ကိစ္စ မရှိတော့ပါ။ |

---

## ၁၉၉၉–ခုနှစ်

၁ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့်ဝိပဿနာတို့၏ အဓိပ္ပာယ်ကို ကွဲပြားခြားနားအောင် ရေးပြ ပြီးလျှင် ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ ပွားများရမည့် တရားဆယ်ပါးကိုလည်း ထုတ်ဖော် ရေးသားခဲ့ပါ။

[ ၁၉၉၀–ခုနှစ်၊ နံပါတ် ၁–အဖြေ၌ ကြည့်ပါ။]

၂ ဆင်းရဲနွမ်းပါးသူတို့ကို ကူညီသော ပုဂ္ဂိုလ်တို့သန္တာန်၌ ဖြစ်သောတရားကို အာရုံနှင့် တွဲဖက် ဖော်ပြ၍ ထိုတရားကို နည်းလမ်းတကျ ဆက်လက်အားထုတ်ပါက မည်သည့်ဈာန်တရား များ ရနိုင်သည်ကိုလည်း ဖြေဆိုပါ။

ဆင်းရဲနွမ်းပါးသူတို့ကို ကူညီသူ၌ ကရုဏာဗြဟ္မဝိဟာရတရား ဖြစ်ပွားပါသည်၊ ထို တရားသည် ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြုပါသည်။

ဤတရားကို နည်းလမ်းတကျ အားထုတ်ပါက ဘာဝနာ အဆင့်ဆင့် မြင့်တက်၍ ရူပါဝစရ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်အထိ ရနိုင်ပါသည်။

၃ ကာမရောဂါ၊ ကိုယ်တွင်းနာကာ၊ ကုရာနတ္ထိ၊ ဆေးမရှိ"ဟု ဆိုသော်လည်း မြတ်ဗုဒ္ဓ အလို အားဖြင့်မူ ကာမရောဂါကို ပျောက်ကင်းစေနိုင်သော ဆေးတို့ကို ဖော်ထုတ်ပြပါ။

[ ၁၉၉၅–ခုနှစ်၊ နံပါတ် ၁–အဖြေကြည့်ပါ။ ]

၄ တရားအားထုတ်လျက်ရှိသော ယောဂီပုဂ္ဂိုလ်အား တရားသားတက်၍ ရင့်ကျက်လာသည့် အခါ အပ္ပနာဘာဝနာအထိ ရရှိစေနိုင်သော ကမ္မဋ္ဌာန်းတို့ကို ဖြေဆိုပါ။

http://www.dhammadownload.com



အပ္ပနာဘာဝနာအထိ ရနိုင်သော ကမ္မဋ္ဌာန်းတို့မှာ–

| | | |
|---|---|---|
| ကသိုဏ်း | = | ၁၀–ပါး |
| အသုဘ | = | ၁၀–ပါး |
| ကာယဂတာသတိ | = | ၁–ပါး |
| အာနာပါနဿတိ | = | ၁–ပါး |
| အပ္ပမညာ | = | ၄–ပါး |
| အရူပ | = | ၄–ပါး |
| ပေါင်း | = | ၃၀–ပါး ဖြစ်ပါသည်။ |

## ၂၀၀၀–ခုနှစ်

❶ မိမိစားသောက်သော အစာအာဟာရကို စက်ဆုပ် ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် မည်သည့် ကမ္မဋ္ဌာန်းဖြစ်သည်ကို ရေး၍ ယင်းကမ္မဋ္ဌာန်းကို မည်သို့သောပုဂ္ဂိုလ်များသာ ဆင်ခြင် ပွားများနိုင်သည်ကိုလည်း ဖြေဆိုပါ။

မိမိစားသောက်သော အစာအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင်–
"အာဟာရေပဋိကူလသညာ"ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

၎င်းကမ္မဋ္ဌာန်းကို ဆင်ခြင်ပွားများနိုင်သော ပုဂ္ဂိုလ်မှာ–
"ဗုဒ္ဓိစရိုက် ရှိသောပုဂ္ဂိုလ်" မျိုးသာ ဆင်ခြင်ပွားများနိုင်ပါသည်၊ အကြောင်းမှာ– သိမ်မွေ့ နက်နဲသည်ဖြစ်၍ ပညာ၏အရာသာ ဖြစ်သောကြောင့် ဖြစ်ပါသည်။

❷ ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းတို့ကို ရေး၍ ထွက်လေဝင်လေကို ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်က "ငါ သောတာပန်ဖြစ်ပြီ"ဟု ဆိုလာလျှင် လက်ခံနိုင်/မခံနိုင် အကြောင်း ပြချက်နှင့် ဆုံးဖြတ်ချက်ချပြပါ။

ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းမှာ– [ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၂။ ]

ထွက်လေဝင်လေကိုသာ ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်က "ငါ သောတာပန်ဖြစ်ပြီ" ဟု ဆိုလာလျှင် လက်မခံနိုင်ပါ၊ အကြောင်းမှာ–

http://www.dhammadownload.com



ထွက်လေဝင်လေကို ရှုမှတ်လျှင် ''ရူပပဋ္ဌကဈာန်''ကိုသာ ရနိုင်သောကြောင့် ဖြစ်ပါသည်။ (ထိုအပ္ပနာဈာန်မှ ဝိပဿနာသို့ပြောင်း၍ ရုပ်နာမ်ခန္ဓာတို့၌ အနိစ္စ,ဒုက္ခ,အနတ္တဟု ရှုမှတ်သော ယောဂီပုဂ္ဂိုလ်က ''ငါ သောတာပန်ဖြစ်ပြီ''ဟုဆိုလျှင်ကား လက်ခံနိုင်ဖွယ်ရှိပါသည်။)

❷ ပုထုဇဉ်၏အနွယ်ကိုဖြတ်တောက်သောစိတ်ကို ဖော်ပြ၍ ၎င်းစိတ်၏ အာရုံကိုလည်း ဖြေဆိုပါ။

**ပုထုဇဉ်၏အနွယ်ကိုဖြတ်တောက်သောစိတ်မှာ–**

''ဂေါတြဘူစိတ်'' ဖြစ်ပါသည်။

**၎င်းစိတ်၏ အာရုံမှာ–**

''နိဗ္ဗာန်'' ဖြစ်ပါသည်။

❸ နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍ နိရောဓသမာပတ် ဝင်စားနေစဉ် သေနိုင်/မသေနိုင်ကိုလည်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဆုံးဖြတ်ချက် ချပြပါ။

**နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်**– [ ၁၉၉၄–ခုနှစ်၊ မေးခွန်း–၄။ ]

**နိရောဓသမာပတ် ဝင်စားနေစဉ် မသေနိုင်ပါ။**– [ ၁၉၉၅–ခုနှစ်၊ မေးခွန်း–၃။ ]

---

## ၂၀၀၁–ခုနှစ်

❶ အောက်ပါ ပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့် ကမ္မဋ္ဌာန်းမျိုးကို အားထုတ်ရပါသနည်း။ စရိုက်နှင့် ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖြေဆိုပါ။

(က) ပညာဉာဏ်ကြီးသူ၊ (ခ) သဒ္ဓါတရား ထက်သန်သူ။

**(က) ပညာဉာဏ်ကြီးသူ (ဗုဒ္ဓိစရိုက်ရှိသူ)ပုဂ္ဂိုလ်များ အားထုတ်ရမည့်ကမ္မဋ္ဌာန်းမှာ–**

(၁) ဥပသမာနုဿတိ
(၂) မရဏာနုဿတိ
(၃) အာဟာရေပဋိကူလသညာ
(၄) စတုဓာတုဝဝတ္ထာန် တို့ ဖြစ်ပါသည်။

http://www.dhammadownload.com



(ခ) သဒ္ဓါတရားထက်သန်သူ(သဒ္ဓါစရိုက်ရှိသူ)ပုဂ္ဂိုလ်များ အားထုတ်ရမည့်ကမ္မဋ္ဌာန်းမှာ–

[ ၁၉၉၄–ခုနှစ်၊ မေးခွန်း–၃ အဖြေကို ကြည့်ပါ။ ]

မည်သည့်စရိုက်မဆို မသင့်လျော်သော ကမ္မဋ္ဌာန်းမည်သည် မရှိပါ၊ အထူးအားဖြင့် ကိုက်ညီသော စရိုက်နှင့် ကမ္မဋ္ဌာန်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

❷ မောဟစရိုက်ရှိသူနှင့် သင့်လျော်သောကသိုဏ်းဝန်းကို သတ်မှတ်ပြ၍ အသုဘကမ္မဋ္ဌာန်း ရှုခြင်းနှင့် မေတ္တာပို့သခြင်းသည် အဘယ်အရာက အကျိုးပိုကြီးသည်ကိုလည်း အဘိဓမ္မာ ပညာရှင်ပီပီ ဖြေဆိုပါ။

မောဟစရိုက်ရှိသူနှင့် သင့်လျော်သောကသိုဏ်းဝန်းမှာ–

"ကောက်နယ်တလင်းခန့်" ပမာဏရှိသော ကြီးမားသောကသိုဏ်းဝန်း ဖြစ်ပါသည်။ အကြောင်းမှာ– မောဟစရိုက်ရှိသူသည် စိတ်တွေဝေ ဝေးဝိုင်တတ်သောကြောင့် ဖြစ်ပါ သည်။

အသုဘကမ္မဋ္ဌာန်းရှုခြင်း နှင့် မေတ္တာပို့သခြင်းအနက်–

[ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၂ အဖြေကို ကြည့်ပါ။ ]

❸ နိမိတ် ၃–ပါးနှင့် ဘာဝနာ ၃–ပါးကိုတွဲစပ်ပြ၍ ဝိပဿနာအားထုတ်မည့်ယောဂီများ စင်ကြယ် အောင် စောင့်ထိန်းရမည့် သီလ ၄–မျိုးကိုလည်း ဖြေဆိုပါ။

နိမိတ် ၃–ပါးနှင့် ဘာဝနာ ၃–ပါးကိုတွဲစပ်ပြရသော်–

[ ၁၉၉၁–ခုနှစ်၊ မေးခွန်း–၂ အဖြေကို ကြည့်ပါ။ ]

ဝိပဿနာအားထုတ်မည့် ယောဂီများ စင်ကြယ်အောင် စောင့်ထိန်းရမည့် သီလ ၄– မျိုး–

[ ၁၉၉၁–ခုနှစ်၊ မေးခွန်း–၃ အဖြေကို ကြည့်ပါ။ ။ ]

❹ လက်ရှိ လူသားတို့ ခံစားနေကြသော လောကီချမ်းသာထက် သာလွန်ကောင်းမြတ်သော ချမ်းသာ ရှိ/မရှိ စိစစ်ပြ၍ ထို ချမ်းသာမျိုးရရှိအောင် မည်သည့်တရားကို အားထုတ်ရမည်ကို လည်း အဘိဓမ္မာပညာရှင်ပီပီ ဖြေဆိုပါ။

http://www.dhammadownload.com



လက်ရှိ လူသားတို့ ခံစားနေကြသော လောကီချမ်းသာထက် သာလွန် ကောင်းမြတ်သော ချမ်းသာ ရှိပါသည်။

ငင်းတို့မှာ– "စျာန်ချမ်းသာနှင့် မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ" တို့ ဖြစ်ပါသည်။

စျာန်ချမ်းသာသည် လောကီကာမဂုဏ်ချမ်းသာထက် သာလွန်သော လောကီချမ်းသာ၊ မဂ် ဖိုလ် နိဗ္ဗာန်သည် လောကုတ္တရာချမ်းသာ ဖြစ်ပါသည်။

ထိုချမ်းသာမျိုး ရရှိရန်မှာ–

လောကီ ကာမဂုဏ်ချမ်းသာထက် သာလွန်သော မဟဂ္ဂုတ်စျာန်, အဘိညာဉ်များ ရရှိရန် 'သမထဘာဝနာ'ကို ပွားများအားထုတ်ခြင်း။ မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာချမ်းသာရရန် 'ဝိပဿနာဘာဝနာ'ကို ပွားများအားထုတ်ခြင်းတို့ကို ပြုလုပ်ရပါမည်။

---

## ၂၀၀၂–ခုနှစ်

၁ စျာန်မဂ်ဖိုလ်ချမ်းသာကို ခံစားလိုသော အမျိုးသားသည် ဘာဝနာနှစ်ရပ်ကို အားထုတ်ရမည်ဟု အရှင်အနုရုဒ္ဓါဆရာ လမ်းညွှန်ခဲ့ရာ ယင်းဘာဝနာနှစ်ရပ်ကို ဖြေဆို၍ ယင်းတို့၏ အကျိုး သက်ရောက်မှု မည်သို့ခြားနားသည်ကိုလည်း ဖြေဆိုပါ။

[ ၁၉၉၂–ခုနှစ်၊ မေးခွန်း–၁ အဖြေကို ကြည့်ပါ။ ]

၂ မိမိစားသောက်သော အစားအာဟာရကို စက်ဆုပ်ရွံရှာဖွယ်အဖြစ် ရှုဆင်ခြင်လျှင် မည်သည့် ကမ္မဋ္ဌာန်းမျိုး ဖြစ်သည်ကို ရေး၍ ယင်း ကမ္မဋ္ဌာန်းကို မည်သို့သော ပုဂ္ဂိုလ်မျိုးသာ ဆင်ခြင်ပွားများနိုင်သည်ကိုလည်း ဖြေဆိုပါ။

[ ၂၀၀၀–ခုနှစ်၊ မေးခွန်း–၁ အဖြေကို ကြည့်ပါ။ ]

၃ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှုန်း သိ-မသိ စိစစ်ပြ၍ မည်သည့်အဆင့်သို့ ရောက်မှ သောတာပန်ဖြစ်သည်ကိုလည်း အဘိဓမ္မာ သဘာဝကျအောင် ဖြေဆိုပါ။

အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှုန်း သိနိုင်ပါသည်။

အရိယာအဖြစ်သို့ ရောက်ပြီးသောပုဂ္ဂိုလ်သည် မဂ္ဂဝီထိအဆုံး၌ ဘဝင်ကျ၏၊ ထို ဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာဝီထိတို့သည် ဖြစ်၏။ ထို ပစ္စဝေက္ခဏာဇောဝီထိတို့သည်

http://www.dhammadownload.com



မိမိတို့ဆိုင်ရာ ပယ်ပြီး ကိလေသာနှင့် ကြွင်းကျန်ကို ဆင်ခြင်ခြင်းနှင့် မိမိရရှိသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်းဖြစ်၍ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်ပါသည်။

သောတာပန်ပုဂ္ဂိုလ်၏အဆင့်မှာ– [ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၃ အဖြေ၌ကြည့်ပါ။ ]

(၁) သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို အကြွင်းမဲ့ ပယ်သတ်နိုင်၏၊

(၂) ကြွင်းကိလေသာတို့တွင် အပါယ်သို့ ကျစေနိုင်သောသတ္တိကို ပယ်သတ်နိုင်၏။

(၃) ကာမဘုံသို့ အလွန်ဆုံး (၇)ကြိမ်ထက် မပိုဘဲ နေပြီး ပရိနိဗ္ဗာန်စံဝင်ကြ၏၊

ဤသို့သော ဂုဏ်အထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်အဆင့်ရောက်မှသာ သောတာပန်ဖြစ်နိုင်ပါသည်။

---

## ၂၀၀၃–ခုနှစ်

**၁** ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့်ဝိပဿနာတို့၏အဓိပ္ပါယ်ကို ကွဲပြား ခြားနားအောင် ဖြေဆိုပြီးလျှင်၊ ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးကိုလည်း ဖြေဆိုပါ။

သမထနှင့်ဝိပဿနာတို့၏အဓိပ္ပါယ်–

[ ၁၉၉၂ ခုနှစ်၊ မေးခွန်း–၁ အဖြေ၌ကြည့်ပါ။ ]

ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ ပွားများရမည့် တရားဆယ်ပါးမှာ–

အနုဿတိ ၁၀–ပါး [ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၁ အဖြေ၌ကြည့်ပါ။ ]

**၂** အောက်ပါပုဂ္ဂိုလ်များ သမထကမ္မဋ္ဌာန်းကို အားထုတ်လိုလျှင် မည်သည့် ကမ္မဋ္ဌာန်းမျိုးကို အားထုတ်ရပါသနည်း။ စရိုက်နှင့်ကမ္မဋ္ဌာန်း ကိုက်ညီအောင် ဖြေဆိုပါ။

(က) နေရာတိုင်း ဒေါသခက်ထန်သူ၊

(ခ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူ၊

(က) နေရာတိုင်း ဒေါသခက်ထန်သူ (ဒေါသစရိုက်)

(ခ) ရတနာသုံးပါးကို အလွန်ကြည်ညိုသူ (သဒ္ဓါစရိုက်)

[ ၁၉၉၆–ခုနှစ်၊ မေးခွန်း–၁ အဖြေ၌ကြည့်ပါ။ ]

http://www.dhammadownload.com



၃ အောက်ပါယောဂီတို့ အကျိုးရပုံချင်း ခြားနားပုံကို စိစစ်ပြပါ။

(က) ထွက်လေ ဝင်လေရှုမှတ်နေသော ယောဂီ၊

(ခ) မေတ္တာတရား ပွားများနေသော ယောဂီ။

(က) ထွက်လေဝင်လေရှုမှတ်နေသောယောဂီသည်– ရူပပဉ္စမဈာန်ထိ ရနိုင်ပါသည်။

(ခ) မေတ္တာတရားပွါးများနေသောယောဂီသည်– ရူပစတုတ္ထဈာန်ထိသာ ရနိုင်ပါသည်။

ထို့ကြောင့် ထိုယောဂီတို့၏ အကျိုးရပုံချင်းမှာ ခြားနားကြပါသည်။

---

## ၂၀၀၄–ခုနှစ်

၁ မောဟစရိုက်ရှိသူ၊ ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သော ကသိုဏ်းဝန်းကို ခွဲခြားဖြေဆို၍၊ ဗြဟ္မဝိဟာရတရား ၄–ပါးတို့၏ အာရုံကိုလည်း ဖြေဆိုပါ။

မောဟစရိုက်ရှိသူနှင့်သင့်လျော်သော ကသိုဏ်းဝန်းမှာ–
''ကောက်နယ်တလင်းခန့်'' ပမာဏရှိသော ကြီးမားသောကသိုဏ်းဝန်း ဖြစ်ပါသည်။

ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်သော ကသိုဏ်းဝန်းမှာ–
''တစ်ထွာနှင့် လက်လေးသစ် (တစ်ပေခန့်) ပမာဏရှိသော အိုးဝ, ခွက်ဝ, ဆန်ကောမျှ ပမာဏ ရှိသော သေးငယ်သည့် ကသိုဏ်းဝန်း ဖြစ်ပါသည်။

ဗြဟ္မဝိဟာရတရား ၄–ပါးတို့၏ အာရုံမှာ–
''သုခိတ၊ ဒုက္ခိတ သတ္တဝါပညတ်'' အာရုံ ဖြစ်ပါသည်။

၂ ရုပ်နာမ်ဖြစ်ပျက်ကို အဆက်မပြတ် တရစပ် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတတ်သော ဘေးရန်များကို ဖြေဆို၍၊ မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏ အာရုံကိုလည်း ဖြေဆိုပါ။

ရုပ်နာမ်ဖြစ်ပျက်ကို အဆက်မပြတ် တရစပ် ရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်အား ဖြစ်ပေါ်လာတတ်သော ဘေးရန်များမှာ–

[ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၃ အဖြေ၌ ကြည့်ပါ။ ]

http://www.dhammadownload.com



မဂ်ရခါနီးဖြစ်သော ဝိပဿနာစိတ်တို့၏ အာရုံမှာ–

[ ၁၉၉၆–ခုနှစ်၊ မေးခွန်း–၃ အဖြေ၌ ကြည့်ပါ။ ]

(၁) ပရိကံ, ဥပစာ, အနုလုံ၏အာရုံမှာ – တေဘူမက သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ။

(၂) ဂေါတြဘူစိတ်၏အာရုံမှာ – နိဗ္ဗာန် ဖြစ်ပါသည်။

❷ ရဟန္တာပုဂ္ဂိုလ်များ ကောန်ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိနှင့်အနေကာန်ဆင်ခြင်သောပစ္စဝေက္ခဏာဝီထိတို့ကို ဖြေဆို၍၊ ၎င်း ရဟန္တာပုဂ္ဂိုလ်များ၏ ဂုဏ်ထူးဝိသေသကိုလည်း ဖြေဆိုပါ။

ရဟန္တာပုဂ္ဂိုလ်များ ကောန်နှင့် အနေကာန်ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ–

[ ၁၉၉၇–ခုနှစ်၊ မေးခွန်း–၄ အဖြေ၌ ကြည့်ပါ။ ]

ရဟန္တာပုဂ္ဂိုလ်များ၏ ဂုဏ်ထူးဝိသေသများမှာ–

[ ၁၉၉၁–ခုနှစ်၊ မေးခွန်း–၃ အဖြေ၌ ကြည့်ပါ။ ]

(၁) အာသဝေါတရား ၄–ပါးကုန်ခြင်းကြောင့် "ခီဏာသဝပုဂ္ဂိုလ်" ဖြစ်ခြင်း၊

(၂) အရဟတ္တမဂ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ကိလေသာကင်းစင်၍ လောက၌ အမြတ်ဆုံးအလှူခံပုဂ္ဂိုလ် "အဂ္ဂဒက္ခိဏေယျပုဂ္ဂိုလ်" ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

---

## ၂၀၀၅–ခုနှစ်

❶ ယောဂီသူတော်စင်များ အားထုတ်ကြသော ကမ္မဋ္ဌာန်းတရားများကို အကျဉ်းမာတိကာအားဖြင့် ရေတွက်ပြ၍၊ ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ပွားများရမည့် တရားဆယ်ပါးကိုလည်း ဖြေဆိုပါ။

ယောဂီသူတော်စင်များ အားထုတ်ကြသော ကမ္မဋ္ဌာန်းတရားများကို အကျဉ်း မာတိကာ အားဖြင့် ရေတွက်ပြရသော်–

(၁) ကသိုဏ်း = ၁၀–ပါး

(၂) အသုဘ = ၁၀–ပါး

(၃) အနုဿတိ = ၁၀–ပါး

http://www.dhammadownload.com



| | | | | |
|---|---|---|---|---|
| (၄) | အပ္ပမညာ | = | ၄–ပါး | |
| (၅) | အာဟာရေပဋိကူလသညာ | = | ၁–ပါး | |
| (၆) | စတုဓာတုဝဝတ္ထာန် | = | ၁–ပါး | |
| (၆) | အာရုပ္ပ (အရူပ) | = | ၄–ပါး | |
| | ပေါင်း | = | ၄၀–ပါး | တို့ ဖြစ်ပါသည်။ |

ဗုဒ္ဓဘာသာဝင်တိုင်း အစဉ်အောက်မေ့ ပွားများရမည့် တရားဆယ်ပါး–
[ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၁ အဖြေ၌ ကြည့်ပါ။ ]

❷ ယောဂီသူတော်စင်များ အားထုတ်ကြသော ကမ္မဋ္ဌာန်းတရားတို့တွင်-
(က) ပုဂ္ဂိုလ်တစ်ယောက်စီသာ ဆိုင်သော ကမ္မဋ္ဌာန်း။
(ခ) ပုဂ္ဂိုလ်အများဆိုင်သော ကမ္မဋ္ဌာန်းတရားတို့ကို ခွဲခြားပြပါ။

(က) ပုဂ္ဂိုလ်တစ်ယောက်စီသာ ဆိုင်သော ကမ္မဋ္ဌာန်းများမှာ–

| | | | |
|---|---|---|---|
| ဝဏ္ဏကသိဏ်း | = | ၄–ပါး | |
| အသုဘ | = | ၁၀–ပါး | |
| အနုဿတိ | = | ၁၀–ပါး | |
| အပ္ပမညာ | = | ၄–ပါး | |
| အာဟာရေပဋိကူလသညာ | = | ၁–ပါး | |
| စတုဓာတုဝဝတ္ထာန် | = | ၁–ပါး | |
| ပေါင်း | = | ၃၀–ပါး | တို့ဖြစ်ကြပါသည်။ |

(ခ) ပုဂ္ဂိုလ်အများဆိုင်သော ကမ္မဋ္ဌာန်းတရားများမှာ–
[ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၂ အဖြေ၌ ကြည့်ပါ။ ]

❸ ဈာန်တရားကို ရစေနိုင်သော ကမ္မဋ္ဌာန်းတရားတို့တွင်-
(က) ပဌမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း။
(ခ) ပဥ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း။

http://www.dhammadownload.com



(က) ပထမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းမှာ–

| | | |
|---|---|---|
| အသုဘ | = | ၁၀–ပါး |
| ကာယဂတာသတိ | = | ၁–ပါး |
| ပေါင်း | = | ၁၁–ပါး ဖြစ်ပါသည်။ |

(ခ) ပဥ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်းမှာ–

ရူပပဥ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း(ဥပေက္ခာဗြဟ္မဝိဟာရ) = ၁–ပါး

အရူပပဥ္စမဈာန်ကိုသာ ရစေနိုင်သော ကမ္မဋ္ဌာန်း(အာရုပ္ပတရား) = ၄–ပါး

❾ မဂ်ကိစ္စ ၁၆–ချက်ကို ရေတွက်ပြ၍၊ နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုပါ။

မဂ်ကိစ္စ ၁၆–ချက်ကို ရေတွက်ပြရသော်–

မဂ်စိတ်တစ်ခုသည်–

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း (ပရိညာကိစ္စ)၊

(၂) သမုဒယသစ္စာကို ပယ်ခြင်း (ပဟာနကိစ္စ)၊

(၃) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း (သစ္ဆိကရဏကိစ္စ)၊

(၄) မဂ္ဂသစ္စာကို ပွားများမှု ပြီးစီးခြင်း (ဘာဝနာကိစ္စ)ဟူသော ကိစ္စ ၄–ပါးကို တစ်ပြိုင်နက် ပြီးစေ၏။ မဂ်စိတ်မှာ ၄–ပါး ရှိခြင်းကြောင့် ကိစ္စ ၄–ပါးဖြင့် ပွားသော် မဂ်ကိစ္စ ၁၆–ချက် ဖြစ်ပါသည်။

နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်–

[ ၁၉၉၄–ခုနှစ်၊ မေးခွန်း–၄ အဖြေ၌ ကြည့်ပါ။ ]

http://www.dhammadownload.com



## ၂၀၀၆–ခုနှစ်

၁ ယခုခေတ်တွင် အကြားအမြင်ရသည်ဟု ပြောဆိုနေကြသောသူတို့သည် "ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ" အဘိညာဉ်ရရှိသော ပုဂ္ဂိုလ်များ ဖြစ်နိုင်/မဖြစ်နိုင် အဘိညာဉ်ဖြစ်ပုံကို ရှုမျှော်၍ ဆုံးဖြတ်ခဲ့ပါ။

ယခုခေတ်တွင် အကြားအမြင်ရသည်ဟု ပြောဆိုနေကြသောသူတို့သည် 'ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ' အဘိညာဉ်ရရှိသော ပုဂ္ဂိုလ်များ မဖြစ်နိုင်ပါ။

[ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၂ အဖြေ၌ ကြည့်ပါ။ ]

အကြောင်းမှာ–

''အဘိညာဉ်ရပုဂ္ဂိုလ်''ဟူသည် သမာပတ် ၈–ပါး၊ ၉–ပါးရရှိပြီး ကသိဏ်း ၁၀–ပါးလုံး၌ ဝသီဘော်နိုင်လှစွာ အားထုတ်ထားသော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

အဘိညာဉ်ဖြစ်ပုံမှာ– ဒိဗ္ဗစက္ခုအဘိညာဉ် ဖြစ်လိုလျှင် ...

(၁) အဘိညာဉ်၏အခြေခံဖြစ်သော ရူပပဉ္စမဈာန်ကို ဝင်စားရ၏။
(၂) ထို့နောက် ဈာန်မှထကာ အဝိဒူရာန်အပ်သောအာရုံ (မိမိမြင်လိုသောအဆင်း)ကို ဆင်ခြင်၍ ပရိကံပြုရ၏။
(၃) ထို့နောက် ပါဒကပဉ္စမဈာန်ကို (အခြေခံဖြစ်သော ရူပပဉ္စမဈာန်ကို) ပြန်ဝင်စားရ၏။
(၄) ၎င်းနောက် အဘိညာဉ်ဝီထိဖြစ်သော အဘိညာဉ်အစွမ်းဖြင့် မိမိမြင်လိုသော အဆင်းကို မြင်ရခြင်းဟူသော ဒိဗ္ဗစက္ခုအဘိညာဉ် ဖြစ်၏။

သို့ဖြစ်၍ ယခုခေတ်တွင် အကြားအမြင်ရသည်ဟု ပြောဆိုနေကြသော သူတို့သည် ရူပပဉ္စမဈာန်တိုင် ရခြင်း၊ ဈာန်ဝင်စားခြင်း စသည် မရှိခဲ့လျှင်မူ 'ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ' အဘိညာဉ်ရရှိသော ပုဂ္ဂိုလ်များ မဖြစ်နိုင်ပါ။

၂ ယောဂီပုဂ္ဂိုလ်များ ဝိပဿနာတရား အားထုတ်ရာ၌ ဖြစ်လေ့ရှိသော အန္တရာယ်များကို ဖော်ပြ၍ မဂ်ရပြီးသောပုဂ္ဂိုလ် ဖိုလ်စိတ်ဖြစ်ရန် အားထုတ်ဖို့ လို-မလိုကိုလည်း အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်ပါ။

ဝိပဿနာတရား အားထုတ်ရာ၌ ဖြစ်လေ့ရှိသော အန္တရာယ်များ– [ ၁၉၉၀–ခုနှစ်၊ မေးခွန်း–၃။]

http://www.dhammadownload.com



မဂ်ရပြီးသောပုဂ္ဂိုလ် ဖိုလ်စိတ်ဖြစ်ရန် အားထုတ်ဖို့ မလိုပါ။

အကြောင်းမှာ– စိတ္တနိယာမအရ မဂ္ဂဝီထိ၌ မဂ်ဇောတစ်ကြိမ် ဇောပြီးနောက် ဖိုလ်ဇောတို့သည် မန္ဒပုဂ္ဂိုလ်ဖြစ်လျှင် (၂)ကြိမ်၊ တိက္ခပုဂ္ဂိုလ်ဖြစ်လျှင် (၃)ကြိမ်ဖြစ်ပြီး ဘဝင်ကျ၏။ ဤသို့ မဂ်စိတ်ဖြစ်ပြီးသည်နှင့် တစ်ပြိုင်နက် ဖိုလ်စိတ်တို့သည် ဆက်တိုက်ဖြစ်သောကြောင့် အားထုတ်ရန် မလိုရခြင်း ဖြစ်ပါသည်။

❸ အရိယာပုဂ္ဂိုလ်သည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်-မသိနိုင် အဘိဓမ္မာအမြင်ဖြင့် ဆုံးဖြတ်၍ နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

မိမိကိုယ်ကို အရိယာဖြစ်မှန်း သိနိုင်ပါသည်၊ [ ၂၀၀၂–ခုနှစ်၊ မေးခွန်း–၃။ ]

နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်– [ ၁၉၉၄–ခုနှစ်၊ မေးခွန်း–၄။ ]

❹ "အဘယ်သို့သော တရားကို ပယ်မှ သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်ပါသနည်း။ ယင်း သောတာပန်ပုဂ္ဂိုလ်၏ ပဋိသန္ဓေနေခွင့်ရှိသော အကြိမ်အရေအတွက်ကို ဖော်ပြ၍ သောတာပန် ပုဂ္ဂိုလ်သေလျှင် အပါယ်ဘုံသို့ ရောက်နိုင်-မရောက်နိုင်ကိုလည်း အကြောင်းပြဆုံးဖြတ်ခဲ့ပါ။

သောတာပန်ပုဂ္ဂိုလ်ဟူသည်– သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတရားတို့ကို အကြွင်းမဲ့ ပယ်သတ်၍၊ ကြွင်း ကိလေသာတရားတို့၏ အပါယသတ္တိကို ပယ်နိုင်မှသာ သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်ပါသည်။

သောတာပန်ပုဂ္ဂိုလ်၏ ပဋိသန္ဓေနေခွင့်ရှိသော အကြိမ်အရေအတွက်မှာ–

ကာမသုဂတိဘုံ၌ အများဆုံး (၇)ကြိမ်နှင့် အနည်းဆုံး (၂)ကြိမ်မှ(၆)ကြိမ်အထိ ပဋိသန္ဓေနေခွင့်ရှိပါသည်၊ ဗြဟ္မာဘုံ၌ကား (၇)ကြိမ်ထက်ပို၍ နေခွင့်ရှိပါသည်။

သောတာပန်သေလျှင်– အပါယ်ဘုံသို့ မရောက်နိုင်ပါ။

အကြောင်းမှာ– သောတာပန်ပုဂ္ဂိုလ်သည် အယူမှားမှု(ဒိဋ္ဌိ)နှင့် ယုံမှားမှု(ဝိစိကိစ္ဆာ)ကို အကြွင်းမဲ့ ကုန်စင်အောင် ပယ်သတ်၏၊ ကျန်သော အကုသိုလ်တို့၏ အပါယ်ကို ကျစေနိုင်သောသတ္တိကို ပယ်၏၊ ထို့ကြောင့် သောတာပန်ပုဂ္ဂိုလ်သည် သေပြီးနောက် အပါယ်ဘုံသို့ မရောက်နိုင်တော့ခြင်း ဖြစ်ပါသည်။

[ ၁၉၉၃–ခု၊ မေးခွန်း(၃) နှင့် ၂၀၀၂–ခု၊ မေးခွန်း(၃)တို့ဖြင့် ယှဉ်ကြည့်ပါ]

http://www.dhammadownload.com



## ၂၀၀၇-ခုနှစ်

❶ "ငါးအာရုံ ဘင်စု ခင်မှူနဲ့ နေ့ကုန်"ဆိုသလို ကာမလိုက်စားနေသော ရာဂဝေဒနာရှင်အား တိုက်ကျွေးရမည့် ကမ္မဋ္ဌာန်းဆေးများကို ဖော်ပြ၍ မြတ်ဗုဒ္ဓ ချမှတ်ခဲ့သော အာနာပါန ကမ္မဋ္ဌာန်းလမ်းစဉ်လိုက်စားလျှင် မည်သို့သော ဈာန်ထူးများ ရနိုင်သည်ကိုလည်း ဖြေဆိုပြပါ။

ရာဂဝေဒနာရှင်အား တိုက်ကျွေးရမည့် ကမ္မဋ္ဌာန်းဆေး(တရား)များမှာ-

အသုဘ ၁၀-ပါး + ကာယဂတာသတိ = ပေါင်း ၁၁-ပါး ဖြစ်ပါသည်။

အာနာပါနကမ္မဋ္ဌာန်းလမ်းစဉ် လိုက်စားလျှင်-

ပဌမဈာန်မှ ပဥ္စမဈာန်တိုင်အောင် ရူပဈာန် ၅-ပါးလုံး ရနိုင်ပါသည်။

❷ ပုထုဇဉ်နှင့် အရိယာလူတန်းစား ခွဲခြားပေးသော ဂေါတြဘူတရား၏ အာရုံ၊ လုပ်ဆောင်ချက်တို့ကို စိစစ်ပြဆို၍၊ ပစ္စဝေက္ခဏာဉာဏ် ၁၉-တန်ကိုလည်း သိသာရုံမျှ ရေးသား ဖြေဆို ပြပါ။

ပုထုဇဉ်နှင့် အရိယာ လူတန်းစား ခွဲခြားပေးသော ဂေါတြဘူတရား၏-

(က) အာရုံ = နိဗ္ဗာန်

(ခ) လုပ်ဆောင်ချက် = ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်သို့ ရောက်စေ၏။

ပစ္စဝေက္ခဏာ ၁၉-တန်မှာ

(၁) သောတာပတ္တိမဂ္ဂဝီထိနောင်-
(မဂ္ဂ,ဖလ,နိဗ္ဗာန,ပဟီနကိလေသာ,ဝိက္ခမ္ဘိတကိလေသာ)ပစ္စဝေက္ခဏာ= ၅-ဝီထိ

(၂) သကဒါဂါမိမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာ = ၅-ဝီထိ

(၃) အနာဂါမိမဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာ = ၅-ဝီထိ

(၄) အရဟတ္တမဂ္ဂဝီထိနောင်
(ဝိက္ခမ္ဘိတ ကိလေသာ ပစ္စဝေက္ခဏာဝီထိကြဉ်သော်) ပစ္စဝေက္ခဏာ = ၄-ဝီထိ

ပေါင်း မဂ္ဂဝီထိနောင် ပစ္စဝေက္ခဏာ = ၁၉-ဝီထိ

ဖြစ်ပါသည်။

http://www.dhammadownload.com



❸ နှလုံးသားဝယ် ဘုရားတည်ပါဟုဆိုသည့်အတိုင်း နှလုံးသားဝယ် ဘုရားတည်ရုံ (ဗုဒ္ဓါနုဿတိ ပွားများရုံ) သက်သက်ဖြင့် ဈာန်တရား၊ မဂ်တရားများ ရနိုင်/မရနိုင် အကြောင်းပြဖြေဆိုရှဲ၊ ဥဂ္ဂဟနိမိတ်၏ သဘောအဓိပ္ပာယ်ကိုလည်း ရေးသား ဖြေဆိုပြပါ။

နှလုံးသားဝယ် ဘုရားတည်ရုံ(ဗုဒ္ဓါနုဿတိ ပွားများရုံ)သက်သက်ဖြင့်–

ဈာန်တရားများ မရနိုင်ပါ၊ သို့သော် မဂ်တရား ရနိုင်ပါသည်။

အကြောင်းမှာ– ဗုဒ္ဓါနုဿတိဘာဝနာသည် ခက်ခဲနက်နဲသော ပရမတ်ဂုဏ်တရား ဖြစ်သဖြင့် ပရိကမ္မဘာဝနာနှင့် ဥပစာရဘာဝနာ ၂–ပါးသာ ရရှိနိုင်ပါသည်၊ အပ္ပနာ ဘာဝနာခေါ် ဈာန်မရနိုင်ပါ၊ သို့သော် ရရှိထားသော ဥပစာရသမာဓိဖြင့် ဝိပဿနာ ပြောင်း၍ ရှုနိုင်လျှင်မူ မဂ်တရား ရနိုင်ပါသည်။

ဥဂ္ဂဟနိမိတ်၏ သဘောအဓိပ္ပာယ်–

ပထဝီကသိုဏ်းဝန်းစသော အာရုံနိမိတ်ကို မျက်စိဖြင့် အဖန်ဖန် အာရုံပြု၍ ပွားများ အားထုတ်နေရာမှ မျက်စိမှိတ်၍ စိတ်ဖြင့် ဆင်ခြင်သောအခါ ထိုပထဝီကသိုဏ်းဝန်း အာရုံ နိမိတ်သည် မျက်စိဖြင့် တိုက်ရိုက်မြင်နေရဘိသကဲ့သို့ မနောဒွါရ၌ ထင်ရှားစွာ ပေါ်လာ၏၊ ဤသို့ စိတ်ဖြင့် ကောင်းစွာ ယူအပ်သော နိမိတ်ကို ဥဂ္ဂဟနိမိတ်ဟု ခေါ် ပါသည်။

❹ သံသရာခရီးကြမ်းမှ လွတ်မြောက်ဖို့ ရည်မှန်းပြီး အဖြစ်,အပျက်ကို အဖန်ဖန် ရှုနေသော ယောဂီ ပုဂ္ဂိုလ်သူတော်စင်သန္တာန်၌ ရံဖန်ရံခါ ပေါ်လာတတ်သော ဝိပဿနာဘေးရန်တို့ကို အစစ်,အတုအားဖြင့် ခွဲခြားပြ၍၊ နိဗ္ဗာနသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့ကိုလည်း အပို အလို မရှိ ရေးသားပြပါ။

အဖြစ်အပျက်ကို အဖန်ဖန် ရှုနေသော ယောဂီပုဂ္ဂိုလ်သူတော်စင်သန္တာန်၌ ရံဖန်ရံခါ ပေါ်လာတတ်သော ဝိပဿနာဘေးရန်တို့တွင်–

နိကန္တိ ၁–ပါးသည်သာ ဘေးရန်အစစ်ဖြစ်၍၊ ကျန် ၉–ပါးမှာ ဘေးရန်အတုသာ ဖြစ်သည်။ ၎င်းတို့မှာ–

| | | |
|---|---|---|
| (၁) ဩဘာသ | (၄) အဓိမောက္ခ | (၇) ဉာဏ |
| (၂) ပီတိ | (၅) ပဂ္ဂဟ | (၈) ဥပဋ္ဌာန |
| (၃) ပဿဒ္ဓိ | (၆) သုခ | (၉) ဥပေက္ခာ–တို့ဖြစ်ပါသည်။ |

http://www.dhammadownload.com



နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်တို့မှာ–

ကာမဘုံ၊ ရူပဘုံရှိ သမာပတ် ၈–ပါး၊ ၉–ပါး ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

---

## ၂၀၀၈–ခုနှစ်

**၁** သံသရာ ဝဋ်ဆင်းရဲ ဒုက္ခအပေါင်းမှ လွတ်မြောက်ဖို့ရန်အတွက် ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းများကို ဖော်ပြ၍ အာနာပါနကမ္မဋ္ဌာန်းနည်းသည် မည်သည့်ပုဂ္ဂိုလ်အား သင့်လျော်လျောက်ပတ်ပါသနည်း။ ရေးသားပြပါ။

ပုဂ္ဂိုလ်မရွေး စီးဖြန်းနိုင်သော ကမ္မဋ္ဌာန်းများမှာ–

[ ၁၉၉၃–ခုနှစ်၊ မေးခွန်း–၂ အဖြေ၌ ကြည့်ပါ။ ]

အာနာပါန ကမ္မဋ္ဌာန်းနည်းသည် – ဝိတက်စရိုက်နှင့် မောဟစရိုက်ရှိသော ပုဂ္ဂိုလ်များနှင့် အထူးသင့်လျော်ပြီး ဝိတက် မကင်းသူ၊ မောဟ မကင်းသူ ပုဂ္ဂိုလ်များလည်း ပွားများအားထုတ်သင့်ပါသည်။

**၂** လောကမှာ လူတစ်ကိုယ် စရိုက်တစ်မျိုးလို့ အဆိုရှိရာ ကမ္မဋ္ဌာန်းနည်းအားဖြင့် စရိုက်အမျိုးအစား မည်မျှရှိသည်ကို ဖော်ပြ၍ မြင့်မြတ်သော ပုဂ္ဂိုလ်တို့ အမြဲ လက်ကိုင်ပြု၍ ကျင့်သုံးနေထိုင်သော တရားတို့ကိုလည်း ရေးသားဖြေဆိုပါ။

ကမ္မဋ္ဌာန်းနည်းအားဖြင့် စရိုက်အမျိုးအစား ၆–မျိုး ရှိပါသည်။

ထိုစရိုက်တို့မှာ–
(၁) ရာဂစရိုက်
(၂) ဒေါသစရိုက်
(၃) မောဟစရိုက်
(၄) ဝိတက်စရိုက်
(၅) သဒ္ဓါစရိုက်
(၆) ဗုဒ္ဓိစရိုက် တို့ဖြစ်ပါသည်။

မြင့်မြတ်သောပုဂ္ဂိုလ်တို့ အမြဲလက်ကိုင်ပြု၍ ကျင့်သုံးနေထိုင်သော တရားတို့မှာ– မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား ၄–ပါး ဖြစ်ပါသည်။

http://www.dhammadownload.com



**၃ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရှိရန် နည်းလမ်းမှန်ဖြစ်သော ဝိပဿနာတရားပွားများ အားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်မိမိ သောတာပန် ဖြစ်-မဖြစ် သိနိုင်/မသိနိုင်ကို ဆုံးဖြတ်ပြ၍၊ စတုပါရိသုဒ္ဓိသီလကိုလည်း ရေတွက်ပြခဲ့ပါ။**

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရှိရန် နည်းလမ်းမှန်ဖြစ်သော ဝိပဿနာတရား ပွားများ အားထုတ်နေသည့် ယောဂီပုဂ္ဂိုလ်သည်- မိမိကိုယ်မိမိ သောတာပန် ဖြစ်၊မဖြစ် သိနိုင်ပါသည်။

သောတာပန်အဖြစ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ္ဂဝီထိ အဆုံး၌ ဘဝင်ကျ၏၊ ထိုဘဝင်ကို ဖြတ်၍ ပစ္စဝေက္ခဏာဝီထိတို့သည် ဖြစ်၏၊ ထိုပစ္စဝေက္ခဏာ ဇောဝီထိတို့သည် ရရှိသော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့ကို ဆင်ခြင်ခြင်းနှင့် ပယ်ပြီး ကိလေသာနှင့် ကြွင်းကျန်ကိလေသာကို ဆင်ခြင်ခြင်းဖြစ်၍ သောတာပန်ပုဂ္ဂိုလ်သည် မိမိကိုယ်ကို သောတာပန်ဖြစ်မှန်း သိနိုင်ပါသည်။

**စတုပါရိသုဒ္ဓိသီလများမှာ-**

(၁) ပါတိမောက္ခသံဝရသီလ
(၂) ဣန္ဒြိယသံဝရသီလ
(၃) အာဇီဝပါရိသုဒ္ဓိသီလ
(၄) ပစ္စယသန္နိဿိတသီလ တို့ဖြစ်ပါသည်။

**၄ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာသုံးပါးတို့တွင် ဒုက္ခဟု ဝိပဿနာရှုခြင်း၏ အကျိုးတရားကို ပြဆို၍ ရဟန္တာပုဂ္ဂိုလ်ထူး၏ ဂုဏ်ရည်အင်္ဂါတို့ကိုလည်း အပြည့်အစုံ ရေးသားဖြေဆိုပါ။**

အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာသုံးပါးတို့တွင် ဒုက္ခဟု (ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် ဖြင့်) ဝိပဿနာရှုခြင်း၏ အကျိုးတရားမှာ-

သာယာ တောင့်တချမ်းသာဖွယ် ပဏိဓိကင်းစင်၍ ဆင်းရဲဖွယ်ချည်းသာဟု ရှုသော ဒုက္ခာနုပဿနာဉာဏ်ဖြင့် သာယာတောင့်တသော တဏှာပဏိဓိ ကင်းစင်ကာ ကိလေသာတို့မှလွတ်သော အပ္ပဏိဟိတဝိမောက္ခ မဂ်,ဖိုလ်ကို ရရှိနိုင်ပါသည်။

**ရဟန္တာပုဂ္ဂိုလ်ထူး၏ ဂုဏ်ရည်**

[ ၂၀၀၄-ခုနှစ်၊ မေးခွန်း-၃ အဖြေ၌ ကြည့်ပါ။

http://www.dhammadownload.com



## ၂၀၀၉-ခုနှစ်

❶ ဒေါသပင်လယ်ဝေနေရသူများအတွက် ဒေါသပြေကြောင်း ကျင့်နည်းကောင်းများကို အဘိဓမ္မာအမြင်ဖြင့် ရှာဖွေ တင်ပြ၍ အထူးအားဖြင့် မေတ္တာတရား လက်ကိုင်ထားသင့်သော ပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

ဒေါသပြေကြောင်း ကျင့်နည်းကောင်းများကို အဘိဓမ္မာအမြင်ဖြင့် တင်ပြရသော်-

(၁) နီလကသိုဏ်း
(၂) ပီတကသိုဏ်
(၃) လောဟိတကသိုဏ်း
(၄) ဩဒါတကသိုဏ်း ဟူသော အရောင်ကသိုဏ်း ၄-ပါးနှင့်
(၅) မေတ္တာ
(၆) ကရုဏာ
(၇) မုဒိတာ
(၈) ဥပေက္ခာ-ဟူသော ဗြဟ္မဝိဟာရတရား ၄-ပါး။
စုစုပေါင်း ၈-ပါးသော ကမ္မဋ္ဌာန်းတရားများကို ပွားများ အားထုတ်ရပါမည်။

အထူးအားဖြင့် မေတ္တာတရား လက်ကိုင်ထားသင့်သော ပုဂ္ဂိုလ်မှာ-
ဒေါသစရိုက် ထူပြောသောပုဂ္ဂိုလ် ဖြစ်ပါသည်။

❷ အဓိဋ္ဌာန်ပေါက်၍အကြားအမြင်သို့ရောက်သော ဘိုးတော်အစစ်များ၌ရှိရမည့်အခြေခံတရားနှင့် အဘိညာဉ်တန်ခိုးများကို အဘိဓမ္မာအမြင်ဖြင့် စုံလင်စွာ ဖြေဆိုပါ။

အဓိဋ္ဌာန်ပေါက်၍အကြားအမြင်သို့ရောက်သော ဘိုးတော်အစစ်များ ...

ရှိရမည့် အခြေခံတရားမှာ = ရူပါဝစရပဉ္စမဈာန် ဖြစ်ပါသည်။
ရှိရမည့် အဘိညာဉ်တန်ခိုးများမှာ = ဒိဗ္ဗသောတအဘိညာဉ်နှင့် ဒိဗ္ဗစက္ခုအဘိညာဉ် တို့ ဖြစ်ပါသည်။

❸ အောက်ပါတို့ကို အဘိဓမ္မာလိုက်စားသူများပီပီ ရှာဖွေတင်ပြခဲ့ပါ။

(က) ပဋိဘာဂနိမိတ်၌ရနိုင်သော ဘာဝနာများ
(ခ) နိရောဓသမာပတ် မဝင်စားနိုင်သောပုဂ္ဂိုလ်များ

http://www.dhammadownload.com



(က) ပဋိဘာဂနိမိတ်၌ ရနိုင်သော ဘာဝနာများ–

ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာတို့ ဖြစ်ပါသည်။

(ခ) နိရောဓသမာပတ် မဝင်စားနိုင်သော ပုဂ္ဂိုလ်များ–

ကာမဘုံ၊ ရူပဘုံရှိ သမာပတ် ၈–ပါး၊ ၉–ပါး ရပြီးသော အနာဂါမ်ပုဂ္ဂိုလ်နှင့် ရဟန္တာပုဂ္ဂိုလ်တို့မှ လွဲ၍ ကြွင်းပုဂ္ဂိုလ်များ–

(တစ်နည်း)

ပုထုဇဉ်ပုဂ္ဂိုလ်များ၊ သောတာပန်ပုဂ္ဂိုလ်များ၊ သကဒါဂါမ်ပုဂ္ဂိုလ်များ၊ သမာပတ် ၈–ပါး၊ ၉–ပါး မရသော အနာဂါမ်နှင့် ရဟန္တာပုဂ္ဂိုလ်များ ဖြစ်ပါသည်။

❾ ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်ရသော ဉာဏ်အမည်တို့ကို ဖော်ပြ၍ သောတာပန်ပုဂ္ဂိုလ်သည် အကြွင်းမရှိ ပယ်သော ကိလေသာနှင့် လုံးဝမပယ်နိုင်သော ကိလေသာတို့ကိုလည်း ခွဲခြားဖြေဆိုပါ။

ဝုဋ္ဌာနဂါမိနီဝိပဿနာအမည်ရသော ဉာဏ်အမည်များမှာ–

သင်္ခါရုပေက္ခာဉာဏ်(အရင့်ပိုင်း)နှင့် အနုလောမဉာဏ်တို့ ဖြစ်ပါသည်။

သောတာပန်ပုဂ္ဂိုလ် အကြွင်းမရှိ ပယ်သော အားကြီးသော ကိလေသာ(အနုသယ) တို့မှာ–

အပါယ်ကျစေနိုင်သော ကိလေသာတို့မှ ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာကိလေသာတို့ ဖြစ်ပါသည်။

လုံးဝမပယ်နိုင်သော ကိလေသာတို့မှာ– ဥဒ္ဓစ္စ ဖြစ်ပါသည်။

မှတ်ချက် ။ သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ ပယ်သတ်၏။ ကြွင်း အကုသိုလ်များ၏ အပါယ်ကျစေနိုင်သော သတ္တိကိုလည်း ပယ်သတ်၏။ (ဥဒ္ဓစ္စသည် အပါယ်သို့ ကျစေနိုင်သောသတ္တိ မရှိပါ။)

http://www.dhammadownload.com



## ၂၀၁၀-ခုနှစ်

❶ ကမ္မဋ္ဌာန်းပိုင်းလာ သမထနှင့် ဝိပဿနာဟူသော စကားတို့၏ အဓိပ္ပာယ် ကွဲပြားအောင် ဖော်ပြ၍ ယင်းတရားတို့၏ အရတရားကိုယ်နှင့် အကျိုးခြားနားချက်တို့ကိုလည်း တိကျစွာ ဖြေဆိုပါ။

[ ၁၉၉၀-ခုနှစ်၊ နံပါတ် (၁) အဖြေကို ကြည့်ပါ။ ]

❷ လောက၌ လူအမျိုးမျိုး စရိုက်အထွေထွေ ရှိကြရာ လူယဉ်ကျေးတို့၌သာ ဖြစ်နိုင်သော စရိုက်များကို အဘိဓမ္မာအမြင်ဖြင့် ရှာဖွေ တင်ပြ၍ မောဟစရိုက်ရှိသူများ ပွားများ အားထုတ် သင့်သည့် ကမ္မဋ္ဌာန်းတရားကိုလည်း တိကျစွာ ညွှန်ပြပါ။

**လူယဉ်ကျေးတို့၌သာ ဖြစ်နိုင်သော စရိုက်များမှာ-**

သဒ္ဓါစရိုက် နှင့် ဗုဒ္ဓိစရိုက် တို့ဖြစ်ကြပါသည်။

**မောဟစရိုက်ရှိသူများ ပွားများ အားထုတ်သင့်သည့် ကမ္မဋ္ဌာန်းတရားမှာ-**

အာနာပါနဿတိကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ၎င်းအပြင် ဝဏ္ဏကသိုဏ်း ၄-ပါး ကြဉ်သော ကသိုဏ်း ၆-ပါးနှင့် အရူပ ၄-ပါးကိုလည်း အားထုတ်သင့်ပါသည်။

(မောဟစရိုက်ရှိသူသည် စိတ်တွေဝေ၊ ငေးငိုင်တတ်သောကြောင့် ကောက်နယ် တလင်းခန့် ကျယ်ဝန်းသော ကသိုဏ်းဝန်းပမာဏကို အသုံးပြုရပါမည်။)

❸ ဘာဝနာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိ ဘာဝနာပွားများပုံ ပွားများနည်းကို ဖော်ပြ၍ ထိုသို့ပွားများလျှင် မည်သည့်အချိန်အခါမျိုး၌ မည်သည့် သမာဓိများ ရနိုင်ပါ သနည်း။ ဖြေဆိုပါ။

**ဗုဒ္ဓါနုဿတိဘာဝနာပွားများပုံ**

(၁) ဗုဒ္ဓါနုဿတိဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် အရဟံဂုဏ် တော်ကို စီးဖြန်း ပွားများလိုလျှင် အရဟံ၊ အရဟံဟု အဖန်ဖန် တလဲလဲ စီးဖြန်းမှု ပရိကံ ပြုရပါမည်။ (အရဟံဂုဏ်တော်သည် ပရိကမ္မနိမိတ်၊ စီးဖြန်းမှုသည် ပရိ ကမ္မဘာဝနာ၊ ပရိကမ္မသမာဓိ ဖြစ်၏။)

http://www.dhammadownload.com



(၂) ထိုအရဟံဂုဏ်တော် အာရုံကို ကောင်းစွာယူမိ၍ ဥဂ္ဂဟနိမိတ် ထင်လာသောအခါ ပရိကမ္မဘာဝနာသည်လည်း ရှေးကထက် သမာဓိရကာ တည်ကြည်လာပြီး ဖြစ်ပါသည်။ (ဥဂ္ဂဟနိမိတ်– ရှေးကထက် သမာဓိရသော ပရိကမ္မဘာဝနာ)

(၃) ထိုထက် သမာဓိရလာသောအခါ နီဝရဏကင်းကွာသဖြင့် ဥပစာရဘာဝနာအဆင့် အတန်းသို့ တက်လှမ်းနိုင်ပါသည်။ (ဥဂ္ဂဟနိမိတ်–ဥပစာရဘာဝနာ၊ ဥပစာရသမာဓိ)

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ဂုဏ်တော် ပရမတ်အာရုံဖြစ်၍ နက်နဲသောကြောင့် အပ္ပနာဘာဝနာ၊ အပ္ပနာသမာဓိအဆင့်သို့ကား မရောက်နိုင်ပါ။

❾ နိရောဓသမာပတ် ဝင်စားနေခိုက် ဖြစ်ပေါ်ခွင့်ရှိသော ပရမတ်တရားနှင့် ဖြစ်ပေါ်ခွင့်မရှိသော ပရမတ်တရားတို့ကို ခွဲခြား ဖော်ပြ၍ နိရောဓသမာပတ်မှ ထသောအခါ အစဦးဆုံး ဖြစ်ခွင့်ရှိသော စိတ်တို့ကိုလည်း ပုဂ္ဂိုလ်အလိုက် ထိုက်သင့်သလို ဖော်ပြပါ။

နိရောဓသမာပတ် ဝင်စားနေခိုက်၌–

| ဘုံသား | ဖြစ်ပေါ်ခွင့်ရှိသော ပရမတ်တရား | ဖြစ်ပေါ်ခွင့်မရှိသော ပရမတ်တရား |
|---|---|---|
| ကာမသုဂတိဘုံသား | ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် | စိတ်၊စေတသိက်၊ စိတ္တဇရုပ် |
| ရူပ ၁၅–ဘုံသား | ကမ္မဇရုပ်၊ ဥတုဇရုပ် | စိတ်၊စေတသိက်၊ စိတ္တဇရုပ် |

နိရောဓသမာပတ်မှ ထသောအခါ အစဦးဆုံး ဖြစ်ခွင့်ရှိသော စိတ်တို့ကို ပုဂ္ဂိုလ်အလိုက် ဖော်ပြရသော်–

အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မူ = အနာဂါမိဖိုလ်ဇော ၁–ကြိမ်ဖြစ်၍၊

ရဟန္တာပုဂ္ဂိုလ်ဖြစ်မူ = အရဟတ္တဖိုလ်ဇော ၁–ကြိမ် ဖြစ်ပါသည်။

(ကမ္မဋ္ဌာန်းပိုင်းပြီး၏)

http://www.dhammadownload.com



# သာသနာရေးဦးစီးဌာန
# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲ
# (တတိယဆင့်)
# သမုစ္စည်းပိုင်း

၂၀၁၁-ခုနှစ်

**၁** "အမုန်းသံယောဇဉ်သည် အချစ်သံယောဇဉ်ထက် ခိုင်မြဲ၏"ဟုဆိုရာ အမုန်းသံယောဇဉ်၊ အချစ်သံယောဇဉ်တို့၏ အမည်မှန်ကို တရားကိုယ်နှင့်တကွ ယှဉ်တွဲဖော်ပြ၍ သံယောဇဉ်သာမည်၍ ကိလေသာမမည်သော တရားတို့ကိုလည်း သိသာရုံမျှ ထုတ်ပြပါ။

| | | အမည်မှန် | | တရားကိုယ် |
|---|---|---|---|---|
| အမုန်းသံယောဇဉ် | = | ပဋိဃသံယောဇဉ် | – | ဒေါသစေတသိက် |
| အချစ်သံယောဇဉ် | = | ကာမရာဂသံယောဇဉ် | – | လောဘစေတသိက် |

သံယောဇဉ်သာ မည်၍- ကိလေသာ မမည်သောတရားတို့မှာ-

ဣဿာ နှင့် မစ္ဆရိယ တို့ဖြစ်ပါသည်။

**၂** "မဂ္ဂင်ဖောင်ကြီး အမြန်စီး၍ နိဗ္ဗာန်ခရီးသွားကြမည်"ဟု ကြွေးကြော်သံရှိသော်လည်း နိဗ္ဗာန်မသွား၊ အပါယ်လားစေနိုင်သော မဂ္ဂင်တို့ကို ဖော်ပြ၍၊ ဣန္ဒြေ ၂၂-ပါးတို့တွင် နာမ်သက်သက်ဣန္ဒြေများကိုလည်း စနစ်တကျ ရေတွက်ပြပါ။

နိဗ္ဗာန်မသွား အပါယ်လားစေနိုင်သော မဂ္ဂင်တို့မှာ-

(၁) မိစ္ဆာဒိဋ္ဌိမဂ္ဂင်၊
(၂) မိစ္ဆာသင်္ကပ္ပမဂ္ဂင်
(၃) မိစ္ဆာဝါယာမမဂ္ဂင်
(၄) မိစ္ဆာသမာဓိမဂ္ဂင် တို့ဖြစ်ပါသည်။

ဣန္ဒြေ ၂၂-ပါးတို့တွင် နာမ်သက်သက် ဣန္ဒြေများမှာ-

(၁) မနိန္ဒြေ
(၂) သုခိန္ဒြေ
(၃) ဒုက္ခိန္ဒြေ
(၄) သောမနဿိန္ဒြေ

http://www.dhammadownload.com



(၅) ဒေါမနဿိန္ဒြေ
(၆) ဥပေက္ခိန္ဒြေ
(၇) သဒ္ဓိန္ဒြေ
(၈) ဝီရိယိန္ဒြေ
(၉) သတိန္ဒြေ
(၁၀) သမာဓိန္ဒြေ
(၁၁) ပညိန္ဒြေ
(၁၂) အနညာတညဿာမိတိန္ဒြေ
(၁၃) အညိန္ဒြေ
(၁၄) အညာတာဝိန္ဒြေ–တို့ဖြစ်ပါသည်။

❷ မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ရောက်သော ဟေတုတာ၊ မရောက်သေးသော ဟေတုတာတို့ကို ခွဲခြားဖြေဆို၍၊ လောကီစိတ်တို့၌ ဗောဓိပက္ခိယတရားများကို တရားကိုယ်ကောက်ထိုက်၊ မကောက်ထိုက်ကိုလည်း အဘိဓမ္မာပညာရှင်ပီပီ ရှင်းပြပါ။

မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ ရောက်သော ဟေတုတာမှာ–

ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော စိတ် ၈၈–ပါး၌ရှိသော ဟေတုတာ ဖြစ်ပါသည်။

မဂ္ဂင်, ဣန္ဒြေ, ဗိုလ်အဖြစ်သို့ မရောက်သော ဟေတုတာမှာ–

ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌ရှိသော ဟေတုတာ ဖြစ်ပါသည်။

လောကီစိတ်တို့၌ ဗောဓိပက္ခိယတရားများကို တရားကိုယ်ကောက်ထိုက်ပါသည်။

အကြောင်းမှာ– သီလဝိသုဒ္ဓိစသော လောကီဝိသုဒ္ဓိ ၆–ပါးတို့ ဖြစ်ရာအခါ ဝယ် လောကီကုသိုလ်၊ ကြိယာစိတ်တို့၌ ဗောဓိပက္ခိယတရားကိုယ်မှာ ထိုက်သည့်အား လျော်စွာ ယှဉ်ကြသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com



## ပစ္စည်းပိုင်း

❻ ပုဏ္ဏာတစ်ပုဒ်၏ အဖြေမှန်ကို တွေးကြံ၍ မသိသူအား "အဝိဇ္ဇာများလိုက်တာ"ဟုဆိုလျှင် သင့်/မသင့် အဘိဓမ္မာအမြင်ဖြင့် ရှင်းပြ၍ "သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ "၌ ဝိညာဏနှစ်ခု အရကိုလည်း ခွဲခြားကောက်ပြပါ။

ပုဏ္ဏာတစ်ပုဒ်၏ အဖြေမှန်ကို တွေးကြံ၍ မသိသူအား 'အဝိဇ္ဇာများလိုက်တာ'ဟု ဆိုလျှင် မသင့်ပါ။

အဘိဓမ္မာအမြင်ဖြင့် ရှင်းပြရသော်– ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်ဟူသော ဌာန(၈)မျိုးဆိုင်ရာတို့၌ မသိမှု 'မောဟ'သည်သာ 'အဝိဇ္ဇာ'ဖြစ်သောကြောင့်၊ ပုဏ္ဏာတစ်ပုဒ်၏ အဖြေမှန်ကို တွေးကြံ၍ မသိမှုမှာ အဝိဇ္ဇာမဟုတ်ပါ။ ထိုပုဏ္ဏာကို လေ့လာဖူးခြင်း မရှိ၍သော်လည်းကောင်း၊ ပုဏ္ဏာ၏အဖြေမှန်ကို တွေးကြံ၍ သိနိုင်သောဉာဏ် အားနည်း၍သော်လည်းကောင်း ဖြစ်နိုင်ပါသည်။

**သင်္ခါရပစ္စယာ ဝိညာဏံ**

အကျိုးဝိညာဏ၏ တရားကိုယ်မှာ– ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ၁၉–ပါးနှင့် ပဝတ္တိအခါ လောကီဝိပါက်စိတ် ၃၂–ပါး ဖြစ်ပါသည်။

**ဝိညာဏပစ္စယာ နာမရူပံ**

အကြောင်းဝိညာဏ၏ တရားကိုယ်မှာ– အတိတ်ဘဝ၌ လောကီကုသိုလ် အကုသိုလ်ကံဟူသော ကမ္မဝိညာဏ်နှင့် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော လောကီဝိပါက် ဝိညာဏ်များဖြစ်ပါသည်။

ဤသို့ ဝိညာဏနှစ်ခု ထူးပါသည်။

❼ အမိဝမ်း၌ အဘယ်အကြောင်းတရားများကြောင့် အဘယ်သဘာဝတရားများ ပေါင်းစပ်ဖြစ်ပေါ်လာမှုကို ပဋိသန္ဓေနေသည်ဟု ခေါ်ပါသနည်း။ ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ရှင်းပြ၍ သင်္ခါရနှင့် ကမ္မဘဝအထူးကိုလည်း သိသာခြားနားအောင် ဖြေဆိုပါ။

လောကီကုသိုလ်၊ အကုသိုလ်ဟူသော ကမ္မဘဝအကြောင်းကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော လောကီဝိပါက်ဆိုင်ရာ စိတ်၊ စေတသိက်နှင့် ကမ္မဇရုပ်များ စတင်ဥပါဒ် ဖြစ်ပေါ်လာခြင်းကို ပဋိသန္ဓေနေ(သန္ဓေတည် ကိုယ်ဝန်ရှိ)ဟု ခေါ်ပါသည်။

http://www.dhammadownload.com



## သင်္ခါရ နှင့် ကမ္မဘဝ (အထူး)

| သင်္ခါရ | ကမ္မဘဝ |
|---|---|
| (လောကီ ကုသိုလ်၊ အကုသိုလ်စေတနာ ၂၉-ပါး) | (လောကီ ကုသိုလ်၊ အကုသိုလ်စေတနာ ၂၉-ပါး) |
| (၁) မသိမှု အဝိဇ္ဇာ(ကိလေသဝဋ်)ကို အခြေခံ၍ ပြုလုပ်ခဲ့သော အတိတ်လောကီကုသိုလ် အကုသိုလ်စေတနာ (ကမ္မဝဋ်) ။ | (၁) လိုချင်မှု တဏှာ၊ စွဲလန်းမှု ဥပါဒါန် (ကိလေသဝဋ်)ကို အခြေခံ၍ ပြုလုပ်နေသော ပစ္စုပ္ပန် လောကီကုသိုလ် အကုသိုလ် စေတနာ (ကမ္မဝဋ်) ။ |
| (၂) ပစ္စုပ္ပန်အကျိုးတရား (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)တည်းဟူသော ဝိပါကဝဋ်ကိုဖြစ်စေသော အတိတ်အကြောင်းတရား(သင်္ခါရ= လောကီကုသိုလ်၊အကုသိုလ် စေတနာ) ကမ္မဝဋ်တရား။ | (၂) အနာဂတ်အကျိုးတရား(ဥပပတ္တိဘဝ-ဇာတိ၊ ဇရာ-မရဏ)တည်းဟူသော ဝိပါကဝဋ်ကို ဖြစ်စေသော ပစ္စုပ္ပန်အကြောင်းတရား(ကမ္မဘဝ= လောကီကုသိုလ်၊ အကုသိုလ် စေတနာ)ကမ္မဝဋ်တရား။ |
| (၃) ∴ ပစ္စုပ္ပန်(ဘဝ)ကာလတွင် အကျိုးပေးဖို့ရန် အတိတ် (ဘဝ)ကာလ၌ ပြုလုပ်ခဲ့သမျှသော လောကီ ကုသိုလ်၊ အကုသိုလ်စေတနာ။ | (၃) အနာဂတ်(ဘဝ)ကာလတွင် အကျိုးပေးဖို့ရန် ယခု ပစ္စုပ္ပန်(ဘဝ)ကာလ၌ ပြုလုပ်နေသော လောကီ ကုသိုလ်၊ အကုသိုလ်စေတနာ။ |

ဤသို့အားဖြင့် အတိတ်နှင့် ပစ္စုပ္ပန် လောကီကုသိုလ်-အကုသိုလ်စေတနာချင်း ထူးခြားမှု ရှိပါသည်။

❻ ပဋ္ဌာန်း (၂၄)ပစ္စည်းတို့ကို ပစ္စည်း၊ ပစ္စယုပ္ပန်အားလျော်စွာ သဘောတူရာ ပေါင်းစုခွဲခြား လိုက်လျှင် ဖြစ်ပေါ်လာသည့် ပစ္စည်း ၆-မျိုးကို ဖော်ပြ၍ ရူပဇီဝိတိန္ဒြေပစ္စည်း၏ ပစ္စယုပ္ပန္န မွေတို့ကိုလည်း ထုတ်ပြပါ။

| ပစ္စည်း | ပစ္စယုပ္ပန် | | ပစ္စယသတ္တိ |
|---|---|---|---|
| (၁) နာမ်-သည် | နာမ်-အား | = | အနန္တရ၊ သမနန္တရ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ။ ဤ ၆-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |
| (၂) နာမ်-သည် | နာမ်ရုပ်-အား | = | ဟေတု၊ ကမ္မ၊ ဝိပါက၊ ဈာန၊ မဂ္ဂ။ ဤ ၅-ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |

http://www.dhammadownload.com



| | | | |
|---|---|---|---|
| (၃) နာမ်–သည် | ရုပ်–အား | = | ပစ္ဆာဇာတ။ ဤ ၁–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |
| (၄) ရုပ်–သည် | ရုပ်–အား | = | ပုရေဇာတ။ ဤ ၁–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |
| (၅) ပညတ်၊ နာမ်၊ ရုပ်–သည် | နာမ်–အား | = | အာရမ္မဏ၊ ဥပနိဿယ။ ဤ ၂–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |
| (၆) နာမ်ရုပ်–သည် | နာမ်ရုပ်–အား | = | အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ။ ဤ ၉–ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ |

**ရုပဖီဝိတိန္ဒြိယပစ္စည်း၏ ပစ္စယုပ္ပန်ဓမ္မတို့မှာ** – ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် ၉–ပါး ဖြစ်ပါသည်။

❼ ပညတ်၏ သဘောသွားကို လေ့လာထားသူများ ဖြစ်သည့်အားလျော်စွာ "အဆိုတော်၏ အသံ"ဟူသည် မည်သည့်သဒ္ဒပညတ် ဖြစ်ပါသနည်း။ ရှင်းပြ၍ အောက်ပါသဒ္ဒပညတ်တို့၏ အမည်တို့ကိုလည်း တိကျစွာ ဖော်ပြပါ။

(က) စေတနာ (ခ) မြန်မာ (ဂ) ဗေလုဝ

'အဆိုတော်၏ အသံ'ဟူသည် ပရမတ္ထအားဖြင့် ထင်ရှားမရှိသောအနက်(အဆိုတော်) နှင့် ပရမတ္ထအားဖြင့် ထင်ရှားရှိသောအနက် (အသံ)တို့ကို ပေါင်းစပ်ထားခြင်းကြောင့် ''အဝိဇ္ဇာမာနေန–ဝိဇ္ဇမာန'' သဒ္ဒပညတ် ဖြစ်ပါသည်။

(က) စေတနာ = ဝိဇ္ဇာမာန သဒ္ဒပညတ်၊
(ခ) မြန်မာ = အဝိဇ္ဇမာန သဒ္ဒပညတ်၊
(ဂ) ဗေလုဝ = အဝိဇ္ဇမာန သဒ္ဒပညတ်၊

http://www.dhammadownload.com



## ကမ္မဋ္ဌာန်းပိုင်း

❶ ငါးဖြာအာရုံ ကာမဂုဏ်ကို အလွန်အကျွံ လိုက်စားသူတို့အား သီးခြားပေးရမည့် ကမ္မဋ္ဌာန်းတရားများကို ဖော်ပြ၍ တစ်ကမ္ဘာလုံး အေးချမ်းသာယာစွာ နေနိုင်ရေးမှာ မေတ္တာအရေးပါပေရာ ယင်းမေတ္တာကို ပွားများခြင်းကြောင့် ရရှိသော အကျိုးတရားများကိုလည်း ဖြေဆိုပါ။

ငါးဖြာအာရုံ ကာမဂုဏ်ကို အလွန်အကျွံလိုက်စားသူတို့အား သီးခြားပေးရမည့် ကမ္မဋ္ဌာန်းတရားများမှာ–

| | | | |
|---|---|---|---|
| အသုဘ ကမ္မဋ္ဌာန်း | | = | ၁၀–ပါး |
| ကာယဂတာသတိ ကမ္မဋ္ဌာန်း | | = | ၁–ပါး |
| ပေါင်း | ကမ္မဋ္ဌာန်း | = | ၁၁–ပါး ဖြစ်ပါသည်။ |

မေတ္တာကို ပွားများခြင်းကြောင့် ရရှိနိုင်သော အကျိုးများမှာ–

ရူပ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ထိတိုင်အောင် စတုက္ကဈာန် ၄–ပါးလုံးကို ရနိုင်ပါသည်။

❷ (က) ရုပ်တရား၏ အကြောင်း (ခ) စေတသိက်နာမ်တရား၏ အကြောင်း (ဂ) စိတ်နာမ်တရား၏ အကြောင်းတို့ကို ဖော်ပြ၍ ဈာန်ရတိုင်း ကောင်းကင်ပျံနိုင်၊ မပျံနိုင် ရှင်းပြပါ။

(က) ရုပ်တရား၏ အကြောင်းမှာ = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ တို့ဖြစ်ပါသည်။

(ခ) စေတသိက်နာမ်တရား၏ အကြောင်းမှာ = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ ဖဿ တို့ဖြစ်ပါသည်။

(ဂ) စိတ်နာမ်တရား၏ အကြောင်းမှာ = အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ နာမ်ရုပ် တို့ဖြစ်ပါသည်။

ဈာန်ရတိုင်း ကောင်းကင်သို့ မပျံနိုင်ပါ။

အကြောင်းမှာ– အနည်းဆုံး ရူပါဝစရ ပဉ္စမဈာန်ရပြီးသော ပုဂ္ဂိုလ်သည် ဣဒ္ဓိဝိဓ အဘိညာဉ်အဆင့်သို့ ရောက်အောင်အားထုတ်နိုင်ပြီးမှသာ ကောင်းကင်ပျံနိုင်ပါသည်။ ထို့ကြောင့် ဈာန်ရတိုင်း ကောင်းကင်မပျံနိုင်ပါ။

http://www.dhammadownload.com



၁၀ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား အဘယ်အခါ၌ ပုထုဇဉ်အနွယ်ဆုံး၍ အရိယာအနွယ်သို့ ရောက်ပါသနည်း။ ဖြေဆို၍ နိရောဓသမာပတ် ဝင်စားနေခိုက် သေနိုင် မသေနိုင်ကိုလည်း အဘိဓမ္မာနည်းအရ ဆုံးဖြတ်ချက်ချခဲ့ပါ။

ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်နေသော ယောဂီပုဂ္ဂိုလ်အား ဂေါတြဘူစိတ်ဖြစ်သောအခါ၌ ပုထုဇဉ်အနွယ်ဆုံး၍ အရိယာအနွယ်သို့ ရောက်ရှိပါသည်။

နိရောဓသမာပတ် ဝင်စားနေခိုက် မသေနိုင်ပါ။

အကြောင်းမှာ– သေခြင်းဆိုသည်မှာ စုတိစိတ်ဖြစ်၍ ချုပ်မှသာ သေသည်ဟု ဆိုနိုင်သည်။ နိရောဓသမာပတ် ဝင်စားနေချိန်၌ စိတ်အစဉ်ချုပ်နေသည့်အတွက် စုတိစိတ် မဖြစ်နိုင်ပါ။ ထို့ကြောင့် နိရောဓသမာပတ် ဝင်စားနေခိုက် မသေနိုင်ပါ။

http://www.dhammadownload.com